# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၃၁၀)


# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ

## နိုင်ငံတကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအကယ်ဒမီကို နိုင်ငံတကာအဖွဲ့အစည်းထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကချင်ပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးဇော်ဝင်းအား ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ချောင်းဝကျေးရွာအုပ်စုရှိ ဆင်းကူး(သိုက်ကုန်း)ကျေးရွာအား ဇရိယာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌက ခြောက်လတာကာလ (၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်မှ ၂၀၁၉ ခုနှစ်၊ ဧပြီ ၉ ရက်အထိ ) လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပါမောက္ခချုပ်များကော်မတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ အခြေခံပညာရေးကဏ္ဍ၊ ဆရာအတတ်ပညာကဏ္ဍ၊ နည်းပညာ၊

*စာမျက်နှာ ၇ ကော်လံ ၁* ◆



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပစဉ်။ သတင်းစဉ်

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာ » ၈

**မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေပြဋ္ဌာန်း**

စာ » ၁၀

## လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် နေရာကွက်မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၅**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာမည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ

*စာမျက်နှာ ၃ ကော်လံ ၅* ❍


C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

မြန်မာ့အလင်း

# ရုပ်ရှင်နှင့် ကလေးသူငယ်

ပုံနှိပ်မီဒီယာ၊ ရုပ်သံမီဒီယာ အသီးသီးတို့သည် လူမှုအဆောက်အအုံပေါ် ဩဇာလွှမ်းမိုးမှုများစွာရှိ၏။ သည်လိုထဲမှာမှ အနုပညာပါဝင်သော ဝတ္ထု၊ ကဗျာ၊ သီချင်း၊ ဂီတ၊ ပြဇာတ်၊ သဘင်၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားဇာတ်လမ်း စသည်တို့ကပို၍ ဩဇာသက်ရောက်၏။ အထူးသဖြင့် လူငယ်နှင့် ကလေးသူငယ်များအပေါ်တွင် ပိုမိုလွှမ်းမိုးနိုင်စွမ်းရှိ၏။

ထို့ကြောင့်ပင် ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံကြီးများ အထူးသဖြင့် ဒီမိုကရေစီအသားကျပြီး တိုးတက်ထွန်းကားနေသော နိုင်ငံကြီးများသည် အထက်ပါ မီဒီယာများက ထုတ်လွှင့်ပြသမှုတို့ကို စနစ်တကျ စိစစ်ကန့်သတ်လေ့ရှိပါသည်။ အဓိကအားဖြင့်မူ ကလေးသူငယ်များအပေါ် ဩဇာလွှမ်းမိုးမှုကြီးမားသော ရုပ်ရှင်၊ ရုပ်မြင်သံကြားတို့ကို စနစ်တကျ စိစစ်ကန့်သတ်ပေး၏။ စနစ်တကျဟုဆိုရခြင်းမှာ အနုပညာလွတ်လပ်ခွင့်ကို မထိပါးသကဲ့သို့ ကြည့်ရှုသူတို့၏ အခွင့်အရေးကိုလည်း မျှတစေခြင်းကို ဆိုလိုခြင်းဖြစ်၏။

အဓိကအားဖြင့်မူ ကလေးသူငယ်တို့ကို အကာအကွယ်ပေးနိုင်ရေး အလေးထားခြင်းဟု ဆိုရမည်ထင်ပါသည်။ ထို့ကြောင့် သတင်းများ၊ သတင်းဓာတ်ပုံများနှင့် ရုပ်ရှင်၊ ရုပ်မြင်သံကြားတို့တွင် အကန့်အသတ်များဖြင့်သာ ပြသနိုင်ရန် အစီအမံအကွပ်အကဲများ ထားရှိခြင်းဖြစ်ပါသည်။ သတင်းနှင့် သတင်းဓာတ်ပုံများက သတင်းသမားကျင့်ဝတ်များဖြင့် ထိန်းသိမ်းထားလေ့ရှိပြီး ရုပ်ရှင်နယ်ပယ်တွင်မူ အများကြည့်ရှုရန် သီးခြားသတ်မှတ်ထားသည့် ကန့်သတ်မှုများဖြင့် ပိုင်းခြားထားလေ့ရှိသည်။

အချို့သော ပြကွက်များသည် ကလေးသူငယ်များ၊ လူငယ်များအတွက် မသင့်လျော်ဟူသည့်သဘောဖြင့် သည်လိုစနစ်တကျ သတ်မှတ်ကန့်သတ်ရခြင်းဖြစ်ပါသည်။ စက်ဆုပ်ရွံရှာဖွယ်ရာပြကွက်များ၊ အလွန်ရက်စက်ကြမ်းကြုတ်လွန်းသော ပြကွက်များ၊ စာရိတ္တဆိုင်ရာ ပြဿနာရှိသော ညစ်ညမ်းပြကွက်များ၊ သွေးသံရဲရဲဖြင့် လွန်လွန်ကျူးကျူးပြကွက်များအားကြည့်ခြင်းဖြင့် ထိတ်လန့်တုန်လှုပ်စေခြင်း၊ ကြောက်လန့်အသည်းငယ်စေခြင်း အစရှိသည်တို့ ကို ကြည့်ရှုသူတို့၏ အသက်အလိုက် အကန့်အသတ်များ ပြုလုပ်ထား၏။

ဥပမာအားဖြင့် **X rated** (အိတ်ခ်ိစ် သတ်မှတ်ချက်)၊ **R rated** (အာရ်သတ်မှတ်ချက်)၊ **PG13** (ပီဂျီ ၁၃ သတ်မှတ်ချက်) အစရှိသည်ဖြင့်။

**PG13** (ပီဂျီ ၁၃ သတ်မှတ်ချက်) ဆိုလျှင် အသက် ၁၃ နှစ်အောက် ကလေးသူငယ်များကို မိဘထိန်းကွပ်မှုမပါဘဲ ကြည့်ခွင့်မပြု။ **X rated** (အိတ်ခ်ိစ် သတ်မှတ်ချက်) ဆိုလျှင် အသက် ၁၈ နှစ်အောက် မကြည့်ရ။ **R rated** (အာရ်သတ်မှတ်ချက်)ဆိုလျှင် အသက် ၁၇ နှစ်အောက် မိဘမပါဘဲ ကြည့်ရှုခွင့်မပြုရန် ကန့်သတ်ထားခြင်း စသည်တို့ဖြစ်၏။

ထိုကန့်သတ်ချက်များကို တင်းတင်းကျပ်ကျပ်ကိုင်တွယ်ကာ ထိထိရောက်ရောက် အရေးယူလေ့ရှိ၏။ လွတ်လပ်မှုတွင် စံပြုလေ့ရှိသော အမေရိကန်နိုင်ငံလို နိုင်ငံတွင်ပင် ထိုအကန့်အသတ်များကို လိုက်နာရ၏။ ဆဲဆိုသော စကားလုံးများကို အများပြည်သူကြည့် ရုပ်မြင်သံကြားတွင် အသံကိုဖျောက်ကာ ဖော်ပြရသည်။ အထက်တွင်ဆိုခဲ့သည့် သတ်မှတ်ချက်များအတိုင်း လိုက်နာရ၏။

တိုးတက်ဖွံ့ဖြိုးသည့် လူမှုအဆောက်အအုံ၊ ယဉ်ကျေးသည့် လူမှုဝန်းကျင်တို့ကို တည်ဆောက်ကြရာတွင် ငယ်ရွယ်သူတို့၏ သဘာဝကို အလေးမူကာ ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးရန်မှာ နိုင်ငံရေးစနစ်တွင်လည်းကောင်း၊ လူမှုအဖွဲ့အစည်းအတွင်း ရှိသူများအားလုံးတွင်လည်းကောင်း တာဝန်ရှိပေသည်။

စိတ်ထားနုနယ်သူများအဖို့၊ အသည်းငယ်တတ်သူများအဖို့ ရင့်ကျက်မှုအချိန်သို့ မရောက်မီကာလတွင် လူမှုအဖွဲ့အစည်းက ဝိုင်းဝန်းကာကွယ်ပေးကြရန် လိုအပ်ပါမည်။

မြန်မာ့ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားတို့တွင်လည်း သည်လိုစနစ်တကျ ကန့်သတ်မှုများ လိုအပ်မည်ဟု ယူဆပါသည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံခြားရုပ်ရှင်များ၊ ရုပ်မြင်သံကြား ဇာတ်လမ်းများတွင် ကန့်သတ်ထားသည့် သတ်မှတ်ချက်များကို တွေ့ရပါသည်။

သို့သော်လည်း အချို့သော ရုပ်ရှင်ရုံများတွင် ကန့်သတ်တားမြစ်သတ်မှတ်ချက်များပါဝင်သည့် ရုပ်ရှင်အချို့ကို နမူနာကားအဖြစ် အလွယ်တကူပြသနေသည်ကို သတိပြုမိပါသည်။ အထူးသဖြင့် ကလေးများ နှစ်သက်သဘောကျမည့် ရုပ်ရှင်ဇာတ်ကားများ မပြသမီပြသခြင်းဖြစ်သည့်အတွက် အထူးသတိပြုရန်လိုပါမည်။

စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများ၊ သတ်မှတ်တားမြစ်မှုများဟူသည် လူမှုအဆောက်အအုံကို ပိုမိုတိုးတက်ရေး၊ လူများစု၏ အခွင့်အရေးကို ရရှိစေရေး၊ လူအများ နစ်နာထိခိုက်နိုင်မှုများက ကာကွယ်ပေးနိုင်ရေးတို့အတွက် အရေးကြီးသည်ဖြစ်ရာ ဤသို့သော အခြင်းအကြောင်း အရာကိစ္စများကိုလည်း စနစ်တကျဖြစ်စေရေး သတိပြုကြရန် လိုပါမည်ဟု နှိုးဆော်လိုက်ရပါသတည်း။ ။

## တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်၊ ၁၃ မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူး အယူခံမှု ၁၃ မှုကို ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွင်း အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဩဂုတ် ၅

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွင်း တစ်နိုင်ငံလုံး ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်ကဏ္ဍများ၌ အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



**၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွင်း အခွန်အများဆုံးထမ်းဆောင်ခဲ့သည့် အခွန်ထမ်းတစ်ဦးအား ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်စဉ်။**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နိုင်ငံတော်အနေနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ကြုံနေရသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ရေး UMFCCI မှာ ဒုတိယသမ္မတ ဦးဆောင်ပြီး လစဉ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခွန်ထမ်းကြီးများအပါအဝင် အခွန်ထမ်းပြည်သူများ ထမ်းဆောင်ထားသော အခွန်ငွေများဖြင့်ပင် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံသူ၊ နိုင်ငံသားများပါဝင်မှ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များမပါဘဲ နိုင်ငံတော်ကြီးတိုးတက်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ ယခင်အခွန်ထမ်းများကို အခွန်ရုံးက စည်းကြပ်ခဲ့ပြီး ပြောင်းလဲကျင့်သုံးသည့်စနစ်အရ အခွန်ထမ်းများအနေဖြင့် မိမိတို့ထမ်းဆောင်ရမည့်အခွန်ကို မိမိတို့ကိုယ်တိုင်တွက်ချက်စည်းကြပ်သည့်စနစ်ဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့သဖြင့် ပိုမိုအောင်မြင်မှုရမည်ဟု ယုံကြည်ပါကြောင်း၊ အချို့အခွန်ထမ်းများအနေဖြင့် အခွန်စာရင်းစစ်ဆေးခံရခြင်းအပေါ် နားလည်လွဲမှားမှုများရှိနေသည်ဟု သိရပါကြောင်း၊ ယခုကျင့်သုံးသည့် အခွန်စီမံခန့်ခွဲမှုစနစ်အရ အခွန်ထမ်းအားလုံးအား စာရင်းစစ်ဆေးရန် မဖြစ်နိုင်သဖြင့် စနစ်နှင့်အညီ ရွေးချယ်ပြီး အခွန်စာရင်းစစ် ခံယူကြရမည်ဆိုသည်ကို အသိပေးလိုပါကြောင်း၊ ဒါဟာ လုပ်ငန်းစဉ်တစ်ရပ်အနေနှင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

အခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်များအား ချီးမြှင့်ပွဲတွင် အခွန်နှင့်သက်ဆိုင်သော ဂုဏ်ပြုမှတ်တမ်းခြောက်ခုရရှိခဲ့သည့် Grand Royal Group မှ ဦးအောင်မျိုးကျော် (Co- Chairman) က "ကျွန်တော်တို့ကုမ္ပဏီစုအနေနဲ့ မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်အနေနဲ့ ရပ်တည်ဖို့က အခွန်ကဏ္ဍနဲ့ ပတ်သက်လို့ လုပ်ထုံးလုပ်နည်းတွေ၊ လိုက်နာရမယ့်ဥပဒေတွေကို စနစ်တကျ လိုက်နာဆောင်ရွက်နေပါတယ်။ အခုလို နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့အပေါ် အသိအမှတ်ပြုပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်" ဟု အခမ်းအနားအပြီးတွင် အခွန်နှင့်ပတ်သက်၍ ပြောကြားသည်။

ယနေ့ကျင်းပသော ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွင်း နိုင်ငံတစ်ဝန်းနှင့် တိုင်းဒေသကြီးအတွင်း အခွန်အများဆုံး ထမ်းဆောင်ခဲ့ကြသော လုပ်ငန်းရှင် အခွန်ထမ်းကြီးများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဒုတိယလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး အခွန်ထမ်း စုစုပေါင်း ၂၀၃ ဦးကို ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၅**

ကတိုင်တိတွင် ၆ ဒသမ ၂၅ လက်မ၊ ဂွမြို့တွင် ၅ ဒသမ ၅၁ လက်မ၊ သံတွဲမြို့တွင် ၅ ဒသမ ၃၉ လက်မ၊ ကျိုက္ခမီမြို့တွင် ၅ ဒသမ ၁၆ လက်မ၊ ပိုင်ကျုံမြို့တွင် ၅ ဒသမ ၀၂ လက်မ၊ ရွှေကျင်မြို့တွင် ၅ ဒသမ ၀၀ လက်မ၊ မုဒုံမြို့တွင် ၄ ဒသမ ၉၂ လက်မ၊ ကော့ကရိတ်မြို့တွင် ၄ ဒသမ ၈၄ လက်မ၊ မြောင်းမြမြို့တွင် ၄ ဒသမ ၈၀ လက်မ၊ လှိုင်းဘွဲမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ လောင်းလုံးမြို့တွင် ၄ ဒသမ ၅၇ လက်မ၊ မာန်အောင်မြို့တွင် ၄ ဒသမ ၃၇ လက်မ၊ တောင်ကုတ်မြို့နှင့် ပုသိမ်မြို့တို့တွင် ၄ ဒသမ ၂၅ လက်မစီ၊ မြိတ်မြို့တွင် ၄ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**




## မြန်မာ့ပင်လယ်ပြင် လှိုင်းအလွန်ကြီးမည်

**နေပြည်တော် ဩဂုတ် ၅**

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၅**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာရှိမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေးဆိုသည့် စံ (၅) ချက်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ၂၀၁၅ ခုနှစ် ဇွန်လတွင် ရေးဆွဲခဲ့သည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code Of Conduct)ကို ကာလအခြေအနေနှင့် ကိုက်ညီရန် ပြင်ဆင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံညှိနှိုင်းပြီးဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးသူရိန်သန့်ဇင်အား ဆားဘီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဩဂုတ် ၆**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသူရိန်သန့်ဇင်အား ဆားဘီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **သတင်းစဉ်**

## အမြဲတမ်းအတွင်းဝန် ဦးမြင့်သူအား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဩဂုတ် ၆**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူအား ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*
လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# REDD+ တွင် လုံခြုံမှုအစီအမံများချမှတ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းနှင့် ဝါးအခြေခံလက်မှုပညာသင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၅**
REDD+ တွင် လုံခြုံမှုအစီအမံများ ချမှတ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုအထောက်အကူပြု ဝါးအခြေခံလက်မှုပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် သစ်တောသုတေသနဌာန ရေဆင်း စုဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ကမ္ဘာနှင့်အဝန်း ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပြီး ကမ္ဘာ့မိသားစုနိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို ခံစားလျက်ရှိနေသည်။ လွန်ခဲ့သည့် ၁၀ နှစ်နှင့်နှိုင်းယှဉ်ကြည့်လျှင် နှစ်စဉ်နှစ်တိုင်းအပူချိန်လွန်ကဲမှုများ၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ ရာသီဥတုပြောင်းလဲမှု၏ အကြောင်းအရင်းများဖြစ်သည့် လုပ်ငန်းကဏ္ဍအသီးသီးမှ ထုတ်လွှတ်သည့် ဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လေထုအတွင်း များပြားလာခြင်း၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရန်အတွက် ကမ္ဘာနှင့်အဝန်း သစ်တောကြွယ်ဝသည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် REDD+ လုပ်ငန်းများကို အကောင်အထည်ဖော်ကြိုးပမ်းကြပြီး ယနေ့အချိန်အထိ နိုင်ငံပေါင်း ၆၄ နိုင်ငံမှ UN-REDD Programme၏ အဖွဲ့ဝင်နိုင်ငံအဖြစ် တက်ကြွစွာဆောင်ရွက်လျက်ရှိပါကြောင်း သိရသည်။

ယနေ့ ကမ္ဘာပေါ်တွင် ဝါးမျိုးစုပေါင်း၇၅ မျိုး၊ ဝါးမျိုးစိတ်ပေါင်း ၁၂၅၀ ခန့် ပေါက်ရောက်ပြီး မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၁မျိုးနှင့် ဝါးမျိုးစိတ် ၁၀၂ မျိုးခန့်ရှိသည်။ မြန်မာနိုင်ငံတွင် ဝါးမျိုးစိတ် ၁၀၂ မျိုးရှိသည့်အနက် စီးပွားရေးအရ အသုံးဝင်ဝါးမျိုးဖြစ်သည့် တင်း၊ မျှင်၊ ကြသောင်း၊ ဝါးဘိုး၊ ဝါးနီ အစရှိသည့်ဝါးမျိုးစိတ် ၁၈ မျိုးခန့်ရှိကြောင်း လေ့လာတွေ့ရှိမည်ဖြစ်သည်။

ဝါးတောပေါက်ရောက်မှုအနေဖြင့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ဝါးတောရေိယာ တတိယပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တိုးတက်နေသည့် နည်းပညာများကို အသုံးပြုပြီး ဝါးမှအိမ်ဆောက်ပစ္စည်းများ၊ ဝါးပါကေး၊ စက္ကူပျော့ဖတ်၊ မီးသွေး၊ လက်မှုပစ္စည်းအမျိုးမျိုး ထုတ်လုပ်သည့်အပြင် ဗင်နီကာ (Vinegar)၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ ရေမွှေး၊ အနံ့အသက်ပျောက်ဆေး၊ အဝတ်အထည်၊ စက်ဘီး၊ အဖျော်ယမကာနှင့် မျှစ်အခြေခံအဆင့်မြင့် စားသောက်ကုန်အမျိုးမျိုးထုတ်လုပ်ခြင်းဖြင့် များပြားလှသည့်ဝင်ငွေများ နှစ်စဉ်ရရှိနေမည်ဖြစ်ကြောင်း သိရသည်။





ထို့ကြောင့် ယခုဖွင့်လှစ်သော ကျေးလက်ဒေသဖွံ့ဖြိုးမှု အထောက်အကူပြုဝါးအခြေခံ လက်မှုပညာသင်တန်းမှတစ်ဆင့် ဝါးအခြေခံလက်မှုပညာရပ်များကို တတ်မြောက်ကျွမ်းကျင်အောင် လေ့လာသင်ယူခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ နေ့စဉ် အသက်မွေးဝမ်းကျောင်းစီးပွားရေးလုပ်ငန်း တစ်ခုအဖြစ် လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာရှိကြီးများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားများ၊ သုတေသီများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ်းနားလမ်းညဈေးကို ယခုနှစ်အတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန်ပြောကြား

**ရန်ကုန် ဩဂုတ် ၅**
ကမ်းနားလမ်းညဈေးကို ယခုနှစ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

ဩဂုတ် ၅ ရက်က ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ၌ မီဒီယာများ၏ မေးမြန်းမှုကို ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

“ ညဈေးဘယ်တော့လဲ ဆိုတော့ ဒီနှစ်မှာ ပြီးအောင်တော့ ကျွန်တော်တို့ အကောင်အထည်ဖော်ပါမယ်။ ရှေ့လထဲမှာ စပြီးတော့ လုပ်တော့မယ်” ဟု ဦးမောင်မောင်စိုးက ပြောသည်။

အဆိုပါ ညဈေးကို ရွှေတိဂုံဘုရားလမ်းနှင့် ပန်းဆိုးတန်းလမ်းကြားရှိ ကမ်းနားလမ်း ဧရိယာပေါ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကာ PPP စနစ်ဖြင့် A25 ကုမ္ပဏီက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ညဈေးကို ငွေကြေးထက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

“ ညဈေးကို ဖွံ့ဖြိုးဖို့အတွက် ပွင့်ပွင့်လင်းလင်းပြောတာ။ ငွေကအဓိက မဟုတ်ဘူး။ ဖွံ့ဖြိုးတိုးတက်မှုက အဓိက၊ ဖွံ့ဖြိုးတိုးတက်ပြီး အရောင်းအဝယ်စည်ကားလာရင် ငွေဆိုတာ အော်တိုမစ်တစ် နောက်ကလိုက်လိမ့်မယ်။ ငွေနောက်လိုက်နေရင် အလုပ်ဘယ်တော့မှမဖြစ်ဘူး။ အလုပ်နောက်လိုက်မှ ငွေက နောက်ကလိုက်မှာဆိုတဲ့အတွက်ကြောင့် ကျွန်တော်အလုပ်ကိုပဲအဓိကထားတယ်” ဟု ဦးမောင်မောင်စိုးက ပြောသည်။

အဆိုပါ ညဈေးမှာ မြို့ကြီးများတွင်ရှိကြပြီး ရန်ကုန်၌ ပြုလုပ်မည့် ညဈေးသည် အောင်မြင်မည်ဖြစ်ကာ ယင်းညဈေးမှတစ်ဆင့် အလုပ်အကိုင်များလည်း ရရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် ညဈေးသို့ လာရောက်သူများအတွက် အပန်းဖြေမည့်နေရာများကိုပါ ထည့်သွင်းပေးသွားမည် ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(YCDC)မှ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ပြောသည်။

“အဲဒီမှာ အဟောင်းဈေးသည်တွေ ပြန်ချပေးဖို့ရှိပါတယ်။ ကားပါကင်နေရာတွေလည်း ရှိပါတယ်။ နောက်ပြီးတော့ တချို့ပိုပြီးတော့ ကောင်းတဲ့ဆိုင်တွေအတွက် ကွန်တိန်နာနေရာတွေ ရှိပါတယ်။ လက်ရှိရောင်းချနေတဲ့ ဈေးသည် ၇၀ ကျော် ရောင်းချပေးတဲ့နေရာဆိုပြီး လေးပိုင်းပါဝင်တဲ့အပြင်မှာ လာတဲ့သူတွေ အတွက်ကို ဖျော်ဖြေပေးနိုင်မယ့် အပန်းဖြေမယ့်နေရာလေးတွေ ပါဝင်မှာဖြစ်ပါတယ်”ဟု ဒေါ်လှိုင်မော်ဦးက ပြောသည်။

ထို့ပြင် ရောင်းချမည့် ဈေးဆိုင်ခန်း ဈေးနှုန်းများမှာ အမျိုးမျိုးရှိပြီး ဆိုင်ခန်းများ ပြင်ဆင်ပြီးပါက ဈေးသည်များကို နေရာပြန်လည်ချထားပေးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညဈေးဖွင့်လှစ်ရခြင်းမှာ ကမ်းနားလမ်း ညဈေးတန်းကို ပြန်လည်အဆင့်မြှင့်တင်သည့် အစီအစဉ် ဖြစ်ပြီး ငွေကျပ် နှစ်ဘီလီယံကုန်ကျမည် ဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဩဂုတ် ၅**
နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံသည်းထန်နိုင်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)မှ စောနေစိုးမြနှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌တွေ့ဆုံ၍ တပ်ဖွဲ့ဝင်များ၏ စားဝတ်နေရေး၊ လူမှုရေးနှင့် ပညာရေးဖြည့်ဆည်းပေးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အကူအညီများ ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးကြသည်။

**ကူညီဆောင်ရွက်ပေးလျက်ရှိ**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး NCA သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုး၍ နိုင်ငံတော်၏ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)မှ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် မိသားစုများ၏ ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဥပဒေ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများ၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ရေယာဉ်သုံးစင်း အသစ်တည်ဆောက်ခွင့်ပြု**

အဆိုပါ တပ်ဖွဲ့ဝင်မိသားစုများ၏ စားဝတ်နေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တည်ဆဲမြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်အညီ တရွတ်ဆွဲသံခွံငါးဖမ်း ရေယာဉ်သုံးစင်း အသစ်တည်ဆောက်ခွင့်ပြုပေးခဲ့ပြီး ကော့ကရိတ်မြို့နယ်ရှိ ဝိဇ္ဇာကုန်းကျေးရွာနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကြိမ်ချောင်းကျေးရွာတို့၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သန်း ၃၀ နှုန်းဖြင့် မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာထူထောင်ခြင်း၊ နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် မေထုန်မဲ့သားစပ်လုပ်ငန်းအတွက် နို့စားနွားအေးခဲမျိုးရေခဲချောင်း ၁၃၅ ချောင်း၊ အသားစားနွားအေးခဲမျိုးရေခဲချောင်း ၁၀ ချောင်းနှင့် ခိုင်းနွား အေးခဲမျိုးရေခဲချောင်း ၁၃၅ ချောင်းတို့ကို ဖြန့်ဖြူးပေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**တည်ဆဲဥပဒေများနှင့်အညီ ကူညီပေး**

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် ငြိမ်းချမ်းရေးအရ ပြန်လည်ဝင်ရောက်လာကြမည့် အိမ်ထောင်စုများအတွက် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကရင်ပြည်နယ်အစိုးရက ထောက်ပံ့ရန်ပုံငွေကျပ်သန်း ၅၀၀ ခွင့်ပြုထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာအကူအညီများနှင့် ငါးသားပေါက်များ ဖြန့်ဖြူးကူညီပေးသွားမည်ဖြစ်ကြောင်းနှင့် မြေယာအသုံးချခြင်းဆိုင်ရာအတွက် တည်ဆဲဥပဒေများနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်နိုင်ငံ စီးပွားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီးနှင့် နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၅

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ရန်ချင်းခရိုင်၌ ခြောက်လကြာ ကျင်းပလျက်ရှိသည့် International Horticulture Expo 2019 ပြပွဲကာလအတွင်း ဩဂုတ် ၄ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနေ့အခမ်းအနားသို့ တက်ရောက်ခဲ့သည်။**

မြန်မာနေ့အခမ်းအနားကို International Horticulture Expo Guirul Theater ၌ နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်တောရေးရာဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် International Horticulture Expo ၏ Deputy Commissioner General , Mr. Zhao Liangping တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ မြန်မာ့ယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ မြန်မာနေ့အခမ်းအနားသို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တရုတ်နိုင်ငံမှ ပရိသတ်များ တက်ရောက်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်နိုင်ငံ စီးပွားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ လင်ချန်ကန်းနှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**အမှာစကားပြောကြား**

မွန်းလွဲပိုင်းတွင် မြန်မာ့ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲကို ပေကျင်းမြို့ Ocean Spring ဟိုတယ်တွင်ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် အာဆီယံ-တရုတ် စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Xu Ningning တို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြသည်။

ဆက်လက်၍ တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) မှ ညွှန်ကြားရေးမှူး Dr. Zhao Yifang က တရုတ်နိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးနှင့် ရေထွက်ကုန်ပစ္စည်းများတင်ပို့ရာတွင် သိရှိသင့်သည့် လုပ်ငန်းစဉ်များနှင့် စည်းမျဉ်းများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး စီးပွားရေးချိတ်ဆက်မှုများ ဆောင်ရွက်နိုင်ခဲ့ကြသည်။ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေးညှိနှိုင်း**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ စီးပွားရေးဝန်ကြီးဌာန (MOFCOM) သို့ သွားရောက်၍ တရုတ်နိုင်ငံ စီးပွားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ လင်ချန်ကန်းနှင့်တွေ့ဆုံ၍ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေးကိစ္စ၊ နာနတ်သီး၊ ထောပတ်သီး အပါအဝင် မြန်မာ့သစ်သီးဝလံများ အရည်အသွေးစစ်ဆေးမှုကို အရှိန်အဟုန်မြှင့်တင်၍ တိုးမြှင့်တင်ပို့နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် China Oil & Food Cooperation Co., Ltd (COFCO) ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) နှင့် COFCOM တို့အကြား ချုပ်ဆိုထားသော ဆန် Quota တန်တစ်သိန်း ဝယ်ယူရေး အကောင်အထည်ဖော်နိုင်ရေးကိစ္စကို ဆွေးနွေးကြပြီး CITIC Construction Co.,Ltd ဥက္ကဋ္ဌနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ ပိုမိုဝယ်ယူရေး၊ လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီနှင့် CTFMR အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၅**

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီနှင့် CTFMR တို့ တွေ့ဆုံဆွေးနွေးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ဦးဆောင်သော လုပ်ငန်းကော်မတီအဖွဲ့နှင့် Country Task Force on Monitoring and Report (CTFMR)အဖွဲ့တို့တွေ့ဆုံ၍ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများ ဟန့်တားကာကွယ်နိုင်ရေး အမျိုးသားအဆင့်တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် CTFMR အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးများနှင့်ပတ်သက်၍ ပြည်သူ ပြည်သားများ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာ (UPR) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးများနှင့် ပတ်သက်၍ ပြည်သူ ပြည်သားများ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအသီးသီးသည် မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းအလိုက် ဥပဒေများဖော်ဆောင်ခြင်းဖြင့် ပြည်သူများ အခြေခံလူ့အခွင့်အရေးများ ခံစားရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဖော်ဆောင်မှုများကို UPR လုပ်ငန်းစဉ်ဖြင့် ကမ္ဘာက သိအောင်ဆောင်ရွက်ပေးနိုင်ရန် ပူးပေါင်းဆွေးနွေးကြမည်ဖြစ်ကြောင်း။

UPR ဟုခေါ်သည့် Universal Periodic Review လုပ်ငန်းစဉ်ကို ၂၀၀၆ ခုနှစ်တွင် အစပြုခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက် ဆောင်ရွက်လျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာများကို အစီရင်ခံစာတင်သွင်းခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပထမအကြိမ် အစီရင်ခံစာအား ၂၀၁၁ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးသို့ တင်သွင်းခဲ့ကြောင်း၊ တတိယအကြိမ် အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် တင်သွင်းရမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံပေါင်း ၉၃ နိုင်ငံမှ အကြံပြုတိုက်တွန်းချက် ၂၈၁ ချက်အနက် ၁၆၆ ချက်ကို မြန်မာနိုင်ငံက လက်ခံခဲ့ပြီး ကဏ္ဍ (၁၂) ရပ်ခွဲကာ လုပ်ငန်းကော်မတီ (၁၂) ရပ်ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကျား/မ တန်းတူညီတူရှိမှု မြှင့်တင်ရေးနှင့် ထိခိုက်ခံစားလွယ်သော အုပ်စုများ ကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီနှင့် ခွဲခြားမှုမပြုရေးဆိုင်ရာ လုပ်ငန်းကော်မတီ (၂) ရပ်တို့တွင် အကြံပြုချက်ပေါင်း ၃၀ ကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အစီရင်ခံစာ တင်သွင်းမည်ဖြစ်ကြောင်း၊ ကလေးသူငယ်အခွင့်အရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် အစီရင်ခံစာ သုံးကြိမ် တင်သွင်းထားခဲ့ပြီး ပဉ္စမနှင့် ဆဋ္ဌမအကြိမ် နိုင်ငံအဆင့် ပူးတွဲအစီရင်ခံစာ တင်ပြနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကိုလည်း ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၂/၂၀၁၉ ဖြင့် ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသမီးများ အကြမ်းဖက်မှုအပေါ် တားဆီးကာကွယ်ရေးဥပဒေကိုလည်း အကောင်အထည်ဖော်လျက်ရှိပြီး ပြည့်တန်ဆာဆိုင်ရာ ဥပဒေ (မူကြမ်း) ကိုလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း၊ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူ ၁၈၈ ဦးဖြင့် မြို့နယ်များအထိ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကလေးသူငယ်နှင့် အမျိုးသမီးကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ သာမက သက်ကြီးရွယ်အို၊ မသန်စွမ်းအစရှိသော ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့်အုပ်စုများအတွက် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ One Stop Women Support Center (OSWSC) ကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ လားရှိုးမြို့နှင့် မော်လမြိုင်မြို့များတွင် ဖွင့်လှစ်ထားပြီး အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် ကျန်းမာရေး၊ တရားရင်ဆိုင်နိုင်ရေး၊ စိတ်လူမှုရေးပိုင်းဆိုင်ရာပံ့ပိုးမှုရရှိရေးနှင့် နောက်ဆက်တွဲငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃ -၂၀၂၂) ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲ (၄)ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို လူမှုဝန်ထမ်းနည်းဖြင့် ဖြေရှင်းပေးရန် တိုက်ရိုက်ဆက်သွယ်စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ အကူအညီတောင်းခံခြင်းတို့အတွက် Help Line ဝန်ဆောင်မှုအား ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှစ၍ ၂၄ နာရီဖွင့်လှစ်ထားရှိပြီး ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ တိုင်ကြားသူပေါင်း ၁၀၂၇ ဦးရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများဖြင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဤအလုပ်ရုံဆွေးနွေးပွဲဖြစ်မြောက်အောင် ပူးပေါင်းဆောင်ရွက်ပေးသော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms.Cynthia Veliko နှင့် UNDP-Governance and Sustainable Peace မှ အဖွဲ့ခေါင်းဆောင် Mr. Joerg Stahlhult တို့က အမှာစကားပြောကြားကြပြီး ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက UPR အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်မှုကို သုံးသပ်ဆွေးနွေးခြင်းနှင့် အကြံပြုတိုက်တွန်းချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

# ပြန်/ဆက်ဝန်ထမ်းများအတွက် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အမှတ်စဉ်(၂) ဖွင့်



**ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအတွက် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ် သင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင် (၃) ရပ်နှင့် ပြည်သူများအကြား ပေါင်းစပ်ပေးခြင်းသည် ပြည်သူ့ဆက်ဆံရေးဖြစ်ပါကြောင်း၊ မဏ္ဍိုင်(၃)ရပ်၏ ဆောင်ရွက်နေမှုများကို ပြည်သူသိအောင် ချပြရန်လိုအပ်သလို ပြည်သူများ၏ အခြေအနေနှင့် ခံစားချက်များကို မဏ္ဍိုင် (၃)ရပ်က သိရှိအောင် ဆောင်ရွက်ကြရန် လိုပါကြောင်း၊ ဒီဂျစ်တယ်ခေတ်တွင် ပြည်သူအများစုမှာ သတင်းအချက်အလက်များကို လက်ကိုင်ဖုန်းများပေါ်တွင် အွန်လိုင်းမီဒီယာများမှ အဓိကရှာဖွေဖတ်ရှုလာနေကြကြောင်း။

သို့သော် ပြည်သူအများစု၏ မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု (media and information literacy) မှာ လွန်စွာအားနည်းနေသေးကြောင်း၊ အွန်လိုင်းပေါ်တွင် ရေးနေကြသည့် မီဒီယာများနှင့် ယင်းတို့၏ရေးသားချက်များကို စနစ်တကျဆန်းစစ်တတ်ရန် အလွန်အရေးကြီးပါကြောင်း။

ယခုသင်တန်းတွင် သတင်းရေးသားခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ သတင်းအချက်အလက်များ ရှာဖွေစုဆောင်းခြင်း၊ ဆန်းစစ်သိမ်းဆည်းခြင်း၊ မျှဝေခြင်း၊ မီဒီယာများကို ဆန်းစစ်လေ့လာအကဲဖြတ်ခြင်း စသည့်သတင်းမီဒီယာများဆိုင်ရာ ဗဟုသုတများအပြင် ရွေးကောက်ပွဲဆိုင်ရာသိနားလည်မှု စသည့်အကြောင်းအရာများကို သင်ကြားပို့ချသွားမည်ဖြစ်ပါကြောင်း။

ယခုသင်တန်းမှရရှိသည့် ဗဟုသုတများကို အခြားဝန်ထမ်းများနှင့် ပြည်သူများကိုပါ စနစ်တကျ လက်ဆင့်ကမ်းမျှဝေနိုင်ရန် အရေးကြီးသဖြင့် အလေးအနက်ထားလေ့လာကြရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ခရိုင်ဦးစီးအဆင့်ရှိ သင်တန်းသား သင်တန်းသူ ၃၇ ဦး တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းဝဘဏ်လီမိတက်၏ (၆၁)ခုမြောက်ဘဏ်ခွဲ ချမ်းမြသာစည်၌ဖွင့်

**မန္တလေး ဩဂုတ် ၅**

အင်းဝဘဏ်လီမိတက် ချမ်းမြသာစည်ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရဝဏ်အတွင်း ကျင်းပသည်။

ရှေးဦးစွာ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်စွာလင်းက အင်းဝဘဏ်လီမိတက် ချမ်းမြသာစည်ဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်းလှည့်လည်ကြည့်ရှုသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် ချမ်းမြသာစည်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၆၁) ခုမြောက်ဘဏ်ခွဲဖြစ်ပြီး ၇၃ လမ်းနှင့် သဇင်လမ်းထောင့် ချမ်းမြသာစည်မြို့နယ်တွင် ဖွင့်လှစ်ထားရှိသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်း ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း (၉)ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအလိုက်မူတည်၍ (၁၀)ရာခိုင်နှုန်းအထိ အတိုးနှုန်းများပေးအပ်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းမတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများထုတ်ချေးပေးလျက်ရှိပြီး ယခုဖွင့်လှစ်သော ချမ်းမြသာစည်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၆၁)ခုမြောက် ဘဏ်ခွဲဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်း အင်းဝဘဏ်လီမိတက် ချမ်းမြသာစည်ဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။**

# သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်ခြင်း

ဒေါက်တာသင်းမောင်မောင် (မန္တလေး)

**ကျန်းမာရေးစောင့်ရှောက်မှုများတွင် သွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်ခြင်းသည် နိုင်ငံတကာတွင် တန်ကြေးမြင့်မားသော ကျန်းမာရေးကုန်ကျစရိတ်အမျိုးအစားတွင် ပါဝင်ပါသည်။ ကျန်းမာရေးအာမခံဝန်ဆောင်မှုများတွင်လည်း သွား၊ ခံတွင်းကျန်းမာရေးအာမခံသည် ခြွင်းချက် (သို့) အတိုင်းအတာတစ်ခုအထိသာပေးနိုင်သည့် အနေအထားကို တွေ့မြင်ရပါသည်။**

မြန်မာနိုင်ငံတွင်လည်း သွားနှင့် ခံတွင်းကျန်းမာရေး ဝန်ဆောင်မှု ကုန်ကျစရိတ်များမှာ ကုသမှုအမျိုးအစား အလိုက် ကွဲပြားသော်လည်း နိုင်ငံတကာနှင့် ယှဉ်လျှင် အလွန် စျေးနှုန်းသင့်တင့်သော အနေအထားတွင် ရပ်တည်လျက်ရှိ ပါသည်။ ကုသမှုစံနှုန်းများမှာလည်း နိုင်ငံတကာနှင့် ယှဉ်လျှင် တန်းတူရင်ပေါင်တန်းနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတကာ တွင် အလုပ်သွားလုပ်မည့်သူများ၊ ရွှေ့ပြောင်း အခြေချနေထိုင် သူများသာမက နိုင်ငံခြားသားများပါ မြန်မာနိုင်ငံတွင် သွားနှင့် ခံတွင်းဆေးကုသမှုလာရောက်ခံယူသည်ကို တွေ့ရသည်မှာ မြန်မာ့သွားဆေးလောကအတွက် ဂုဏ်ယူစရာပင်ဖြစ်ပါသည်။ ထို့အတူ ကျန်းမာရေးတက္ကသိုလ်များတွင် ပညာသင်ကြားရ သည့်စရိတ်မှာ နိုင်ငံတကာနှင့် ယှဉ်လျှင် အလွန်သက်သာ သော အနေအထားတွင် ရှိရုံမက အခြေခံလူတန်းစားများအထိ သွားခံတွင်းဆေးပညာသင်ကြားခွင့်လက်လှမ်းမီအောင် ပံ့ပိုး ပေးထားရာ ကျန်းမာရေးပညာရှင်များ မွေးထုတ်ပေးနိုင် ရန် ပံ့ပိုးပေးသော နိုင်ငံတော်၏ စေတနာမှာ ကျေးဇူးတင် အောက်မေ့ဖွယ်ဖြစ်ပါသည်။

### အရေးကြီးသော သွားဂျီးအမြှေးပါးလွှာ

သွားနှင့် ခံတွင်းရောဂါအများစုကို လေ့လာကြည့်လျှင် အများစုမှာ လွယ်ကူပြီး အခြေခံကျသော ကာကွယ်ခြင်းဖြင့် ထိရောက်စွာ တားဆီးနိုင်မည်ကို တွေ့ရမည်ဖြစ်ပါသည်။ သွားရောဂါများတွင် အခြေခံအကျဆုံးရောဂါအမျိုးအစား နှစ်မျိုးရှိရာ သွားပိုးစားခြင်းနှင့် သွားဖုံးရောဂါများဖြစ်ပါသည်။ အဆိုပါ ရောဂါများ၏ အခြေခံရေသောက်မြစ်မှာ (Dental Bio film ) ဟု ခေါ်သော ဗက်တီးရီးယားအမြှေးပါးလွှာ ဖြစ်ပါသည်။ အဆိုပါ ဗက်တီးရီးယားအလွှာမှာ သွားမျက်နှာ ပြင်ကြွေလွှာပေါ်တွင် စေးကပ်တွယ်ငြိနေပြီး အရောင်အဆင်း မရှိချေ။ ထို့အပြင် အဆိုပါအမြှေးပါးလွှာမှာ ပလုတ်ကျင်းရုံ၊ ဆေးရုံဖြင့် မဖယ်ရှားနိုင်ပါ။ အဆိုပါအမြှေးပါးလွှာမှာ သွား မျက်နှာပြင်ပေါ်တွင် ကပ်ငြိပြီး သွားပိုးစားရောဂါဖြစ်စေနိုင် သည့်အပြင် သွားဖုံးနှင့် နီးပါက သွားဖုံးရောင်ရမ်းခြင်း၊ ပြည်တည်ခြင်း၊ သွားအခြေကျောက်တည်ခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ဘိုင်အိုဖလင်ဟုခေါ်သော သွားဂျီးအမြှေးပါးလွှာသည် သွားနှင့် ခံတွင်းရောဂါတော်တော် များများ၏ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

ဘိုင်အိုဖလင်ဖြစ်တည်မှုကို လေ့လာကြည့်မည်ဆိုလျှင် ပါးစပ်အတွင်း အစာစားပြီး ကျန်ရစ်သော စားကြွင်းစားကျန် များ(စားကြွင်းစားကျန်ဟုဆိုရာတွင် မျက်စိဖြင့် မမြင်ရသော တံတွေးတွင် ပျော်ဝင်နေသော အစာအရည်များလည်း ပါဝင်ပါ သည်)နှင့် တံတွေး၊ ဗက်တီးရီးယားအစုအဝေးများ ပါဝင်ပါ သည်။ အစာအိမ်နှင့် အူလမ်းကြောင်းမှာကဲ့သို့ပင် ပါးစပ်ထဲ တွင်လည်း လူ့ခန္ဓာကိုယ်ကို မှီတည်နေသော ဗက်တီးရီးယား များရှိရာ အမျိုးအစားပေါင်း ၇၀၀ ကျော်ရှိသည်ဟု အမေရိကန် နိုင်ငံ ခံတွင်းအဏုဇီဝဌာနသုတေသနပြုချက်များအရ သိရပါ သည်။ အဆိုပါ ဗက်တီးရီးယားများမှ တံတွေးတွင် ပျော်ဝင်နေ သော ကဆီဓာတ်ကို စားသုံးကာ အက်စစ်ဓာတ်တစ်မျိုး ထုတ်လွှတ်ပါသည်။ အဆိုပါ အက်စစ်ဓာတ်မှ သွားကြွေလွှာ များအား တဖြည်းဖြည်းချင်း ပျက်စီးစေရာမှ သွားပိုးစားရောဂါ (သို့)သွားနှင့် သွားဖုံးသား တွယ်ဆက်ပေးထားသော ဖိုင်ဘာ မျှင်များအား ပျက်စီးစေခြင်းဖြင့် သွားဖုံးရောဂါများ ဖြစ်ပွားစေ ကာ နောက်ဆုံးတွင် သွားများယိုင်နဲ့ ဆုံးရှုံးစေသော ရေစီး ကမ်းပြိုရောဂါအထိ ဖြစ်စေနိုင်ပါသည်။

### ဆေးမြီးတိုများနှင့်မကုပါနှင့်

ဤနေရာတွင် အဓိကထား၍ ရှင်းလိုသည်မှာ နယ်များတွင် ခေတ်စားနေသော သွားပိုးချခြင်းအလေ့အထပင်ဖြစ်ပါသည်။



သွားနှင့်ခံတွင်းရောဂါများကို ဖြစ်စေသော ဗက်တီးရီးယားများ မှာ သာမန်မျက်စိဖြင့် မမြင်နိုင်ပေ။ အလွန်အားကောင်းသော အဏုဇီဝကြည့်မှန်ဘီလူးဖြင့် ကြည့်မှသာ တွေ့နိုင်မည်ဖြစ်ပြီး သွားပိုးချသည်ဟုဆိုကာ ပိုးကောင်လေးများ ပြခြင်းသည် ခြွင်း ချက်မရှိ မှားယွင်းနေသော လှည့်စားမှုတစ်ခုသာဖြစ်ကြောင်း မိဘပြည်သူများ သတိချပ်မိရန် အထူးလိုအပ်လှပေသည်။ ထိုမှ တစ်ဖန် သွားနှင့် ခံတွင်းရောဂါများကိုလည်း နီးစပ်ရာ ဆေးမြီး တိုများနှင့် မကုရန် အထူးအရေးကြီးလှပါသည်။ သွားနှင့် ခံတွင်း ရောဂါများ ဖြစ်စေတတ်သော ဗက်တီးရီးယားအများစုမှာ အောက်ဆီဂျင်မရှိသော ပတ်ဝန်းကျင်တွင် ပွားသော အမျိုး အစားဖြစ်သဖြင့် ဆေးမြီးတိုများထည့်ခြင်းသိပ်ခြင်းဖြင့် ငုပ်လျှိုး သွားလျှင် အလွန်နက်သော ကြွက်သားများ၊ သွေးပြန်ကြော များအထိ ပျံ့နှံ့သွားတတ်ပြီး အခန့်မသင့်ပါက မျက်နှာတစ်ခြမ်း ရောင်ခြင်း၊ ယင်းမှပိုဆိုးလာပါက မျက်စိကွယ်ခြင်း၊ အသက် ရှူလမ်းကြောင်းပိတ်၍ သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် သွားနှင့် ခံတွင်းရောဂါသည် အသက်အန္တရာယ်မပေး နိုင်ပါဟု ထင်မှတ်မှား၍ မပေါ့ဆသင့်ပေ။ ဤနေရာတွင် ထပ်မံ ရှင်းလိုသည်မှာ သွားနုတ်လျှင် မျက်ကြောထိတတ်သည်ဆိုသော ရှေးရိုးစွဲအယူအဆပင် ဖြစ်ပါသည်။ ဆိုလိုရင်းမှာ သွားရောဂါ များ စနစ်တကျကုသမှုခံယူခြင်းမရှိဘဲ ဥပမာလွန်မင်းစွာ ဆိုးရွား ပျက်စီးနေသော သွားများမနုတ်ဘဲ ထားမှသာလျှင် ပိုမိုဆိုးရွား သော အဆင့်ရောက်ကာ အခန့်မသင့်ပါက ပါးတစ်ခြမ်းရောင်ခြင်း၊ ယင်းနောက်မျက်စိကို ထိခိုက်စေနိုင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် သွားကြောနှင့် မျက်ကြောမလွတ်(သို့)သွားနုတ်လျှင် မျက်ကြော ထိတတ်သည်ဆိုသည်မှာလည်း အလွန်လွဲမှားသော အယူအဆ ဖြစ်ကြောင်း သတိချပ် သင့်ပါသည်။

သွား၊ ခံတွင်းရောဂါများကို စနစ်တကျကုသရမည်ဆိုရာ တွင်လည်း သက်ဆိုင်ရာအသိအမှတ်ပြုသွားဆေးတက္ကသိုလ် များမှ ခြောက်နှစ်ခန့်ပညာဆည်းပူးလေ့လာအောင်မြင်လာ သော သွားဆရာဝန်များအား ဆိုလိုခြင်းဖြစ်ပြီး မျိုးရိုးစဉ် ဆက်လက်ဆင့်ကမ်းသွားတုပညာသင်ကြား၍ အနည်းငယ်သော ဗဟုသုတဖြင့် သွားရောဂါများ ကုသနေခြင်းကို ဆိုလိုခြင်းမဟုတ် ပါ။ အဘယ်ကြောင့်ဆိုသော် အနည်းငယ်မျှသောဗဟုသုတဖြင့် မကျွမ်းကျင်သောပညာရပ်နယ်ပယ်ကို ကိုင်တွယ်ခြင်းသည် ကြီးလှစွာသောဒုက္ခကို ဖြစ်စေနိုင်သော အကြောင်းတရားဖြစ် ခြင်းကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် သွားခံတွင်းရောဂါများ ပြသမည်ဆိုပါက မိမိပြမည့် သွားဆေးခန်းထိုင်သောသူသည် သက်ဆိုင်ရာအသိအမှတ်ပြု ရန်ကုန်၊ မန္တလေးသွားဆေး တက္ကသိုလ်များမှ (B.D.S) Bachelor of Dental Surgery ဘွဲ့ယူထားသူအမှန်တကယ်ဟုတ် မဟုတ် သေချာစိစစ်သင့်ရန် လိုအပ်လှပေသည်။

အချုပ်အားဖြင့်ဆိုသော် သွားနှင့် ခံတွင်းရောဂါများ ကာကွယ်ခြင်းသည် အလွန်ရိုးစင်း၍ အခြေခံကျသောစနစ်မှန် သွားတိုက်ခြင်းဖြစ်ပေရာ လူတိုင်းသွားတိုက်ခြင်း အလေ့အထ ကို အထူးဂရုပြု၍ စနစ်တကျလေ့လာသင့်ပါသည်။ တစ်နေ့လျှင် သွားနှစ်ကြိမ် ပုံမှန်တိုက်ပေးရန် လိုအပ်ပြီး မနက်အိပ်ရာ ထချိန်နှင့် ညအိပ်ရာဝင်ချိန်တွင် ဖြစ်ပါသည်။ နံနက်နှင့် ညကို နှိုင်းယှဉ်ကြည့်လျှင် ညအိပ်ရာဝင်ခါနီးသွားတိုက်ခြင်းသည် မနက်အိပ်ရာထ သွားတိုက်ခြင်းထက် ပိုအရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် နေ့ပိုင်းတွင် လျှာနှင့်ခံတွင်းတို့ လှုပ်ရှား မှုရှိ၍ ဗက်တီးရီးယားများ၏ ဂေဟစနစ်ကို အတိုင်းအတာ တစ်ခုအထိ တားဆီးနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

**“သွားနှင့် ခံတွင်းရောဂါများ ကာကွယ်ခြင်းသည် အလွန်ရိုးစင်း၍ အခြေခံကျသောစနစ်မှန် သွားတိုက်ခြင်းဖြစ်ပေရာ လူတိုင်းသွားတိုက်ခြင်း အလေ့အထကို အထူးဂရုပြု၍ စနစ်တကျလေ့လာသင့်ပါသည်။ တစ်နေ့လျှင် သွားနှစ်ကြိမ် ပုံမှန်တိုက်ပေးရန် လိုအပ်ပြီး မနက်အိပ်ရာ ထချိန်နှင့် ညအိပ်ရာဝင်ချိန်တွင် ဖြစ်ပါသည်။ နံနက်နှင့် ညကို နှိုင်းယှဉ်ကြည့်လျှင် ညအိပ်ရာဝင်ခါနီးသွားတိုက်ခြင်းသည် မနက်အိပ်ရာထ သွားတိုက်ခြင်းထက် ပိုအရေးကြီးပါသည်”**

### စနစ်မှန်သော သွားတိုက်နည်း

စနစ်မှန်သွားတိုက်နည်းဆိုသည်မှာ နူးညံ့ပျော့ပျောင်းသော သွားပွတ်တံအသုံးပြု၍ သွားမျက်နှာပြင်မှ ၄၅ ဒီဂရီခန့်စောင်း ကာ သွားဖုံးအစပ်မှ တံမြက်စည်းလှည်းသကဲ့သို့ သွားအခြေမှ ဝါးသည့်စားသည့် မျက်နှာပြင်သို့ စက်ဝိုင်းသဏ္ဌာန်တိုက် ပေးရပါမည်။ အံသွားများတွင် ဝါးသည့်၊ စားသည့် မျက်နှာ ပြင်သုံးခုနှင့် ရှေ့သွားနှင့်စွယ်သွားများတွင် မျက်နှာပြင် နှစ်ခု ရှိရာ မျက်နှာပြင်တစ်ခုလျှင် အနည်းဆုံး ၄၊ ၅ ခါနှုန်းဖြင့် အထက်ပါနည်းအတိုင်း တိုက်ရပါမည်။ ထို့ကြောင့် အံသွား တစ်ချောင်းလျှင် အပြင်၊ အလယ်၊ အတွင်း စုစုပေါင်း ၁၅ ခါနှင့် ရှေ့သွားဆိုလျှင် အတွင်းအပြင် စုစုပေါင်း ၁၀ ခါစီ တိုက်ပေးရပါမည်။ စတိုက်သည့်အခါတွင် အပေါ်သို့အောက်၊ ဘယ်ဘက်သို့ ညာဘက် မိမိကြိုက်သည့် အစွန်ဆုံးမှ စတိုက် ပါ။ သွားပွတ်တံတစ်ချောင်းလျှင် သွားမျက်နှာပြင် နှစ်ခုခန့် ထိထိမိမိတိုက်၍ ရပါသည်။ တစ်နေရာကို အထက်ဖော်ပြပါ နည်းအတိုင်း တိုက်ပြီးပါက ကပ်လျက် ရှေ့နှစ်ချောင်းရွှေ့၍ တိုက်ပါ။ အထက်ပါနည်းအတိုင်း အောက်မေးရိုးတစ်လျှောက် အပေါ် မေးရိုးတစ်လျှောက် စနစ်တကျ နောက်မှ ရှေ့သို့ တဖြည်းဖြည်းရွှေ့၍ တိုက်ပါ။ သွားတစ်ခါတိုက်လျှင် အနည်း ဆုံး ၂ မိနစ်ခန့် အချိန်ပေး၍ တိုက်သင့်ပါသည်။ တိုက်သည့် အခါတွင်လည်း စနစ်တကျ နောက်မှရှေ့သို့ ရွှေ့လျားခြင်းဖြင့် ဝါးသည့်စားသည့် မျက်နှာပြင်များအားလုံး မကျန်စေရန် သတိပြုရပေမည်။ သွားတိုက်ပြီးလျှင် သွားပွတ်တံဖြင့် လျှာ ကိုခြစ်၍ ဆေးကြောခြင်းသည် ခံတွင်းအနံ့အသက်ကောင်း စေပါသည်။

### လိုအပ်ပါက သွားပွတ်ကြိုးသုံးပါ

အချို့သောသူများတွင် ပုံမှန်မဟုတ်သော သွားထပ်ခြင်း များရှိပါက သွားပွတ်ကြိုးထပ်ဆောင်းအသုံးပြုနိုင်ပါသည်။ (Dental Floss) ခေါ် သွားပွတ်ကြိုးအသုံးပြုပုံမှာ သွားပွတ် ကြိုးကို အလောတော်ဖြတ်၍ လက်ခလယ်နှစ်ဖက်တွင် ရစ် ပါ။ ထို့နောက် လက်ညှိုးဖြင့် ထိန်း၍ သွားနှစ် ချောင်းကြား အခြေထိရောက် အောင် ဆွဲချပါ။ အခြေထိရောက် ပါက “ဂ” ငယ်ပုံသဏ္ဌာန် (သို့) အင်္ဂလိပ်စာလုံး “ C ” ပုံသဏ္ဌာန် တစ်ဖက် သွားမျက်နှာပြင်သို့ ကွေး၍ သွားဖုံးစပ်မှ အပေါ်ဝါး သည့်စားသည့် မျက်နှာပြင်သို့ ပွတ်ဆွဲပါ။ အထက်ပါနည်း အတိုင်း အခြားကပ်လျက် သွားမျက်နှာပြင်တစ်ခြမ်းကို လည်း လုပ်ရပါမည်။ သွားထပ်သောသူများတွင် သွားတိုက် ခြင်းတစ်ခုတည်းဖြင့် မလုံလောက်သောကြောင့် သွားပွတ် ကြိုးသုံးခြင်းသည် ထိရောက်သော ကာကွယ်မှုဖြစ်ပါသည်။ ထပ်ဆောင်းအနေဖြင့် သွားကြားပွတ်တံအမျိုးအစားသည် လည်း သွားကျဲသောသူများ၊ သွားနှစ်ခုကြား ထိစပ်မှုအောက် တွင် နေရာကျယ်သောသူများတွင်လည်း ထိရောက်သော သန့်ရှင်းမှုပေးနိုင်ပါသည်။

### အစားအစာများ ရွေးချယ်စားသုံးပေး

အာဟာရပြည့်ဝသော အစားအစာများ စားသုံးခြင်း သည်လည်း သွားနှင့် ခံတွင်းကျန်းမာရေးကို အထောက်အကူ ဖြစ်စေပါသည်။ သန့်ရှင်းလတ်ဆတ်သော အသီးအနှံဟင်းသီး ဟင်းရွက်များ ဥပမာ ခါကြက်ဥ၊ ပန်းသီးစသည့်...အစေ့ပါ သော အခွံပါအသီးများ... အသားနှင့် နို့ထွက်ပစ္စည်းများကို လည်း စားသုံးပေးခြင်းဖြင့် အထောက်အကူဖြစ်စေပါသည်။ “ ဆေးလိပ်၊ အရက်နှင့် ကွမ်း” များစားသုံးခြင်းသည် သွားကြွေလွှာများ စွန်းထင်းစေခြင်း၊ ပျက်စီးစေခြင်း၊ သွားဖုံး ရောဂါနှင့် ခံတွင်းကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်သဖြင့် အထူးရှောင်ကြဉ်သင့်ပါသည်။ ချို၍ စေးကပ်သောအစား အစာများမကြာခဏစားသုံးခြင်း၊ အလွန်အမင်းစားသုံးခြင်း သည် သွားပိုးစားရောဂါ ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် အစာ စားပြီးတိုင်းပလုတ်ကျင်းသည့်အလေ့အထကို မွေးမြူသင့် သည်။ ခံတွင်းသန့် ပလုတ်ကျင်းဆေးရည်သုံးစွဲခြင်းသည် လည်း အထောက်အကူဖြစ်စေပါသည်။ သက်ဆိုင်ရာသွားနှင့် ခံတွင်းဆရာဝန်များနှင့်လည်း ခြောက်လတစ်ကြိမ်တွေ့ဆုံ၍ စစ်ဆေးမှုပုံမှန်ပြုလုပ်ရန် လိုအပ်ပါသည်။ အချုပ်အားဖြင့် ဆိုသော် ဂျပန်နိုင်ငံမှ “ ၈၀၂၀ ပရောဂျက်” (အသက် ၈၀ အရွယ်တွင် လူတိုင်းသွား အချောင်း ၂၀ ရှိနေရမည်) ဟူသော ရည်မှန်းချက်အတိုင်း မြန်မာနိုင်ငံသူနိုင်ငံသားအပေါင်းသည် လည်း အသက် “ ၈၀ ” အရွယ်တွင်သွားအချောင်း “၂၀” မက ကျန်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါ သည်။ ။

---

## သွားနှင့် ခံတွင်းကျန်းမာရေး စစ်ဆေးခြင်း၊ ခြင်ဆေးဖျန်း ခြင်းလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်

**ဝမ်းတွင်း ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဘုရားဖြူကျေးရွာအုပ်စု ရွာရှည်ကျေးရွာ အခြေခံပညာအထက်ကျောင်း(ခွဲ)၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွားနှင့် ခံတွင်း ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်း လုပ်ငန်းများကို ယမန်နေ့က အဆိုပါကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး (ကုသ)ဒေါက်တာထားထားနှင့် သွားဘက်ဆိုင်ရာဆရာဝန်များ၊ မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဒေါက်တာမြသက်ဆွေနှင့် ဝန်ထမ်းများ၊ တောင်ဘိုကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးနှင့် သားဖွားဆရာမတို့က ကျောင်းသား ကျောင်းသူများအား သွားနှင့် ခံတွင်းကျန်းမာရေးများ စစ်ဆေးပေးခြင်း၊ တစ်ကိုယ်ရေကျန်းမာရေးများ စစ်ဆေးပေးခြင်းနှင့် လိုအပ်သောဆေးဝါးများပေးခြင်း၊ ရာသီတုပ်ကွေးရောဂါအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးကြသည်။ ထို့နောက် ရာသီတုပ်ကွေးရောဂါများမဖြစ်ပွားစေရန်နှင့် ခြင်မှ ကူးစက်နိုင်သော ရောဂါများကာကွယ်နိုင်ရန် စာသင်ခန်းများအတွင်းခြင်ဆေးဖျန်းခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

◆ *ရှေ့စုံ့မှ*

သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍ၊ လူတိုင်းအကျုံးဝင်ပညာရေးကဏ္ဍ၊ ပုဂ္ဂလိကပညာရေးကဏ္ဍ၊ ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံပြုချက်များပေးပို့ခြင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ ဆောင်ရွက်ချက်များ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ၏ ဆောင်ရွက်ချက်များ၊ ပါမောက္ခချုပ်များ ကော်မတီ၏ ဆောင်ရွက်ချက်များ၊ ကော်မရှင်ကို ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ သုံးသပ်အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် နာယကက အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးရန် လျာထားသဖြင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ (International Anti - Corruption Academy-IACA) ကို နိုင်ငံတကာအဖွဲ့အစည်းထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။


ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်။

ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းက မြန်မာနိုင်ငံအနေဖြင့် IACA သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အသိပညာနှင့် လုပ်ငန်းစဉ်များ ပိုမိုအမြင်ကျယ်ပြန့်လာစေမည့် IACA မှ စီစဉ်သည့် ကာလတိုနှင့် ဘွဲ့လွန်သင်တန်းများသို့ စေလွှတ်နိုင်ခြင်းဖြင့် နိုင်ငံတကာကျင့်သုံးသည့် စံချိန်၊ စံညွှန်းများ၊ အတွေ့အကြုံများအပြင် လက်တွေ့လေ့ကျင့်မှုများ ရရှိလာမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပညာရပ်တစ်ရပ်အနေဖြင့် လေ့လာဆည်းပူးနိုင်ရန် အခွင့်အလမ်းများရရှိခြင်း၊ ကျွမ်းကျင်ပညာရှင်များပေါ် ထွက်လာပြီး ရေရှည်ပြုလုပ်ရမည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းများ ပိုမိုထိရောက်စေနိုင်မည့်အပြင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် အညီ အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်သည့်အတွက် ပါဝင်လက်မှတ်ရေးထိုးသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခေါ်) ဒေါ်ရှားမီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်နှင့် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်တို့က ဆွေးနွေးကြသည်။


ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးစဉ်။


ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ဆွေးနွေးစဉ်။


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးစဉ်။


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့် ဆွေးနွေးစဉ်။


မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့် ဆွေးနွေးစဉ်။


မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဆွေးနွေးစဉ်။


ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ (ခေါ်) ဒေါ်ရှားမီး ဆွေးနွေးစဉ်။


မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ် ဆွေးနွေးစဉ်။

## အဂတိတိုက်ဖျက်ရေး စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း အရှိန်ရလာနိုင်ရန်နှင့် အင်အားရှိနိုင်ရန် လိုအပ်သလို ရလဒ်ကောင်းများ ဖြစ်လာနိုင်ရန် လိုအပ်

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က ယခုအချိန်တွင် တိုင်းပြည်သည် စနစ်သစ်နှင့် ပြန်လည်ထူထောင်နေချိန်ဖြစ်သည့်အတွက် အပြောင်းအလဲတိုင်းသည် ရှေ့သို့သွားနေရန်လိုအပ်ပါကြောင်း၊ IACA ကို ဝင်ရောက်ခြင်းသည် ပြည်သူ့ဆန္ဒနှင့် အစိုးရလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာရောက်သည်ဟု ဆိုနိုင်ပါကြောင်း၊ အဂတိတိုက်ဖျက်ရေး စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း အရှိန်ရလာနိုင်ရန်နှင့် အင်အားရှိနိုင်ရန် လိုအပ်သလို ရလဒ်ကောင်းများ ဖြစ်လာနိုင်ရန် လိုအပ်ပါကြောင်း၊ အဂတိကြောင့် ကြာလေနိုင်ငံသူနိုင်ငံသားတို့ နစ်နာလေဖြစ်ပါကြောင်း၊ ထို့ကြောင့် IACA တွင် ပါဝင်ခြင်းဖြင့် အဂတိတိုက်ဖျက်ရေးအတွက် လိုအပ်သော စွမ်းရည်နှင့် အတွေ့အကြုံများ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေနှင့် IACA တွင် ပါဝင်ရန် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးသင့်ပါကြောင်း ဆွေးနွေးသည်။

## ကော်မရှင်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ သုံးသပ်အကြံပြုချက်များအပေါ် အလေးအနက်ထား၍ လိုက်နာဆောင်ရွက်သွားမည်ဖြစ်

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူးက ကော်မရှင်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ သုံးသပ်အကြံပြုချက်များအပေါ် အလေးအနက်ထား၍ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှအဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စကို လွှတ်တော်က အတည်ပြုပေးပါရန် ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီ (International Anti- Corruption Academy- IACA) ကို နိုင်ငံတကာအဖွဲ့အစည်း ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာသဘောမတူသူမရှိသည့်အတွက် လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း- မော်စီ၊ မွေးကြူငင်၊ ဓာတ်ပုံ-ထန်းဖုန်**

# ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)၏ အမှုဆောင်ကော်မတီဝင် ဦးအောင်မျိုးကျော်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၅**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းသည် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)၏ အမှုဆောင်ကော်မတီဝင် ဦးအောင်မျိုးကျော်နှင့်အဖွဲ့အား ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-2) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

**သုံးသပ်ဆွေးနွေး**

တွေ့ဆုံစဉ် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)မှ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေနှင့်ပတ်သက်သည့် ဥပဒေရေးရာကိစ္စရပ်များကို တင်ပြဆွေးနွေးကြ၍ ကော်မတီအဖွဲ့ဝင်များက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၅**

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် တောင်ကြီး တက္ကသိုလ်၊ ဥပဒေပညာဌာနတို့မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၅၃၆ ဦး တက်ရောက်လေ့လာခဲ့ကြသည်။ **(အပေါ်ပုံ)**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၅၆၁၃၄ ဦးရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ သုံးရက် ကြိုတင်ပေးပို့နိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၉ / ၂၀၁၉**

**၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်**

**(၂၀၁၉ ခုနှစ်၊ သြဂုတ်လ ၅ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ သြဂုတ်လ ၃ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မှန်ကင်းကျေးရွာနေ မောင်ဆိုင်နှင့် ဒေါ်မွှေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၇-၂၀၁၉ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မှန်ကင်းကျေးရွာနေ ဒေါ်မွှေး(ခ) အေးမွှေး(၃၅)နှစ်၊ (ဘ)ဦးညိုမှိုင်း ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ကြိုတင်တိမ်းရှောင်နေပြီး ယောက္ခမဖြစ်သူ မောင်ဆိုင် (၇၅)နှစ်၊ (ဘ) ဦးဖိုးထွန်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား နမစ(လုံးတုံ)မယ(ပ)၃၀ / ၂၀၁၉၊ မူး / စိတ် ပုဒ်မ ၁၉(က) / ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကင်ပွန်းခြံကျေးရွာနေ မင်းမင်းအောင် (ခ) ဖိုးခွေးနှင့် ပေါက်တော(အရှေ့)ကျေးရွာနေ မကြူတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၇-၂၀၁၉ ရက်နေ့တွင် ကလေးမြို့နယ်၊ ကင်ပွန်းခြံကျေးရွာနေ မင်းမင်းအောင်(ခ)ဖိုးခွေး(၂၅)နှစ်၊ (ဘ) ဦးအော်ဂမ်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများ ဝယ်ယူခဲ့သည့် ပေါက်တော(အရှေ့)ကျေးရွာနေ မကြူ(ခ) ခင်မူဝင်း(၃၇)နှစ်၊ (ဘ)ဦးခင်မောင်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း ၎င်းတို့(၂)ဦး အား မမစ(ကလေး) မယ(ပ)၁၀၆ / ၂၀၁၉၊ မူး / စိတ်ပုဒ်မ ၁၆(ဂ) / ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာ၊ အမှတ်(၅)ရပ်ကွက်နေ မောင်နိုင်နှင့်ဇနီး မနွေးနွေးအိ တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၈-၂၀၁၉ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာ၊ အမှတ်(၅) ရပ်ကွက်နေ မောင်နိုင်(ခ)ရန်နိုင်လင်း (၄၃)နှစ်၊ (ဘ)ဦးတင်မြင့် နှင့်ဇနီး မနွေးနွေးအိ(၃၃)နှစ်၊ (ဘ)ဦးကံဝင်းတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ အမှတ်(၂)ရပ်ကွက်နေ ညီညီအောင်(၃၃)နှစ်၊ (ဘ) ဦးဌေးအောင်တို့(၃)ဦးအား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ(ပ)၃၃ / ၂၀၁၉၊ မူး / စိတ်ပုဒ်မ ၁၉(က) / ၂၀(က) / ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နန်းစောင်း(ရွာသစ်) ကျေးရွာနေ မောင်ချိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၈-၂၀၁၉ ရက်နေ့တွင် ကလေးမြို့နယ်၊ နန်းစောင်း (ရွာသစ်)ကျေးရွာနေ မောင်ချို(ခ)ခင်မောင်ချို(၃၈)နှစ်၊ (ဘ)ဦးတိုက်ပေါ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး) မယ(ပ)၁၀၉ / ၂၀၁၉၊ မူး / စိတ်ပုဒ်မ ၁၆(ဂ) / ၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့၊ ရတနာအောင်မြေရပ်ကွက်နေ ဝင်းထွဋ်ငြိမ်း(ခ) ဂေါင်းကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၈-၂၀၁၉ ရက်နေ့တွင် ပုလဲမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ပုလဲမြို့မဈေးအနီး၌ ရတနာအောင်မြေရပ်ကွက်နေ ဝင်းထွဋ်ငြိမ်း(ခ)ဂေါင်းကြီး (၂၅)နှစ်၊ (ဘ)ဦးသန်းဆွေနှင့် ရွှေညိုရပ်ကွက်နေ ဆုလှိုင်မင်း(၂၄)နှစ်၊ (ဘ)ဦးတင်စိုး တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပုလဲ)မယ(ပ)၁ / ၂၀၁၉၊ မူး / စိတ်ပုဒ်မ ၁၉(က) / ၂၀(က) / ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက်တောင်ကျေးရွာနေ ကြာရိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၇-၂၀၁၉ ရက်နေ့တွင် ပုလောမြို့နယ်၊ ကျောက်တောင် ကျေးရွာနေ ကြာရိုး(ခ)ဝင်းမော်(၄၀)နှစ်၊ (ဘ)ဦးမောင်စိန် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ နေထက်(၂၄)နှစ်၊ (ဘ) ဦးကျော်အေးနှင့် ပြည့်ဖြိုးအောင်(၁၆)နှစ်၊ (ဘ) ဦးလှထွန်းတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များ၊ ဘိန်းစာရည်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ပလောက်) မယ(ပ) ၃ / ၂၀၁၉၊ မူး / စိတ်ပုဒ်မ ၁၆(ဂ) / ၂၀(က) / ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ကွန်လုံကျေးရွာနေ ဖိုးချိုနှင့် မျိုးဦးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၈-၂၀၁၉ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ ကွန်လုံ ကျေးရွာနေ ဖိုးချို (၄၄)နှစ်၊ (ဘ)ဦးဖိုးအီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ မျိုးဦး (၂၇) နှစ်၊ (ဘ)ဦးအောင်အေးတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ရွှေညောင်) မယ (ပ)၄၂ / ၂၀၁၉၊ မူး / စိတ်ပုဒ်မ ၁၆(ဂ) / ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့် ဆက်သွယ်ရေးကုန်းအနီးတွင် မူးယစ်ဆေးဝါး သုံးစွဲ / ဖြန့်ဖြူးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁-၈-၂၀၁၉ ရက်နေ့တွင် မူဆယ်မြို့နယ်၊ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ မိုင်းယုကျေးရွာ ဆက်သွယ်ရေးကုန်းအနီး ပတ်ဝန်းကျင်နေရာများအား ဝင်ရောက်ရှင်းလင်း စိစစ်ရှာဖွေရာ (၁၀၅)မိုင်၊ နယ်မြေ(၁)နေ မဆောင်လွင် (၃၄)နှစ်၊ (ဘ)ဦးမာလအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မူဆယ်) မယ(ပ)၈၃ / ၂၀၁၉၊ မူး / စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ အိုက်သန်း(၂၉)နှစ်၊ (ဘ)ဦးချစ်အောင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မူဆယ်) မယ(ပ) ၈၄ / ၂၀၁၉၊ မူး / စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၃-၈-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၇၁၂)မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၉၃၇)ဦး၊ မ (၁၇၈)ဦး၊ ပေါင်း(၁၁၁၅)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၅၂၂.၇၇၈၄) ဂရမ်၊ ICE(၁၃၁၈.၇၂)ဂရမ်၊ ဘိန်း(၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၆၀၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၁၆၀၅၉)ပြား၊ ဆေးခြောက် (၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ (၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ် / ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ် / တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၀) ပြား၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ အကဲ့ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်း(၁၂၉.၃၃)ဂရမ်၊ မိုးမောက်မြို့နယ်၊ ကျောက်စခန်း စစ်ဆေးရေးဂိတ်၌ သတင်းအရ Surf ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၇၁၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး ၊ ပူတာအိုမြို့နယ်၊ ဖတ်မာဒါး ကျေးရွာအနီး တံတားထိပ်၌ သတင်းအရ Pajero အငှားယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ဘိန်းဖြူ(၃၉၆)ဂရမ်၊ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ အိုခူရီကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၄)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လာကာကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၀)ပြား၊ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မိထောလှုလေးကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၃)ပြား၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၇)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မောင်နီကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၅၇၅၀)ပြား၊ မောင်နီကျေးရွာ၊ မကျီးချောင်းအတွင်း လှော်ခတ်လာသောလောင်းလှေ(၁)စင်းအား လုံခြုံရေးအဖွဲ့မှ ကမ်းကပ်စေရေး စစ်ဆေးရန်ခေါ်ယူစဉ် လှေလှော်ခတ်လာသူမှာ ခုန်ချ၍ ရေကူးထွက်ပြေးခဲ့ပြီး လှေပေါ်ရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၇၂၀၀၀)ပြား၊ လှေ(၁)စီး၊ သက်ကိုင်ညှာကျေးရွာ၊ သက်ကိုင်ညှာ-တမန်းသား ကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၉၅၀၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ စေတီပြင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၁၀)ပြား၊ စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀)ပြား၊ ကွင်းဆက်အရ ကျောင်းကြီးရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၇)ပြား၊ မင်းပြားမြို့၊ မင်းဘာကြီးရပ်ကွက်၊ ထွန်ရဲလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဘူးသီးတောင်မြို့၊ မီးရထားဆိပ်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၅)ပြား၊ အမ်းမြို့နယ်၊ ပဲပဒုံတံတား စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဆေးခြောက် (၆၀၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ညောင်ဖြူစခန်း ရပ်ကွက်လမ်းမပေါ်၌သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ တရားခံခေတ္တတည်းခိုသည့် တည်းခိုခန်းအတွင်းမှ စိတ်ကြွဆေးပြား (၁၉၀၀)ပြား၊ ကလောမြို့အထွက် စစ်ဆေးရေးဂိတ်၌ သတင်းအရ ခရီးသည်တင်ယာဉ်အားရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ ခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ ရေယားကျေးရွာအနီး မိုင်တိုင်(၆၅ / ၃) ၌ သတင်းအရ တောင်ကြီးမှ ရန်ကုန်သို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၀၀)ပြား၊ဖယ်ခုံမြို့နယ်၊ တောင်ပို့ကြီးကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၉၀)ပြား၊ လွိုင်လင်မြို့နယ်၊ ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွားကားလမ်းမပေါ်၌ သတင်းအရ Wagon ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ICE(၁၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ၎င်းလမ်းပေါ်၌ပင် သတင်းအရ Honda Accord ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပင်လုံမြို့၊ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ Honda Fit ယာဉ်(၁)စီး၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၀)ပြား၊ မိုင်းရှူးမြို့၊ လွိုင်ဆောင်ထောက်ရပ်ကွက်၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၄၀)ပြား၊ ဘိန်းဖြူ(၁၅၁)ဂရမ်၊ လားရှိုးမြို့၊ မန်ဆူကားလေးဝင်း ခရီးသည်တင်ယာဉ်ဂိတ်၌ လူမဲ့တန်ဆာပစ္စည်းအဖြစ် မန္တလေးမြို့သို့ ပို့ဆောင်မည့် ပေးပို့တရားခံစုံစမ်းဆဲ ဆာလာအိတ်အတွင်းမှ စိတ်ကြွဆေးပြား (၄၁၄၀၀)ပြား တွေ့ရှိသဖြင့် ၎င်းယာဉ်ဖြင့် ပစ္စည်းအား ဆက်လက်သယ်ဆောင်ခဲ့ပြီး မူးယစ်အထူးရဲအဖွဲ့မှ ၎င်းယာဉ်ဖြင့် အသွင်ယူလိုက်ပါခဲ့ကာ မန္တလေးအရောက်ပစ္စည်းအား လာရောက်ထုတ်ယူသည့် တရားခံအမျိုးသား(၁)ဦး ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ်၊ ၆၄ လမ်းနှင့် စိန်ပန်းလမ်းထောင့်၌ ၎င်းပစ္စည်းထုပ်အား လားရှိုးကားဂိတ်တွင် လာရောက်ပို့ဆောင်ခဲ့ပြီး ကြိုတင်ရောက်ရှိစောင့်ဆိုင်းနေသူ တရားခံ အမျိုးသား(၁)ဦး၊ သိန္နီမြို့၊ အမှတ်(၄)ရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၅)ပြား၊ ဘိန်းဖြူ(၅)ဂရမ်၊ တန့်ယန်းမြို့၊ တန့်ယန်း-ပန်ဆန်းသွားကားလမ်း နမ့်ပါတက်တံတားအနီး၌ သတင်းအရ ခရီးသည်တင်ယာဉ်အားရပ်တန့်စစ်ဆေးရာယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်း (၁၂၀၀၀)ဂရမ်၊ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၄၀)ပြား၊ ဘိန်းဖြူ(၁၀)ဂရမ်၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်(၈၀ / ၄)၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ၎င်းလမ်းပေါ်၌ပင် သတင်းအရ

***စာမျက်နှာ ၉ သို့***

# ရန်ကုန်စတော့အိတ်ချိန်း၌ ဇူလိုင်လအတွင်း အစုရှယ်ယာပေါင်း ၄၉၁၂၄၁ စုအရောင်းအဝယ်ဖြစ်

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းဝင် ရောင်းဝယ်လျက်ရှိသည့် ကုမ္ပဏီ ငါးခုအနေဖြင့် ဇူလိုင်လအတွင်း အစုရှယ်ယာပေါင်း ၄၉၁၂၄၁ စု အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ဇူလိုင်လအတွင်း၌ ရန်ကုန် စတော့အိတ်ချိန်း စာရင်းဝင် ကုမ္ပဏီများဖြစ်သော FMI, MTSH, MCB, FPB, TMH ကုမ္ပဏီများသည် Normal Trading အနေဖြင့် အစုရှယ်ယာပေါင်း ၂၅၆၂၄၁ စုနှင့် Block Trading စနစ်ဖြင့် အစုရှယ်ယာပေါင်း ၂၃၅၀၀၀ စု စုစုပေါင်းရှယ်ယာ ၄၉၁၂၄၁ စု အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ငွေတန်ဖိုးအားဖြင့် ကျပ်သန်းပေါင်း ၂၈၆၃ ဒသမ ၆၃ ဖိုး အရောင်းအဝယ်ဖြစ်ခဲ့သည်။ ရန်ကုန်စတော့အိတ်ချိန်းစတင်ခဲ့သည့် ၂၀၁၆ ခုနှစ် မတ်လမှ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ ရှယ်ယာအရေအတွက် ၁၂၄ ဒသမ ၀၂ သန်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေတန်ဖိုးအားဖြင့် ၁၂၈ ဒသမ ၉ ဘီလီယံကျပ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် စတော့အိတ်ချိန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ဗဟုသုတတိုးပွားစေရန် ရန်ကုန်စတော့အိတ်ချိန်းမှ သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ဇူလိုင်လအတွင်း အခြေခံ စတော့ရင်းနှီးမြှုပ်နှံမှု သင်တန်းအမှတ် (၆) ကို ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၇၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် သင်တန်းအပတ်စဉ် ၇ ကိုလည်း ဩဂုတ် ၁၀ ရက်တွင် ဆက်လက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်များ အကြောင်း၊ စာရင်းဝင်ကုမ္ပဏီများအကြောင်းနှင့် စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဗဟုသုတများကို ကျွမ်းကျင်ပညာရှင်များက သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိက အထောက်အကူပြုနေသည့် ပုဂ္ဂလိကပိုင်ကဏ္ဍ၏ စီးပွားရေးလုပ်ငန်းများတိုးချဲ့ရေးအတွက် အဓိကလိုအပ်နေသည့် ကာလရှည် ငွေကြေးအရင်းအနှီးများကို စုစည်းနိုင်သည့် Capital Market ၏ အရေးပါပုံကိုသိရှိစေရန်၊ စတော့ဈေးကွက်တွင် ပါဝင်ရင်းနှီးမြှုပ်နှံလိုသည့် ပြည်သူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ဈေးကွက်ဆိုင်ရာ ဗဟုသုတများရရှိစေရန်၊ အရင်းအနှီးဈေးကွက် Eco System ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ငွေကြေးနှင့် ဘဏ္ဍာရေးဈေးကွက်ဆိုင်ရာ ပညာရပ်များလေ့လာနိုင်ရန်အတွက် တတိယအကြိမ်မြောက် YSX Expo 2019 ကို စက်တင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသည့် ကုမ္ပဏီများတွင် နိုင်ငံခြားသားများ ရောင်းဝယ်မှုပြုလုပ်နိုင်ရေးအတွက် ငွေကြေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကော်မရှင်မှ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် အမိန့်ကြေညာစာထုတ်ပြန်ခဲ့ရာ စာရင်းဝင်ကုမ္ပဏီတစ်ခုချင်းအလိုက် ခွင့်ပြုမည့်ရာခိုင်နှုန်းကို ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် သက်ဆိုင်ရာ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများနှင့် ပူးပေါင်းထိန်းချုပ်သွားမည်ဖြစ်ကြောင်း သိရသည်။




**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

# တာချီလိတ်မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်အတွင်း ဝက်အကောင် ၁၀၀၀ ခန့် သေဆုံးမှုဖြစ်ပွား

**တာချီလိတ် ဩဂုတ် ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စုနှင့် မိုင်းဖြတ်မြို့နယ် ဘိုရှိုးကျေးရွာအုပ်စုများ၌ ဇူလိုင်လနှင့် ဩဂုတ် ၅ ရက်အထိ အိမ်မွေးဒေသဝက် ၁၀၀၀ နီးပါးခန့် သေဆုံးကြောင်း သိရသည်။ **(အောက်ပုံ)**



ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ တာချီလိတ်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်ကျော်စိုးနှင့် တာဝန်ရှိသူများသည် မိုင်းဟဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ ပါဝင်သောအဖွဲ့သည် အဆိုပါ သတင်းအရ တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စုရှိ ကျောက်လိုဏ်ဂူရွာ၊ ကာနရွာ၊ မယ်အုန်းရွာနှင့် နားမွန်းရွာများသို့ သွားရောက်စစ်ဆေးသည်။ ယင်းကဲ့သို့ စစ်ဆေးရာတွင် ဇူလိုင်လနှင့် ဩဂုတ် ၅ ရက်အထိ အိမ်မွေးဒေသဝက်(အမည်း)အကောင် ၅၀၀ ခန့် သေဆုံးခဲ့ကြောင်း၊ မိုင်းဖြတ်မြို့နယ် ဘူရှိုကျေးရွာအုပ်စု ပုံဇာရွာ၊ ဟိုခမ်းရွာ၊ တုံလုံရွာ၊ ဟွေရုံး (လားဟူ)ရွာနှင့် ဘိုရှိုးရွာများတွင် အိမ်မွေးဝက်(အမည်း/အဖြူ) ၅၀၀ ကောင်ခန့် အစာမစားခြင်း၊ ဝမ်းသွားခြင်း၊ ခန္ဓာကိုယ် အပူလွန်ကဲခြင်း၊ ဦးခေါင်းများရောင်ရမ်းခြင်း၊ သွေးခြဥပေါက်သကဲ့သို့ အနီစက်ပြောက်များဖြစ်ကာ အစုလိုက်သေဆုံးခဲ့ကြောင်း၊ ကျောက်လိုဏ်ဂူရွာတွင် ဝက် ၁၂ ကောင်၊ မယ်အုန်းရွာတွင် ဝက်ငါးကောင်နှင့် ကာနရွာတွင် ဝက်ခုနစ်ကောင်သည် နာဖျားလျက်ရှိကြောင်း သိရသည်။

"ဒေသခံတွေရဲ့ ပြောပြချက်အရ Porcine Circovirus Type-2(PCV-2) လို့ခေါ်တဲ့ ဆားကိုဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ ဝက်အားနည်းရောဂါလို့ ယူဆရပါတယ်။ သွေးစစ်ချက် ရောက်လာရင်တော့ ရောဂါပိုးအခြေအနေကို အတိအကျသိရမှာပါ။ ကာနရွာမှာ ဖျားနာကောင်၊ သံသယဖြစ်ဖွယ်ရှိတဲ့ အကောင် သုံးကောင်၊ မယ်အုန်းရွာမှာ နှစ်ကောင်ကိုတော့ ရောဂါပိုးစမ်းသပ်ဖို့အတွက် သွေးဖောက်ပြီး နေပြည်တော်ကို ပို့ထားပါတယ်။ ဝက်သေတာကို ဒေသခံတွေက အကြောင်းမကြားဘူး။ သတင်းကြားလို့ ကွင်းဆင်းကြည့်မှ သိရတာ။ ဇူလိုင်လကတည်းက ဖြစ်နေပြီး သေသေချင်း ရေချောင်းအတွင်း မျှောလိုက်တာများတယ်။ အချို့ကတော့ မြေမြှုပ်သူလည်း ရှိတယ်ပေါ့။ အရင်က ဒီရွာတွေမှာလည်း အသိပညာပေးတွေ ဟောပြောဖူးတယ်။ တကယ်ဖြစ်တော့ လိုက်နာမှု အားနည်းနေတယ်" ဟု တာချီလိတ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်ကျော်စိုးက ပြောသည်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှင့် တာချီလိတ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက မွေးမြူရေးလုပ်ငန်းသုံးပိုးသတ်ဆေးများ ထောက်ပံ့ပေးခြင်း၊ ဖျားနာဝက်များအား သွေးများဖောက်ယူခြင်း၊ ကျန်ရှိသည့် ဝက်ကောင်များအား ကာကွယ်ဆေးများ ထိုးပေးခြင်းများနှင့် ရောဂါဖြင့် သေဆုံးသော ဝက်သေများအား ရေမျှောခြင်း၊ မြစ်/ချောင်းနှင့် ရေတွင်းရေကန်အနီး မြေမြှုပ်ခြင်းမပြုရန်၊ ရောဂါဖြင့် သေဆုံးသော ဝက်အစိတ်အပိုင်း တစ်စုံတစ်ရာကို သယ်ဆောင်ခြင်း၊ လှီးဖြတ်ခြင်း၊ ရောင်းချခြင်းနှင့် စားသုံးခြင်း မပြုရန် တို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ

**နေပြည်တော် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၈ မှ*

ဆိုင်ကယ် (၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၃)ဦး၊ ပေါင်း(၅)ဦးတို့ထံမှ ဘိန်းဖြူ(၃၉၆၀)ဂရမ်၊ ဆိုင်ကယ် (၂)စီး၊ အိုရီယမ်တယ်တိုးဂိတ်ရှောင်ကွင်းလမ်းပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀၀)ပြား၊ ပင်ဖုရားကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၀၂၀)ပြား၊ မုံးစီးမြို့နယ်၊ ကျူကျိုင်းကျေးရွာအနီးတစ်ဝိုက် နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် ပိုင်ရှင်စိစစ်ဆဲ တောင်ယာတဲအတွင်းရှိ ထင်းပုံအောက်၌ ဝှက်သိမ်းထားသည့် စိတ်ကြွဆေးပြား (၅၄၀၉)ပြား၊ ကျိုင်းတုံမြို့နယ်၊ ဝမ်ပုံ(အာခါ)ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ မိုင်းဖြတ်မြို့နယ်၊ ယမ်းခမ်းကျေးရွာအနီး ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ICE(၈၅၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုင်းယောင်းမြို့နယ်၊ ဝမ်ဖကျေးရွာတံတား၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၉၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တာချီလိတ်မြို့နယ်၊ လွယ်စီတုံ(အောက်) ကျေးရွာ၊ တာချီလိတ်-မိုင်းဟဲသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ တုံတော်ကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၇၁)ပြား၊ ဘိန်းဖြူ(၂.၄)ဂရမ်၊ ကလေးမြို့နယ်၊ ကံလှကျေးရွာအနီး တမူး-ကလေးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား စစ်ဆေးရန်ရပ်တန့်စဉ် အမျိုးသား(၁)ဦးမှာ ဆိုင်ကယ်အားထားကာ ထွက်ပြေးတိမ်းရှောင်သွားပြီး ကျန် ဆိုင်ကယ်(၁)စီးနှင့်အတူ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၄၂၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ဟုမ္မလင်းမြို့နယ်၊ ခိုပဲဝရပ်ကွက်၊ ဟုမ္မလင်း-နောင်ပိုအောင်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၁၅၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ နတ်ကြီးစင်ကျေးရွာကူးတို့ဆိပ်၌တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၉၅)ပြား၊ ICE (၉)ဂရမ်၊ ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာအရှေ့ဘက် ဘပိန်ချောင်းအတွင်း၌ သတင်းအရ စက်လှေ(၂)စီးအား စစ်ဆေးရန် ကမ်းကပ်ခိုင်းစဉ် စက်လှေမောင်းသူများ ခုန်ချထွက်ပြေးတိမ်းရှောင်သွားပြီး စက်လှေ(၂)စီးပေါ်မှ ဘိန်းစာမှုန့်(၅၀၀၀)ဂရမ်၊ စက်လှေ(၂)စီး၊ ၎င်းချောင်းတစ်လျှောက် ဆက်လက်စစ်ဆေးရှာဖွေရာ ကမ်းဘေးတွင် မိုးကာစဖြင့် အုပ်ထားသော ဆာလာအိတ်များအတွင်းမှ ဘိန်းစာမှုန့်(၁၆၀၀၀၀)ဂရမ်၊ တာရပိုင်းကျေးရွာ၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၄)ပြား၊ ICE (၉၅)ဂရမ်၊ ဘိန်းစာမှုန့်(၁၂၀၀)ဂရမ်၊ ပုလောမြို့နယ်၊ တောင်ယာကမ်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ICE (၅)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ မြို့ချောင်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၆၅)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်း(၂၅၉၀၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၌ သတင်းအရ လမ်းပေါ်တွင် ရပ်တန့်ထားသော Honda Fit ယာဉ်အား စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ICE (၂၃၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်အရ သုဝဏ္ဏ (၂၃)ရပ်ကွက်၊ ဂန္ဓမာလမ်းပေါ်၌ Succeed ယာဉ်အား စိစစ်ရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၄၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဆက်လက်ကွင်းဆက်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်ရှိ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား(၁၃၇၅၀)ပြား၊ ဘိန်းဖြူ(၅၀)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ ပခန်းရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၂၈.၀၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ရွှေကူရပ်ကွက်ရှိ တရားခံ၏နေအိမ်မှ ဆေးခြောက်(၆၃.၂၇)ဂရမ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဂျုံးဂျုံးကျကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀)ပြားအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခု ရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ဝမ်ဆောက်ခုံကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၀၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၀၀)ဂရမ်၊ တစ်လုံးထိုးပြောင်းချော သေနတ်အတို(၁)လက်၊ ၁၂ ဗို့ကျည်(၂)တောင့်၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(ဈ) ရပ်ကွက်၊ (၆၂)လမ်းနှင့် မဏ္ဍရာလမ်းထောင့်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၃၀)ပြား၊ လက်ပစ်ဗုံး(၁)လုံးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၂၈-၇-၂၀၁၉ ရက်နေ့မှ ၃-၈-၂၀၁၉ ရက်နေ့အထိ) အတွင်း အမှုပေါင်း (၂၅၂)မှု၊ တရားခံ ကျား(၃၂၂)ဦး၊ မ(၄၇)ဦး၊ ပေါင်း (၃၆၉)ဦး၊ စိတ်ကြွဆေးပြား(၅၅၉၅၇၇)ပြား၊ ဘိန်းဖြူ(၇၄၆၇.၀၂၂)ဂရမ်၊ ICE(၂၁၉၄.၆)ဂရမ်၊ ဘိန်း(၃၀၀၀၁.၃၃)ဂရမ်၊ ဘိန်းစာမှုန့်(၁၆၆၂၃၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၀၀)ဂရမ်၊ ဆေးခြောက်(၆၁၂၅.၃၃)ဂရမ်၊ တစ်လုံးထိုးပြောင်းချောသေနတ်အတို(၁)လက်၊ ၁၂ ဗို့ကျည် (၂)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | **antinarcotics@presidentoffice.gov.mm** |

# မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေပြဋ္ဌာန်း

**မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃။)**
**၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်**
**(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဆက်သွယ်ရေး (Telecommunications)** ဆိုသည်မှာ သတင်းအချက်အလက်တစ်ရပ်ရပ်ကို ဝိုင်ယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူးကြိုးတစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း၊ ရေဒီယိုလှိုင်း၊ အလင်းတန်း၊ အခြားသော လျှပ်စစ်သံလိုက်ခါတ် ထုတ်လွှတ်သည့် နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍သော်လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကိုဆိုသည်။

(ဂ) **ကော်ပိုရေးရှင်း** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းကိုဆိုသည်။

(ဃ) **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းများအနက် လုပ်ငန်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုသည်။

(င) **ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်အထောက်အကူပြု ပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိပြီး ယင်းကွန်ရက်အထောက်အကူပြုပစ္စည်းကို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိထားသူအား ငှားရမ်းခြင်း သို့မဟုတ် အဆိုပါကွန်ရက်အထောက်အကူပြုပစ္စည်းအပေါ်တွင် မိမိကိုယ်တိုင်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကို ဆိုသည်။

(စ) **ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ သတင်းအချက်အလက်ကို အပြန်အလှန် ပေးပို့ရေးအတွက် ဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ် သက်သက်ကိုသာ ဆောင်ရွက်ပေးသည့် လုပ်ငန်းမပါဝင်။

(ဆ) **အသုံးချဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကွန်ရက်များကိုအသုံးပြု၍ ဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်သက်သက်ကိုသာ ဆောင်ရွက်ပေးသည့်လုပ်ငန်း မပါဝင်။

(ဇ) **ဆက်သွယ်ရေးပစ္စည်း**ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ဝန်ကြီးဌာနက သီးခြားသတ်မှတ်သော ဆက်သွယ်ရေးပစ္စည်းကိုဆိုသည်။

(ဈ) **ကွန်ရက်အထောက်အကူပြုပစ္စည်း**ဆိုသည်မှာ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသည့် ရုပ်ပိုင်းဆိုင်ရာအခြေခံ အဆောက်အအုံ၏ ပစ္စည်း တစ်ခုခုကိုသော်လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကိုသော်လည်းကောင်း ဆိုသည်။

(ည) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အတွက် ထုတ်ပေးသော လိုင်စင်ကို ဆိုသည်။

(ဋ) **ဆက်သွယ်ရေးအခြေစိုက်စခန်းများ**ဆိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအတွက် အသုံးပြုသည့် အခြေစိုက်ဆက်သွယ်ရေးလုပ်ငန်းဌာနများ၊ တယ်လီဖုန်းအိတ်ချိန်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသောဌာနများနှင့် ဆက်သွယ်ရေးစခန်းများကို ဆိုသည်။

(ဌ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **ဒါရိုက်တာအဖွဲ့ (Board of Directors)** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကော်ပိုရေးရှင်း၏ ဒါရိုက်တာအဖွဲ့ကို ဆိုသည်။

(ဎ) **ဒါရိုက်တာအဖွဲ့ဝင်**ဆိုသည်မှာ ယင်းစကားရပ်နှင့်စပ်လျဉ်း၍ ဤဥပဒေတွင် သီးခြားဖော်ပြထားခြင်းမရှိပါက ဒါရိုက်တာအဖွဲ့၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို ဆိုသည်။

(ဏ) **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**ဆိုသည်မှာ ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းခဲ့သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ဆိုသည်။

(တ) **အမှုဆောင်အရာရှိချုပ်**ဆိုသည်မှာ ကော်ပိုရေးရှင်း၏အကြီးအမှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူပြုစေရေးအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်နိုင်သော ကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊

(ခ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကော်ပိုရေးရှင်းနှင့် ဒါရိုက်တာအဖွဲ့တို့အား လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ရန်၊

(ဂ) ကော်ပိုရေးရှင်း၏ လုပ်ငန်းနှင့် ငွေကြေးသုံးစွဲမှုစနစ်ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်ရန်၊

(ဃ) ကော်ပိုရေးရှင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအပြင် ယင်းလုပ်ငန်းနှင့်ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းများတွင်လည်း တည်ဆဲဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊

(င) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(စ) ကော်ပိုရေးရှင်းက နောင်တွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုပါဝင်သည့် အများနှင့်သက်ဆိုင်သော အဖွဲ့အစည်းကိုလည်းကောင်း၊ အများနှင့်မသက်ဆိုင်သော အဖွဲ့အစည်းကိုလည်းကောင်း တည်ထောင်လုပ်ကိုင်နိုင်ရန်၊

(ဆ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ နှစ်နိုင်ငံသဘောတူညီချက်အရ စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဖွဲ့စည်းခြင်း

၅။ (က) မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသည့် ဖွဲ့စည်းပုံအတိုင်း ကနဦးတည်ထောင်ထားရှိရမည်။

(ခ) ကော်ပိုရေးရှင်းသည် ဤဥပဒေအရသတ်မှတ်သည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်ပိုရေးရှင်းဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၆။ ကော်ပိုရေးရှင်းသည် -

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီဆောင်ရွက်ရန် လုပ်ပိုင်ခွင့်များကို ဤဥပဒေအရ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်။

(ခ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကို လည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပိုင်ဆိုင်သော ငွေကြေးများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း ဆက်ခံရမည်။

(ဂ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့်ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်မှလွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(ဃ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိနေသော ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်ခံရမည်။

(င) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဖက်စပ်ဖြစ်စေ၊ အကျိုးတူဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို ဆက်ခံရမည်။

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရရှိထားသော လုပ်ငန်းလိုင်စင်၊ အသုံးပြုခွင့်နှင့် ခွင့်ပြုချက်များကို ဆက်ခံရမည်။

(ဆ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပဋိညာဉ်စာချုပ် သို့မဟုတ် သဘောတူစာချုပ် ချုပ်ဆို၍ဖြစ်စေ၊ ကုန်ဝယ်အမှာစာ (Purchase Order) ဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို ဆက်ခံရမည်။

(ဇ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ ပါ လုပ်ငန်းစဉ်များအား ဆောင်ရွက်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပိုင်ဆိုင်မှုအရပ်ရပ်နှင့်ပတ်သက်ပြီး တန်ဖိုးဖြတ်မှုများ၊ ကိန်းဂဏန်းနှင့် စာရင်းအင်းအချက်အလက်မှတ်တမ်းတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လုပ်ငန်းစစ်ဆေးရေးအဖွဲ့တစ်ရပ်ကို ကာလသတ်မှတ်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၈။ ကော်ပိုရေးရှင်းသည် လိုအပ်ပါက လက်ရှိဖွဲ့စည်းပုံကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ဒါရိုက်တာအဖွဲ့ဖွဲ့စည်းခြင်း

၉။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပြုနိုင်ရန်နှင့် စီမံခန့်ခွဲမှုပြုနိုင်ရန် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ အနည်းဆုံးခုနစ်ဦးမှ အများဆုံး ၁၁ ဦး အထိပါဝင်သော ဒါရိုက်တာအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူ | ဥက္ကဋ္ဌ |
| (၂) | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (၃) | ဘဏ္ဍာရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၄) | စီမံခန့်ခွဲရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၅) | စီးပွားရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၆) | ဥပဒေဆိုင်ရာကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၇) | ဆက်သွယ်ရေးဆိုင်ရာဘာသာရပ် ကျွမ်းကျင်သူများ | အဖွဲ့ဝင်များ |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ဒါရိုက်တာအဖွဲ့ကို လိုအပ်ပါက သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာအဖွဲ့ဝင်များထဲမှ တစ်ဦးကို အတွင်းရေးမှူးအဖြစ် ဆန္ဒမဲဖြင့်ရွေးချယ် တာဝန်ပေးအပ်ရမည်။

၁၁။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၉ အရ ဒါရိုက်တာအဖွဲ့ကို ပထမအကြိမ်ဖွဲ့စည်းရာတွင် အမှုဆောင်အရာရှိချုပ်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးကိုဖြစ်စေ၊ ဆက်သွယ်ရေးနည်းပညာ၊ စီးပွားရေးနှင့်စီမံခန့်ခွဲမှုကျွမ်းကျင်သူကိုဖြစ်စေ တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်သည့် အမှုဆောင်အရာရှိချုပ်သည် အကြောင်းတစ်စုံတစ်ရာကြောင့် ယင်း၏ရာထူးနေရာလစ်လပ်သည့်အခါ ဝန်ကြီးဌာနသည် ဒါရိုက်တာအဖွဲ့က ထောက်ခံတင်ပြသည့် အောက်ပါ အရည်အချင်းများနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးကို အမှုဆောင်အရာရှိချုပ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ခန့်အပ်တာဝန်ပေးရမည်-

(၁) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းအတွေ့အကြုံရှိပြီး အသက် ၃၅ နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(၂) စီမံခန့်ခွဲရေးကိစ္စများတွင် တာဝန်ရှိသူအဖြစ် ဆောင်ရွက်ခဲ့ဖူးခြင်း၊

(၃) ကော်ပိုရေးရှင်း၏ အကျိုးစီးပွားကို ထိခိုက်ဖွယ်ရာရှိသည့် လုပ်ငန်းတစ်ခုခုတွင် ဆောင်ရွက်သူမဟုတ်ခြင်း၊

(၄) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း သို့မဟုတ် ရပ်စဲခြင်း ခံရသူ မဟုတ်ခြင်း။

၁၂။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသောပုဂ္ဂိုလ်သည် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန် ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရာရှိသည့် ငွေရေးကြေးရေး အကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်များနှင့် ကင်းရှင်းသူ ဖြစ်ရမည်။

၁၃။ (က) ဒါရိုက်တာအဖွဲ့ဝင်သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှု သို့မဟုတ် ဆက်သွယ်ရေးပစ္စည်းရောင်းမှု၊ ဝယ်မှု၊ ငှားရမ်းမှုတစ်ခုခုတွင်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိမည်သို့အကျိုးသက်ဆိုင်ကြောင်းကို ယင်းကိစ္စအတွက် အစည်းအဝေးမကျင်းပမီဖြစ်စေ၊ ကျင်းပသည့်အခါဖြစ်စေ ဒါရိုက်တာအဖွဲ့သို့ ထုတ်ဖော်ပြောဆိုရမည်။

(ခ) ပုဒ်မခွဲ(က) အရ အစည်းအဝေးမကျင်းပမီ ထုတ်ဖော်ကြေညာသည့်အခါ အဆိုပါ ဒါရိုက်တာအဖွဲ့ဝင်အား အစည်းအဝေးတွင် တက်ရောက်ဆွေးနွေးခွင့်မရှိစေရ။ အကယ်၍ အစည်းအဝေးကျင်းပသည့်အခါ ထုတ်ဖော်ကြေညာခြင်းဖြစ်လျှင် ထိုအစည်းအဝေး၌ အဆိုပါ ဒါရိုက်တာအဖွဲ့ဝင်အား အစည်းအဝေးတွင် ဆွေးနွေးခြင်းနှင့်ဆုံးဖြတ်ခြင်းပြုရာတွင် ပါဝင်ခွင့်မရှိစေရ။

(ဂ) ဒါရိုက်တာအဖွဲ့သည် ပုဒ်မခွဲ (က) ပါ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးက ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် ရှိ မရှိ အဆုံးအဖြတ်ပြုနိုင်သည်။

၁၄။ (က) ဒါရိုက်တာအဖွဲ့ဝင်များ၏ ရာထူးသက်တမ်းနှင့်စပ်လျဉ်း၍-

(၁) ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ သက်တမ်းသည် စတင်ခန့်အပ်သည့်နေ့မှ ငါးနှစ်ဖြစ်ပြီး အမှုဆောင်အရာရှိချုပ်မှအပ ကျန်ဒါရိုက်တာအဖွဲ့ဝင်များ၏ သက်တမ်းသည် စတင်ခန့်အပ်သည့်နေ့မှ လေးနှစ်ဖြစ်သည်။

(၂) အမှုဆောင်အရာရှိချုပ်မှအပ အကြောင်းတစ်စုံတစ်ရာကြောင့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး ရာထူးနေရာလစ်လပ်သဖြင့် အစားထိုးခန့်အပ်တာဝန်ပေးသည့်အခါ အဆိုပါပုဂ္ဂိုလ်တစ်ဦးဦး၏ ရာထူးသက်တမ်းသည် မူလရာထူး၏ သက်တမ်းကုန်ဆုံးသည့် အထိဖြစ်စေရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကျောက်ကြီးမြို့၌ မိုးအဆက်မပြတ်ရွာသွန်းပြီး ချောင်းရေမြင့်တက်မှုကြောင့် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်

**ကျောက်ကြီး သြဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းပြီး ချောင်းရေမြင့်တက်မှုကြောင့် **(အောက်ပုံ)** မြို့နယ်အတွင်းရှိ အိမ်ထောင်စုအချို့အား ယာယီ ကယ်ဆယ်ရေးစခန်းများနှင့် နီးစပ်ရာဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေရကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်ရှိ စစ်တောင်းမြစ်ရေ၏ စိုးရိမ်ရေမှတ် မှာ စင်တီမီတာ ၈၆၀၊ အန္တရာယ်ရေမှတ် စင်တီမီတာ ၉၃၀ ရှိရာ ယနေ့နံနက် ၉ နာရီအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေမှတ် စင်တီမီတာ ၈၇၀ သို့ ရောက်ရှိနေပြီး ကျောက်ကြီး ချောင်းရေမြင့်တက်လာကာ ကျောက်ကြီးမြို့ ပဲခူးရပ်ကွက်၊ ကပ်ကျေးရပ်ကွက်၊ ဆားတန်းရပ်ကွက်၊ တောင်ငူတန်းရပ်ကွက်၊ သိမ်တန်းရပ်ကွက်၊ ဗမာဝက်လာတောကျေးရွာ၊ လပတ်ကျေးရွာနှင့် ကျွန်ပင်ဆိပ်ကျေးရွာတို့မှ အိမ်ထောင်စု စုစုပေါင်း ၁၂၈ စု၊ လူဦးရေ ၅၆၄ ဦးအား ယာယီကယ်ဆယ်ရေးစခန်းများ၊ ဆွေမျိုးများအိမ်များသို့ တာဝန်ရှိသူများက ပြောင်းရွှေ့နေရာချထားပေးပြီး အခြေခံပညာကျောင်း လေးကျောင်းအား ယာယီပိတ်ထားရကြောင်း သိရသည်။

အဆိုပါကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာ ချထားပေးနိုင်ရန် နယ်မြေခံတပ်ရင်းများမှ တပ်ရင်းမှူးများနှင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ရပ်ကွက်အုပ်ချုပ် ရေးမှူးများ ဦးဆောင်သည့် ကယ်ဆယ်ရေးအဖွဲ့များက ကူညီဆောင်ရွက်ပေးခြင်း၊ ရေသန့်ပေးဝေခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ခြင်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**



# ၅-၈-၂၀၁၉ ရက်နေ့ ရေပိုလျှံမှု ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆း၀၀)နာရီ ရေမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ(ပေ) | ရေလှောင် ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင် ပမာဏ (ဧကပေ) | မိုး ရေချိန် (လက်မ) | ရေပိုလျှံမှု ရေကျော် အမြင့်(ပေ) |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင်/ | ၃၆ | ၂၈၄၇၄ | ၃၈.၁၀ | ၃၃၈၇၇ | ၂.၃၆ | ၂.၁၀ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၃၀ | ၁၉၁၆ | ၀.၄၃ | ၀.၅၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၃ | ရာဇဂြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၀၀ | ၅၂၉၅၀ | ၀.၆၂ | ၁.၀၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး(အရှေ့)** | | | | | | |
| ၄ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၅၀ | ၂၄၀၀ | ၁.၀၀ | ၀.၅၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| ၅ | ငမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၇.၆၀ | ၂၅၈၀ | ၃.၀၀ | ၁.၆၀ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၆ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၁၀ | ၆၄၃၀၉၇ | ၀.၁၇ | ၂.၁၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၇ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၆.၆၀ | ၃၃၁၈၄၀ | - | ၃.၁၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | |
| | | **မွန်ပြည်နယ်** | | | | | | |
| ၈ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၁ | ၄၁၅၀ | ၆၁.၂၅ | ၄၁၈၉ | ၀.၆၉ | ၀.၂၅ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၉ | ပြိုင်းချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၆.၄၀ | ၂၅၄၀၅ | - | ၀.၄၀ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | |
| ၁၀ | ဂရင်ဂျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၂၀ | ၆၆ | - | ၀.၂၀ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | |
| ၁၁ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၀ | ၃၀.၃၀ | ၁၂၄ | - | ၀.၃၀ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | |
| ၁၂ | ရှောက်ချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၈၀ | ၁၁၉၀ | - | ၀.၈၀ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၁၃ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၄၀.၆၀ | ၄၁၇၆၂ | ၂.၀၁ | ၂.၆၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၁၄ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၈.၈၀ | ၁၅၄၄၈၆ | ၁.၂၀ | ၄.၈၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |

# မြို့နယ်အချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မင်းမြေကျေးရွာအုပ်စု သစ်တော်ကျေးရွာတွင် ယနေ့နံနက် ၁၀ နာရီခန့်က မုန်းချောင်းကမ်းပါး ပြိုကျလာမှုကြောင့် လူနေအိမ်နှစ်လုံး ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့ရကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ် သစ်တော်ကျေးရွာသည် မုန်းချောင်းကမ်းဘေးတွင်တည်ရှိသည့်ကျေးရွာဖြစ်ကာ ဒေသခံကျေးလက်နေပြည်သူများအနေဖြင့် ယခုကဲ့သို့ မုန်းချောင်းကမ်းပါးပြိုကျမှုဒဏ်ကို နှစ်စဉ်ကြုံတွေ့ရကြောင်း သိရသည်။ ယနေ့နံနက်ပိုင်းက မုန်းချောင်းကမ်းပါးပြိုကျမှုမှာ ကျေးရွာနှင့် အလွန်နီးကပ်လာသဖြင့် ဒေသခံပြည်သူများ အန္တရာယ်ကင်းဝေးစေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းပူးပေါင်းကာ လူနေအိမ်နှစ်လုံးအား ဘေးလွတ်ရာသို့ ဝိုင်းဝန်းရွှေ့ပြောင်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ကမ်းပါးပြိုကျမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**ထန်းတပင်**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ထူးကဲ ဒီရေမြင့်တက်လာမှုအခြေအနေများကြောင့် ထန်းတပင်မြို့နယ်အတွင်းရှိ အ.မ.က (ကဇန်း) ကျောင်းကို သြဂုတ် ၁ ရက်တွင် လည်းကောင်း၊ အ.မ.က (သစ်စိမ့်-၂) အခြေခံပညာကျောင်းကို ယနေ့တွင် လည်းကောင်း ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာ ရေးမှူးရုံးမှ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ထူးကဲဒီရေမြင့်တက်လာမှု အခြေအနေများကြောင့် အ.မ.က (သစ်စိမ့်-၂)တွင် ကျောင်းဝင်းအတွင်းနှင့် စာသင်ခန်းမဆောင်အတွင်းသို့ ရေဝင်ရောက်မှုအခြေအနေများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ကျောင်းသား ကျောင်းသူများဘေးအန္တရာယ်များမဖြစ်ပေါ်စေရေးအတွက် ယာယီပိတ်ထားပေးမည် ဖြစ်ကြောင်းနှင့် အ.မ.က(ကဇန်း) ကျောင်းကို သြဂုတ် ၁ ရက် မှ ၃ ရက်အထိ ယာယီပိတ်ထားခဲ့သော်လည်း သြဂုတ် ၅ ရက်အထိ ကျောင်းပြန်လည် မဖွင့်နိုင်သေးကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

**ကျိုက်မရော**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် ယနေ့နံနက်ပိုင်းက အတ္တရံမြစ်ရေ ဆက်လက်တိုးလာသဖြင့် ကျိုက်မရော ဘုရားကြီးမှ စပယ်ဂူတံတားတည်ရှိရာ လှေဆိပ်သို့ သွားရာလမ်းမကြီး တစ်လျှောက် ရေကျော်နေ၍ ဆိုင်ကယ်များ သွားလာမောင်းနှင်၍ မရတော့ကြောင်း သိရသည်။

အဆိုပါ စပယ်ဂူလမ်းမကြီးပေါ်၌ သွားလာနေသော မော်တော်ကားများနှင့် ဆိုင်ကယ်မောင်းနှင်သူများ သတိပြု၍ သွားလာကြရန် အဆိုပါ ရပ်ကွက်နေဒေသခံများက ပြောသည်။ ယနေ့တွင် အတ္တရံမြစ်တစ်ဖက်ကမ်းရှိ ကျေးရွာများသို့ သွားလာကြမည့် ကျောင်းဆရာ ဆရာမများနှင့် ဒေသခံပြည်သူများအား စက်လှေများ စီစဉ်ဆောင်ရွက် ပေးထားကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး( ကျိုက်မရော)**





ဩစတြေးလျအသင်းနှင့် မြန်မာအသင်း ယှဉ်ပြိုင်စဉ်။

# U-23 Volleyball Championship ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သည့် SMM 3rd Asian "Asia World Foundation" Men's U-23 Volleyball Championship ပြိုင်ပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)နှင့် (C)တို့၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ယနေ့ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ သီရိလင်္ကာအသင်းနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (၂၅-၁၇)မှတ်၊ (၂၅-၂၂)မှတ်၊ (၂၅-၂၂) မှတ်ဖြင့် လည်းကောင်း၊ ဩစတြေးလျအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (၂၄-၂၆)မှတ်၊ (၂၃-၂၅)မှတ်၊ (၂၅-၁၇)မှတ်၊ (၂၇-၂၅) မှတ်၊ (၁၅-၁၀)မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ တရုတ်အသင်းနှင့် နယူးဇီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (၂၅-၁၃)မှတ်၊ (၂၅-၁၁)မှတ်၊ (၂၅-၁၀) မှတ်ဖြင့် လည်းကောင်း၊ ပါကစ္စတန်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ(၂၀-၂၅)မှတ်၊ (၂၅-၁၈)မှတ်၊ (၂၅-၁၈)မှတ်၊ (၂၅-၁၇)မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ယင်းနောက် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ထိုင်းအသင်းနှင့် အိန္ဒိယအသင်း၊ ကာတာအသင်းနှင့် ဘာရိန်းအသင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ဂျပန်အသင်းနှင့် ဗီယက်နမ်အသင်း၊ ကာဇက်စတန်အသင်းနှင့် ဆော်ဒီအာရေးဗျအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲကို ဩဂုတ် ၁၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) နှင့် (C) တို့၌ နေ့စဉ် နံနက် ၁၁ နာရီမှ စတင်၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘော်လီဘောအားကစားကို စိတ်ပါဝင်စားသူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# တက္ကသိုလ် ဒီဂရီကောလိပ်ပေါင်းစုံ ဂျူဒိုပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၅

**မြန်မာနိုင်ငံ တက္ကသိုလ်ပေါင်းစုံ ဂျူဒိုဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် တက္ကသိုလ် ဒီဂရီကောလိပ်ပေါင်းစုံ ဂျူဒိုပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။**

အဆိုပါ ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ တက္ကသိုလ်ပေါင်းစုံ ဂျူဒိုဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ဖိတ်ကြားထားသူများက အမျိုးသား အမျိုးသမီးကီလိုတန်းလိုက် ပထမနေ့ ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

"ကျွန်တော်တို့ ဂျူဒိုအသင်းအဖွဲ့တွေ ပြန်ပေါ်လာရေးနဲ့ ဂျူဒို ပြန့်ပွားရေးအတွက်ကျင်းပတဲ့ ပထမဆုံး ပြိုင်ပွဲဖြစ်ပါတယ်။ ဒါကြောင့် ကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိအောင်လည်း ရည်ရွယ်ကျင်းပတဲ့ ပြိုင်ပွဲလည်း ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ကလပ် A . B ခွဲထားပါတယ်။ ကလပ် A မှာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှာကျင်းပတဲ့ ပြိုင်ပွဲတွေမှာ ဆုရဖူးတဲ့ ကစားသမားတွေက ကလပ် A ဖြစ်ပါတယ်။ လူသစ်တန်းကစားသမားတွေက ကလပ် B ဆိုပြီး ဝိတ်တန်းအမျိုးမျိုးနဲ့ ခွဲပြီး ကျင်းပတာဖြစ်ပါတယ်" ဟု ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ကိုသီဟက ပြောသည်။ ယင်းပြိုင်ပွဲတွင် ဆေးတက္ကသိုလ်(၂) မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ် ရန်ကုန်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (သန်လျင်)၊ ဒဂုံတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ အနောက်ပိုင်းတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်တို့မှ အမျိုးသား အမျိုးသမီး အားကစားသမား ၁၃၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**



လူသစ်တန်းပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။





**▲ ကျောဖုံးမှ**

အဆိုပါ ရေများဝင်ရောက်လာမှုကြောင့် အရေးပေါ်လိုအပ်လာပါက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ရွှေ့ပြောင်းကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ယနေ့ နေ့လယ်ပိုင်းတွင် ဘားအံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ အရေးပေါ်အစည်းအဝေးကို ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေထက်အောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက အရေးပေါ်ရေဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အစီအမံများအား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အလားတူ ဘားအံမြို့အမှတ်(၄)ရပ်ကွက် ဇွဲကပင်လမ်းတွင် မိုးအဆက်မပြတ်ရွာပြီး လေပြင်းတိုက်မှုကြောင့် လုံးပတ် နှစ်ပေခွဲခန့်ရှိသော ဆီသပြေပင်သည် အမြစ်မှကျွတ်၍ လမ်း၏တစ်ဖက်ခြမ်းတွင်ရှိသော ဓာတ်ကြိုးများပေါ်သို့ လဲကျစဉ် အဆိုပါ လမ်းတစ်လျှောက်ရှိ ဓာတ်တိုင် ၁၁ တိုင်၊ ဖုန်းတိုင်တစ်တိုင် လမ်းပေါ်သို့ ကျိုးကျပျက်စီးခဲ့ကာ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်းနှင့် လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

ထိုသစ်ပင်လဲကျရာနေရာသို့ ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင် ဦးဆောင်၍ စည်ပင်သာယာရေးမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**❂ ကျောဖုံးမှ**

မြန်မာ့လက်ရွေးစင် အမျိုးသားအသင်း၏ နိုင်ငံတကာခြေစမ်းပွဲများ၊ ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲအချို့ကို မန္တလာသီရိကွင်း၌ ကျင်းပဖူးသော်လည်း ကမ္ဘာ့ဖလားခြေစစ်ပွဲကိုမူ ပထမဆုံးကျင်းပခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ပထမအဆင့်နှင့် ဒုတိယအဆင့်ခြေစစ်ပွဲကို တစ်ပေါင်းတည်း ကျင်းပလျက်ရှိပြီး တတိယအဆင့်ခြေစစ်ပွဲမှသာ သီးခြားစီကျင်းပမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲမှစ၍ ခြေစစ်ပွဲကျင်းပသည့်ပုံစံပြောင်းလဲခဲ့ပြီး မြန်မာအသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလား ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို အိမ်ကွင်းပိတ်ပြစ်ဒဏ် ချမှတ်ခံထားရသောကြောင့် လက်ခံကျင်းပခွင့်မရခဲ့ဘဲ ထိုင်းနိုင်ငံ၌ သွားရောက် ကျင်းပခဲ့ရသည်။ ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲဖြစ်သည့် မြန်မာနှင့် အိုမန်ပွဲတွင် ပရိသတ်အချို့၏ အားပေးမှုလွန်ကဲမှုအချို့ကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အရေးယူခြင်းခံရသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် စက်တင်ဘာတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲများ စတင်ကစားရမည်ဖြစ်ပြီး စက်တင်ဘာတွင် ကစားမည့် နှစ်ပွဲအတွက် ဩဂုတ် ၁၉ ရက်တွင် လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၅ ရက်တွင် မွန်ဂိုလီးယားနှင့် အဝေးကွင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ဂျပန်နှင့် အိမ်ကွင်း ကစားရမည်ဖြစ်ပြီး ယင်းနှစ်ပွဲမတိုင်မီ ဩဂုတ် ၃၀ ရက်တွင် တရုတ်လက်ရွေးစင်နှင့် တရုတ်၌ ခြေစမ်းပွဲ ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ရာဒူလိုဗစ်အတွက် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ပထမဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်ပြီး ဇွန် ၁၁ ရက်က စင်ကာပူလက်ရွေးစင်နှင့် ခြေစမ်းရာ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ **ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### မက်ဂွိုင်းယားကို မန်ယူ အပြီးသတ်ခေါ်ယူ

မန်ယူအသင်းသည် လက်စတာစီးတီးအသင်းမှ အင်္ဂလန်ဗဟိုခံစစ်ကစားသမား မက်ဂွိုင်းယားကို ပေါင်သန်း ၈၀ ဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အသက် ၂၆ နှစ်အရွယ်ရှိ မက်ဂွိုင်းယားသည် နောက်ထပ်တစ်နှစ်သက်တမ်းတိုးခွင့်အပါအဝင် မန်ယူအသင်းနှင့် ခြောက်နှစ်စာချုပ်ချုပ်ဆိုလိုက်ပြီး အဆိုပါ ကစားသမား၏ ပြောင်းရွှေ့ကြေးသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် လီဗာပူးအသင်းက ဆောက်သမ်တန် အသင်းမှ ခံစစ်ကစားသမား ဗန်ဒိုက်ကို ခေါ်ယူထားသော ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းကို ကျော်လွန်ကာ စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

### အက်ဒရီယန်ကို ခေါ်ယူသွားဖွယ်ရှိနေသည့် လီဗာပူး

လီဗာပူးအသင်းသည် မင်နိုလက်၏နေရာကို အစားထိုးရန်အတွက် ဝက်စ်ဟမ်းဂိုးသမားဟောင်း အက်ဒရီယန်ကို ခေါ်ယူသွားဖွယ်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အက်ဒရီယန် (၃၂ နှစ်)သည် ၂၀၁၃ ခုနှစ်တွင် ရီးရဲဘက်တစ်အသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပွဲ ၁၅၀ ပါဝင်ကစားထားကြောင်း သိရသည်။

### မန်ဇူကစ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိ

မန်ယူအသင်းသည် ဂျူဗင်တပ်စ်တိုက်စစ်မှူး မန်ဇူကစ်ကို တစ်နှစ် ပေါင် ၆ ဒသမ ၂ သန်းဖြင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

### ပေါ့ဂ်ဘာအတွက် ရီးရဲ၏ ကမ်းလှမ်းမှု မန်ယူ ငြင်းပယ်

မန်ယူအသင်းသည် အသင်းမှ အသက် ၂၆ နှစ်အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာအား ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းရိုဒရီဂွက်ဇ်အပါအဝင် ရီးရဲမက်ဒရစ်အသင်း၏ ကမ်းလှမ်းမှုအား ငြင်းပယ်လိုက်ကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။ မာကာသတင်းတစ်ရပ်တွင်မူ ရီးရဲမက်ဒရစ်အသင်းသည် ပေါ့ဂ်ဘာထက် အိုင်းယက်စ်အသင်းမှ အသက် ၂၂ နှစ်အရွယ် နယ်သာလန်ကွင်းလယ်ကစားသမား ဗန်ဒီဘိခ်ကိုသာ ခေါ်ယူသွားရန် ဆုံးဖြတ်ထားကြောင်း ဖော်ပြထားသည်။

### နိုင်ငံတကာချန်ပီယံဖလား အင်တာမီလန်က တော့တင်ဟမ်ကို အနိုင်ရ

နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲအဖြစ် ဩဂုတ် ၄ ရက်က တော့တင်ဟမ်နှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်တာမီလန်အသင်းက ပယ်နယ်တီဖြင့် အနိုင်ရရှိခဲ့သည်။ တော့တင်ဟမ်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲအစ သုံးမိနစ်တွင် မော်ရာက သွင်းယူပေးခဲ့ပြီး အင်တာမီလန်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၆ မိနစ်တွင် ဆန်စီက သွင်းယူပေးခဲ့သည်။ ထို့နောက် တစ်ဖက်နှင့် တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ သရေကျနေ၍ ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် အင်တာမီလန်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

# ရသေ့တောင်မြို့နယ် ခြေရာတော်ကျေးရွာအနီး၌ AA အဖွဲ့၏ လေ့ကျင့်ရေးစခန်းတစ်ခု သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၅**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂ ရက်နှင့် ၃ ရက် တို့တွင် ခြေရာတော်ကျေးရွာအနီး၌ AA အဖွဲ့၏ လေ့ကျင့်ရေးစခန်း နေရာတစ်ခုနှင့် အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ခြေရာတော်ကျေးရွာ၏ အနောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာ၌ AA အဖွဲ့၏ လေ့ကျင့်ရေးစခန်း တစ်ခုအား ပစ်ကျင်း ၆ ကျင်း၊ လူနေတဲသုံးလုံး၊ ယူနီဖောင်း နှစ်စုံ၊ အရပ်ဝတ် ၃၃ ထည်၊ မိုးကာမြေခင်းစ ၁၄ ထည်၊ ဂေါ်ပြား၊ တူးရွင်း၊ ဓားရှစ်ချောင်း၊ လက်ကိုင်ဖုန်းတစ်လုံး၊ တန်းစီကွင်းတစ်ကွင်းတို့နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။



သိမ်းဆည်းရမိသည့် ဆေးဝါးအသုံးအဆောင်ပစ္စည်းများ။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး




**AA အဖွဲ့၏ လေ့ကျင့်ရေးစခန်း နေရာပြမြေပုံ။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ဆက်လက်၍ အဆိုပါဝန်းကျင်တစ်ဝိုက်အား နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် ဩဂုတ် ၃ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် ခြေရာတော်ကျေးရွာ၏ အနောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာ၌ AA အဖွဲ့မှ ဝှက်ထားသော လေ့ကျင့်ရန် ပြုလုပ်ထားသည့် သစ်သား သေနတ် အလက် ၅၀၀၊ ဒီတိုနေတာ ၆ ခု၊ ပွိုင့်၅ ကျည်ခွံပုံး ၃ ပုံး၊ တဲမျိုးစုံ ၁၃ လုံး၊ ပေါက်ပြား၊ ဂေါ်ပြားအလက် ၆၀၊ သံတူးရွင်း ၄၀၊ ဓားအချောင်း ၅၀၊ ဖုန်း ၁ လုံး၊ ဆန်နှင့် စားသောက်ဖွယ်ရာများ၊ ဆေးမျိုးစုံ ၃ အိတ်၊ အခြားအသုံးအဆောင်ပစ္စည်းမျိုးစုံတို့အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

---

## မြန်မာ့ရုပ်မြင်သံကြား

၆-၈-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - ရာသီတုပ်ကွေးရောဂါ တိုက်ဖျက်ရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး(သွေးလွန် တုပ်ကွေးရောဂါ ပြင်းထန်လက္ခဏာများ)
- ၈း၃၅ - FDA စကားဝိုင်း "အစားအသောက်တို့၏ အမှတ်တံဆိပ် သတ်မှတ်ချက်များအကြောင်း သိကောင်းစရာ"
- ၁၀း၃၅ - ဥပဒေရေးရာအဖြာဖြာ "တစ်ဆယ်ကျော်ငါးနှစ် ပတ်လည်"
- ၁၁း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ဂမ္ဘီရ"
- ၁၄း၂၀ - သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး

**ညပိုင်း**

- ၁၇း၀၅ - "အာဆီယံနှင့်အာဆီယံ နိုင်ငံများအကြောင်း"
- ၁၈း၅၅ - မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသောသက်ငယ်မုဒိမ်းမှု အခြေအနေများ
- ၁၉း၂၀ - ရှူတိုင်းယဉ်ဆင်တိုင်းလုဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ဂီတဖျော်ဖြေပွဲကြီးနှင့်ပြဇာတ် "ဘယ်သူပိုမိုက်လဲပြဇာတ်" (အပိုင်း-၂)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုခြင်းဖြစ်ပွားသည်ကို သံသယရှိ/သိရှိပါက
- ၂၀း၃၅ - စီးပွားရေးစကားဝိုင်း "လျှင်မြန်ပြုပြင်မြန်ပြည် တစ်ခွင်"(ပထမပိုင်း)
- - အနုပညာခန်းရိပ်သာ "အဆိုတော်အကော်ဒီယံ အုန်းကျော်နှင့် တွေ့ဆုံခြင်း"

---

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၅**

ပူတာအိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃ ရက် ည ၁၁ နာရီက ပူတာအိုမြို့နယ် ဖက်မာဒါးကျေးရွာ သဘောင်တံတားထိပ်တွင် သူရလင်း မောင်းနှင်လာသော ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ဆာမိုးရီနှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ဖန်းမာထားတို့ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူ ၃၉၆ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၆၆၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဩဂုတ် ၄ ရက် နံနက် ၇ နာရီခွဲက မံစီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မံစီမြို့နယ် သံတံတားကျေးရွာအုပ်စု မလင်ကျေးရွာနေ မခင်နှင်းဖြူ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကို လည်းကောင်း။

ယင်းနေ့ ညနေ ၄ နာရီက မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန် (အရှေ့ပိုင်း) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက်၊ ကျိုက္ကဆံလမ်းမကြီးရှိ ဟိုတယ်တစ်ခုတွင် ထက်မြတ်ဘုန်းပြည့်စုံ တည်းခိုနေသည့် အခန်းအမှတ်(၈၀၉) ကိုရှာဖွေရာ အိုက်စ် ၁ ဒသမ ၅ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကာ ကွင်းဆက်အရ ယင်းဟိုတယ်၌ပင် အခန်းအမှတ် (၈၀၇)တွင် တည်းခိုနေသူ သီဟတင်မိုးကို ဖမ်းဆီးရမိပြီး ဆက်လက်၍ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းဆုံအနီးရှိ ဟိုတယ် အခန်းအမှတ် (၂၀၁၇) တွင် တည်းခိုနေသူ နေဝင်းအောင်(ခ)အရုပ် သည်နှင့်အတူ ကျော်သူစိုး၊ ပြည်စုံကျော် တို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၂၂၈ ပြား၊ အိုက်စ် ၄၈ ဂရမ်၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု၊ ဆိုက်ခေါင်စံပြကျေးရွာနေ လောဆယ်(ခ)အဖေ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ ကို လည်းကောင်း။

အလားတူ ညနေ ၄ နာရီတွင် လားရှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ် (၁၂) ရပ်ကွက် နယ်မြေ (၁၆) အရှေ့ဘက်ရှိ စိုင်းနောင့်၏တဲကိုရှာဖွေရာ ၎င်းနှင့်အတူ စိုင်းအိုက်ထွန်း၊ ကျော်အေး၊ အိုက်မောင်(ခ)လုမောင်တို့အား တွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေး ၁၁၉၈ ပြားနှင့် ငွေကျပ် ၂၇၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

---

## ဖားကန့်မြို့နယ်၌ ကျောက်ကမ်းပါးယံပြိုကျ၍ သေဆုံးသူရုပ်အလောင်းတစ်လောင်း ရှာဖွေတွေ့ရှိ

**ဖားကန့် ဩဂုတ် ၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နန့်မော်ကျေးရွာရှိ ကျောက်စိမ်းတူးဖော်ရေးရပ်နားထားသည့် ရတနာစန်းရွှင်ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်အတွင်း ဩဂုတ် ၃ ရက် ညပိုင်းက ကျောက်ကမ်းပါးယံပြိုကျခဲ့၍ ရေမဆေးကျောက်ရှာဖွေသူအချို့ဒဏ်ရာရရှိကာ သေဆုံးသူများလည်းရှိခဲ့ပြီး ယနေ့နံနက်ပိုင်းက သေဆုံးသူရုပ်အလောင်းတစ်လောင်း ရှာဖွေတွေ့ရှိခဲ့ကြောင်း ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃ ရက် ည ၈ နာရီခန့်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နန့်မော်ကျေးရွာရှိ ကျောက်စိမ်းတူးဖော်ရေးရပ်နားထားသည့် ရတနာစန်းရွှင်ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်အတွင်း အမြင့်ပေ ၃၀၀ ခန့်ရှိ ကျောက်ကမ်းပါးယံပြိုကျခဲ့၍ ကမ်းပါးယံအောက်ဘက်တွင် ရေမဆေးကျောက်ရှာဖွေနေသူများ ကမ်းပါးယံအောက်ဘက်ရှိ ရေကန်အတွင်းသို့ ပြုတ်ကျပျောက်ဆုံးခဲ့သည်။

ကျောက်ကမ်းပါးယံပြိုကျခဲ့သည့်နေရာသို့ နန့်မော်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ နန့်မော်ကျေးရွာ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်ခဲ့ရာ ဒဏ်ရာရရှိသူများဖြစ်ကြသည့် မင်းသန်းဦး၊ သန်းစိုးနှင့် စိုးနိုင်တို့သုံးဦးကို မြတ်ပါရမီလူမှုကူညီရေးယာဉ်ဖြင့် ဖားကန့်မြို့နယ် ဆေးရုံသို့ ဆေးကုသမှုခံယူရန်ပို့ဆောင်ထားကြောင်း သိရသည်။

ဒဏ်ရာရရှိသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ခဲ့သူ နန့်မော်ကျေးရွာ မြတ်ပါရမီလူမှုကူညီရေးအသင်းမှ ဦးလှိုင်ဌေးအောင်က "ဒဏ်ရာရရှိတာကတော့ ခုနစ်ဦးလောက်တော့ရှိတယ် ဒဏ်ရာပြင်းတဲ့သူတွေကိုပဲ ဆေးရုံကိုပို့လိုက်တာပါ" ဟု ပြောသည်။

အဆိုပါ ကျောက်ကမ်းပါးယံပြိုကျသည့်ရေကန်အတွင်း ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီခန့်က အင်းတော်ကြီးဒေသ နန့်မွန်းမြို့နေ ကျော်ဇင်လင်း (၂၀ နှစ်) ၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး သန်္ဂါလူမှုကူညီရေးယာဉ်ဖြင့် ဖားကန့်မြို့နယ် ဆေးရုံသို့ပို့ဆောင်ကာ ဖားကန့်မြို့မရဲစခန်းတွင် သေမှုသေခင်းရေးဖွင့်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

---

## ကော့သောင်းမြို့တွင် ညသန်းခေါင်ယံအချိန် ဓားထောက်လုယက်မှုဖြစ်

**ကော့သောင်း ဩဂုတ် ၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ဆယ်မိုင်ကျေးရွာရှိ သုံးထပ်တိုက်တစ်ဆောင်တွင် ယမန်နေ့ ညသန်းခေါင်ယံအချိန်က အိမ်အတွင်းသို့ဝင်ရောက် ဓားထောက်လုယက်မှုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၄ ရက် နံနက် ၁ နာရီခန့်တွင် ဆယ်မိုင်ကျေးရွာ ဗိုလ်ချုပ်လမ်းနေ ဦးအောင်စိုး (၆၆ နှစ်) သည် နေအိမ်၌ အိပ်ပျော်နေစဉ် လူတစ်ဦး အိမ်အပေါ်ထပ်သို့ တက်ရောက်လာပြီး ဓားဖြင့်ထောက်ကာ အိမ်ရှင် ဦးအောင်စိုး၏ လည်ပင်းနှင့်လက်အား ကြိုးဖြင့်ချည်နှောင်၍ ငွေကျပ်သိန်း ၂၀ နှင့် မီးခံသေတ္တာအတွင်းမှ ရွှေငွေ လက်ဝတ်ရတနာပစ္စည်း စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၅၈၃ သိန်းခန့်ကို လုယက်ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကော့သောင်းမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ လုယက်မှုကျူးလွန်သူကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

---

## ရွှေဘိုမြို့နယ်တွင် စိတ်ပုံမှန်မဟုတ်သူက ပေါက်ပြားရိုးနှင့်ရိုက်ပြီး ဓားဖြင့်ခုတ်သဖြင့် အမျိုးသားတစ်ဦးသေဆုံး

**ရွှေဘို ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် တကန်သာကျေးရွာတွင် ဩဂုတ် ၄ ရက်က စိတ်ပုံမှန်မဟုတ်သူက တစ်ရွာတည်းသားချင်းဖြစ်သူကို ပေါက်ပြားရိုးနှင့်ရိုက်ပြီး ဓားဖြင့်ခုတ်သဖြင့် အမျိုးသားတစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဆန်းဦးထံမှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် တကန်သာကျေးရွာတွင် ဩဂုတ် ၄ ရက် နံနက် ၈ နာရီခန့်က လူသတ်မှုဖြစ်ကြောင်း သတင်းအရ ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဆန်းဦး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ တကန်သာကျေးရွာနေ ဝင်းဇော်ဦး (ခ) ကိုပိန် (၄၅ နှစ်) သည် တစ်ရွာတည်းနေ စိတ်ပုံမှန်မဟုတ်သူ မောင်ဝင်း (၃၁ နှစ်) ၏ နေအိမ်ရှိဓားသွေးကျောက်တွင် ဓားသွေးပြီးအပြန် မောင်ဝင်းက နောက်ကလိုက်လာပြီး ဝင်းဇော်ဦး (ခ) ကိုပိန်ကို ၎င်းလက်ထဲရှိ ပေါက်ပြားရိုးနှင့် ရိုက်သဖြင့် ဝင်းဇော်ဦး(ခ) ကိုပိန်မှာ ဒဏ်ရာရရှိကာ ဓားနှင့်အတူ လဲကျသွားစဉ် အဆိုပါ ဓားမအား ကောက်ယူ၍ခုတ်ခဲ့သဖြင့် ပြတ်ရှဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး မောင်ဝင်းမှာ ထွက်ပြေးသွားကြောင်း သိရသည်

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မောင်ဝင်း (၃၁ နှစ်) ကို ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူကာ ရွှေဘိုမြို့မရဲစခန်းမှူး ဦးစီး၍ အမြန်ဆုံးဖမ်းဆီးရမိ ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

# အီရန်တို့ ဖမ်းဆီးထိန်းသိမ်းလိုက်သည့် သုံးစင်းမြောက်သင်္ဘောမှာ အီရတ်နိုင်ငံမှသင်္ဘောဖြစ်

တီဟီရန် ဩဂုတ် ၅

**ပြီးခဲ့သည့် ရက်ပိုင်းအတွင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့သည် ပြည်ပမှ သင်္ဘောတစ်စင်းကို သုံးစင်းမြောက် ဖမ်းဆီးခဲ့ရာ အဆိုပါသင်္ဘောမှာ အီရတ်နိုင်ငံမှ သင်္ဘောဖြစ်ကြောင်း အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားက သတင်းဖော်ပြခဲ့သည်။**

အဆိုပါသင်္ဘောမှာ လောင်စာဆီများကို မှောင်ခိုသွင်းရန် ကြိုးပမ်းခဲ့သည့်အတွက် ဖမ်းဆီးရခြင်းဖြစ်ကြောင်း အီရန်ဘက်မှဆိုထားသည်။ ဖမ်းဆီးထိန်းသိမ်းလိုက်သည့် သင်္ဘောကိုရိုက်ကူးထားသည့် ဗီဒီယိုဖိုင်ကို အီရန်ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။ ဗီဒီယိုဖိုင်၌ သင်္ဘောတစ်စင်းလုံး၏ ပုံကိုပြသထားပြီး သင်္ဘောပေါ်၌ လောင်စာဆီများ တင်ဆောင်ထားဟန်ရှိပြီး အီရန် ကင်းလှည့်ရေယာဉ်များကသင်္ဘောအား ဝိုင်းရံထားသည်ကို တွေ့ရသည်။

သင်္ဘောပေါ် လိုက်ပါလာသည့် ပြည်ပနိုင်ငံများမှ သင်္ဘောအမှုထမ်း ခုနစ်ဦးကို တော်လှန်ရေးအစောင့်တပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းလိုက်ပြီး ရေနံတင်သင်္ဘောအား အီရန်တောင်ပိုင်း ဆိပ်ကမ်းတစ်ခုဆီသို့ ကြိုးဖြင့်ဆွဲကာ သယ်ဆောင်သွားခဲ့ကြောင်း သိရသည်။ ရက်သတ္တပတ် အနည်းငယ်အတွင်း အီရန်က ပြည်ပမှ သင်္ဘောများကို ဖမ်းဆီးထိန်းသိမ်းနေသည်မှာ ယခုအခါ သုံးကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်။

ကမ်းခြေစောင့်တပ်ဖွဲ့က သင်္ဘောအားဖမ်းဆီးထိန်းသိမ်းမှုသည် တရားမဝင်မှောင်ခိုသွင်းမှုကို တရားဥပဒေအရ နှိမ်နင်းသည့် ဆောင်ရွက်မှုဖြစ်ကြောင်းနှင့် ဖမ်းဆီးခဲ့သည့် သင်္ဘောမှာ အီရတ်နိုင်ငံမှဖြစ်ကြောင်း ပြောဆိုခဲ့သည်။ သို့သော် လည်း အီရတ်နိုင်ငံက လောင်စာဆီများ မှောင်ခိုသွင်းသည်ဆိုသော စွပ်စွဲချက်ကို ငြင်းဆန်လျက်ရှိသည်။

ပြီးခဲ့သည့်လအတွင်းက အီရန်သည် ပနားမားအလံလွှင့်ထားသည့် သင်္ဘောတစ်စင်းကို တရားမဝင် ရေနံတင်ပို့သည်ဆိုသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခဲ့သည့်အပြင် ဗြိတိန်သင်္ဘောတစ်စင်းကိုလည်း နိုင်ငံတကာ ရေကြောင်းသွားလာမှု စည်းကမ်းများကို ချိုးဖောက်သည်ဆိုသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အမေရိကန်က အီရန်အပေါ် အရေးယူပိတ်ဆို့မှုများပြုလုပ်ကာ အီရန်၏ ရေနံတင်ပို့မှုကို ပိတ်ပင်လိုက်ခြင်းအားဖြင့် ပိုမိုဖိအားပေးလာသည်ဖြစ်ရာ အီရန်သည် ရေနံတင်ပို့မှုများအတွက် အသက်သွေးကြောသဖွယ်ဖြစ်သည့် ပါရှန်းပင်လယ်ကွေ့ဒေသ၌ ၎င်း၏လှုပ်ရှားမှုများကို အရှိန်မြှင့်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**




အီရန်က ဖမ်းဆီးလိုက်သည့် ရေနံတင်သင်္ဘောကို တွေ့ရစဉ်။

# ဩစတြေးလျနိုင်ငံ၌ အမေရိကန် ဒုံးကျည်အခြေစိုက်စခန်းများ တည်ဆောက်ခွင့်မပြုကြောင်း အာဏာပိုင်များပြော

**ဆစ်ဒနီ ဩဂုတ် ၅**

အမေရိကန်၏ တာလတ်ပစ် ဒုံးကျည်များကို ဩစတြေးလျနိုင်ငံအတွင်း၌ ချထားခွင့်ပေးလိမ့်မည်မဟုတ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ဩဂုတ် ၅ ရက်တွင် အတည်ပြုပြောကြားလိုက်သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး မတ်အက်စပါသည် ပြီးခဲ့သည့် ရက်သတ္တပတ်က ဆစ်ဒနီ၌ ဩစတြေးလျ အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့စဉ်အတွင်း တာလတ်ပစ် တိုက်ခိုက်ရေး ဒုံးကျည်များကို လာမည့်လအနည်းငယ်အတွင်း အာရှပစိဖိတ်ရှိ တည်နေရာအများအပြားတို့တွင် ချထားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



ဩစတြေးလျ ဝန်ကြီးချုပ် စကော့မော်ရစ်ဆင်

သမ္မတထရမ့် အစိုးရအဖွဲ့သည် စစ်အေးခေတ်အတွင်းက ရုရှားနှင့်ချုပ်ဆိုခဲ့သည့် နျူကလီးယားလက်နက်ထိန်းချုပ်ရေးသဘောတူစာချုပ်မှ နုတ်ထွက်လိုက်ပြီးနောက် ၎င်း၏ ဒုံးကျည်ချထားမည့်အစီအစဉ်များကို ပြောကြားခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျကာကွယ်ရေးဝန်ကြီး လင်ဒါ ရေနိုလ်က ဒုံးကျည်အခြေစိုက်စခန်းများတည်ဆောက်မည့် တည်နေရာများကို ယခုအချိန်အထိ မသိရှိရသေးသော်လည်း ဩစတြေးလျနိုင်ငံ၌ အဆိုပါ အခြေစိုက်စခန်းများ တစ်ခုမျှ တည်ဆောက်ခွင့် မပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ဂျပန်နိုင်ငံ ကျူရှူးဒေသအနီးသို့ ချဉ်းကပ်လာ

**တိုကျို ဩဂုတ် ၅**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကျူရှူးဒေသဆီသို့ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတစ်ခု ဦးတည်လာနေကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း ဖရန်စစ်စကိုသည် ကိုချီစီရင်စုရှိ အာရှီဇူရီအငူ တောင်ပိုင်း ၂၅၀ ကီလိုမီတာခန့်အကွာ ရေပိုင်နက်ကို ဖြတ်ကျော်လာခဲ့ကြောင်း ဩဂုတ် ၅ ရက် ညနေ ၃ နာရီတွင် ဂျပန်မိုးလေဝသအာဏာပိုင်များက ပြောကြားခဲ့သည်။ မုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ၃၀ အမြန်နှုန်းဖြင့် အနောက်မှ အနောက်မြောက်ဘက်ဆီသို့ ရွေ့လျားလာလျက်ရှိကြောင်း သိရသည်။

မုန်တိုင်းဗဟို၌ လေထုဖိအား ၉၇၅ ဟက်တိုပါစကယ်ရှိပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၂၆ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်နေကြောင်း ဖော်ပြထားသည်။ တိုင်ဖွန်းမုန်တိုင်းသည် ကျူရှူးဒေသဆီသို့ ချဉ်းကပ်လာနေပြီး ဩဂုတ် ၆ ရက်အစောပိုင်းတွင် မိုးသက်မုန်တိုင်းများကျရောက်နိုင်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် ဂျပန်နိုင်ငံအနောက်ပိုင်းတွင် တည်ငြိမ်မှုမရှိသည့် လေထုအခြေအနေများဖြစ်ပေါ်နိုင်ပြီး အချို့ဧရိယာများတွင် မိုးရွာသွန်းနိုင်ကြောင်း မိုးလေဝသအာဏာပိုင်များက ခန့်မှန်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ ဖူကူရှီးမား၌ ပြင်းအား ၆ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်

**တိုကျို ဩဂုတ် ၅**

ဂျပန်နိုင်ငံ ဖူကူရှီးမားစီရင်စု၌ ပြင်းအား ၆ ဒသမ ၂ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက ပြောကြားခဲ့သည်။

ငလျင်သည် ဩဂုတ် ၄ ရက် ဒေသစံတော်ချိန် ည ၇ နာရီ ၂၃ မိနစ်တွင် လှုပ်ခဲ့ပြီး မြောက်လတ္တီကျု ၃၇ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၁၄၁ ဒသမ ၇ ဒီဂရီအတွင်း မြေအောက် အနက် ၅၀ ကီလိုမီတာကို ဗဟိုပြုကာ လှုပ်သွားခဲ့ကြောင်း သိရသည်။ ငလျင်လှုပ်မှုသည် ငါးမိနစ်ခန့်ကြာမြင့်ခဲ့ပြီး အချို့နေရာများတွင် ငလျင် ပြင်းအား အမြင့်ဆုံး ၇ အဆင့်အထိရှိခဲ့သည်။ ငလျင်လှုပ်ပြီးနောက် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

# သီရိလင်္ကာ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ နှစ်သိန်းကျော်ရှိ

**ကိုလံဘို ဩဂုတ် ၅**

သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် ယခုနှစ်၏ ပထမခုနစ်လအတွင်း သွေးလွန်တုပ်ကွေးဗိုင်းရပ် ကူးစက်ခံရမှု နှစ်သိန်းကျော်အထိရှိခဲ့ပြီး သေဆုံးသူ ၄၇ ဦးအထိရှိခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇူလိုင်လ ကုန်အထိ သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၂၃၄၀၇၈ ဦးအထိရှိခဲ့ပြီး ကိုလံဘို၌ ရောဂါဖြစ်ပွားမှု ၇၂၆၀ ဖြင့် အမြင့်ဆုံးဖြစ်ပွားခဲ့ကာ ဂမ်ပါဟာနှင့် ကိုလံဘိုအစွန်အဖျားတို့တွင် ၃၀၀၀ကျော် ရှိခဲ့၍ ကာလူတာရာ၌ ရောဂါဖြစ်ပွားမှု ၂၀၀၀ ကျော်အထိရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်ပြည်ထောင်စု ချီကာဂို၌ သေနတ်ပစ်ခတ်မှု နှစ်ခုဖြစ်ပွား ကိုးဦးဒဏ်ရာရ

**ချီကာဂို ဩဂုတ် ၅**

အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့တွင် ဩဂုတ် ၄ ရက်က သေနတ်ပစ်ခတ်မှု နှစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ သေနတ်ပစ်ခတ်မှု နှစ်ခုအတွင်းလူကိုးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ချီကာဂိုမြို့ အနောက်ပိုင်း ဒေါက်ဂလပ်စ်ပန်းခြံ၌ ဩဂုတ် ၄ ရက်တွင် လူအချို့ စုဝေးနေစဉ် ကားပေါ်မှ သေနတ်သမားတစ်ဦးက အဆိုပါလူစုဆီသို့ သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ လူခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့အနက် တစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ထိခိုက်ဒဏ်ရာ ရရှိသူများမှာ အသက် ၂၀ အရွယ်ခန့် လူငယ်များဖြစ်ပြီး ၎င်းတို့ကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ခဲ့သည်။ သေနတ်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် အဆိုပါ ပန်းခြံကို ပိတ်ဆို့ရှင်းလင်းမှုများ လုပ်ဆောင်ခဲ့သည်။ အဆိုပါ သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး နာရီအနည်းငယ်အကြာတွင် အခင်းဖြစ်ပွားခဲ့ရာ အနီးနေရာတစ်ခု၌ နောက်ထပ် သေနတ်ပစ်ခတ်မှု နှစ်ခု ထပ်မံဖြစ်ပွားခဲ့ကာ လူနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ သေနတ်ပစ်ခတ်မှုနှစ်ခု ဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေဆဲဖြစ်ပြီး သံသယရှိသူအား ဖမ်းဆီးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။




သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် နေရာ၌ ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။

**ဆင်ဟွာ**

# ကက်ရှ်မီးယားဒေသအရှုပ်တော်ပုံ

*ကလျာမိုးမြင့်*



ကက်ရှ်မီးယားဒေသ၌ အိန္ဒိယတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေစဉ်။

**အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားတဲ့ ကက်ရှ်မီးယားဒေသရဲ့နေရာအများအပြားကို အာဏာပိုင်တွေက ဩဂုတ် ၅ ရက်အစောပိုင်းမှာ ပိတ်ဆို့ရှာဖွေမှုပြုလုပ်ဖို့ တပ်ဖွဲ့ဝင်ထောင်ချီစေလွှတ်ခဲ့ပါတယ်။ အိန္ဒိယနဲ့ ပါကစ္စတန်တို့ဟာ နှစ်ဖက်လုံးက ၎င်းတို့ပိုင်ဆိုင်တယ်လို့ အငြင်းပွားနေတဲ့ ကက်ရှ်မီးယားဒေသမှာ ပဋိပက္ခတွေဖြစ်ပွားနေတာတွေနဲ့ပတ်သက်ပြီးတော့လည်း တစ်ဖက်နဲ့တစ်ဖက် အပြစ်တင်စွပ်စွဲနေကြပါတယ်။**

### ဆက်သွယ်ရေးဖြတ်တောက်

ပိတ်ဆို့မှုအတွင်း အများပြည်သူသုံး မိုဘိုင်းကွန်ရက်တွေ၊ အင်တာနက်ဝန်ဆောင်မှုတွေနဲ့ တယ်လီဖုန်းလိုင်းတွေ အပါအဝင် ဆက်သွယ်ရေးလမ်းကြောင်းတွေအားလုံးကို ဖြတ်တောက်လိုက်တယ်လို့ သိရပါတယ်။ ဆက်သွယ်ရေးတွေ မပြတ်တောက်မီ ကက်ရှ်မီးယား နိုင်ငံရေးလှုပ်ရှားမှုအဖွဲ့ခေါင်းဆောင်နှစ်ဦးကို အကျယ်ချုပ်နဲ့ဖမ်းဆီးခြင်းခံထားရတယ်ဆိုပြီး တွစ်တာပေါ်မှာ ရေးသားဖော်ပြမှုပြုလုပ်ခဲ့ပါတယ်။

အိန္ဒိယပြည်သူ့စစ်ယာဉ်တန်းတစ်ခုကို စစ်သွေးကြွအဖွဲ့တစ်ဖွဲ့က တိုက်ခိုက်ခဲ့ပြီးနောက် လအနည်းငယ်အကြာမှာ ဟိမဝန္တာတောင်တန်းဒေသဟာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာပဲ အများက အာရုံစူးစိုက်စောင့်ကြည့်ရတဲ့ အနေအထားတစ်ခုကို ရောက်ရှိလာခဲ့ပါပြီ။ အဲဒီတိုက်ခိုက်မှုကို ပါကစ္စတန်အခြေစိုက်အဖွဲ့တစ်ဖွဲ့က လုပ်ဆောင်ခဲ့တယ်လို့သိရပြီး ဒီတိုက်ခိုက်မှုကြောင့် နျူကလီးယားလက်နက်ပိုင်ဆိုင်တဲ့ ယှဉ်ပြိုင်ဘက် နှစ်နိုင်ငံတို့ဟာ နယ်စပ်ကိုဖြတ်ကျော်တဲ့ အပြန်အလှန် လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။

### နယ်နိမိတ်အငြင်းပွားမှု

၁၉၄၇ ခုနှစ် ဗြိတိသျှတွေရဲ့ ကိုလိုနီအုပ်ချုပ်မှုအောက် ကျရောက်မှု အဆုံးသတ်သွားတဲ့အချိန်ကစပြီး ကက်ရှ်မီးယားဒေသရဲ့ အစိတ်အပိုင်းအချို့ကို အိန္ဒိယနဲ့ ပါကစ္စတန်တို့က ထိန်းချုပ်ခဲ့ကြပါတယ်။ သို့သော်လည်း နှစ်ဖက်စလုံးဟာ ကက်ရှ်မီးယားဒေသတစ်ခုလုံးကို ၎င်းတို့ပိုင်ဆိုင်ကြောင်း အငြင်းပွားနေသလို အဲဒီနယ်နိမိတ်အတွက်နဲ့ စစ်ပွဲတွေလည်း ဖြစ်ပွားခဲ့ပါတယ်။ ကက်ရှ်မီးယားဒေသရဲ့ အိန္ဒိယဘက်ခြမ်းပေါ်မှာ ဆယ်စုနှစ်တစ်ခုကြာအောင်ဖြစ်ပွားခဲ့တဲ့ ပုန်ကန်ထကြွမှုတွေကြောင့် သေဆုံးသူအရေအတွက်ဟာဆိုရင်လည်း ထောင်ချီရှိခဲ့ပါပြီ။

### လူထုအစည်းအဝေးကျင်းပခွင့်မရှိ

ပိတ်ဆို့မှုပြုလုပ်ထားတဲ့ကာလအတွင်း ပြည်သူလူထုရဲ့ သွားလာလှုပ်ရှားမှုရှိမှာမဟုတ်သလို ပညာရေးအဖွဲ့အစည်းဌာနတွေအားလုံးကိုလည်း ပိတ်ထားဦးမှာဖြစ်တယ်လို့ ကက်ရှ်မီးယားဒေသရဲ့မြို့တော် ဆရီနာဂါနဲ့ အနီးတစ်ဝိုက်ရေိယာတွေအတွက် ဒေသအစိုးရရဲ့ အမိန့်ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အမိန့်ထုတ်ထားတဲ့ သတ်မှတ်ကာလအတောအတွင်း လူထုအစည်းအဝေးကျင်းပမှုမှန်သမျှကို လုံးဝကျင်းပခွင့်မရှိတဲ့ အပြင် တက္ကသိုလ်တွေ၊ အခြေခံပညာကျောင်းတွေ အားလုံးကိုလည်းပိတ်ထားဖို့ ညွှန်ကြားထားတာဖြစ်ပါတယ်။ ဒေသအများအပြားကို အလားတူ စည်းကမ်းထုတ်ထားတာဖြစ်တယ်လို့ ဒေသမီဒီယာက ဖော်ပြပါတယ်။

### ယခင်နဲ့မတူ

အိန္ဒိယနိုင်ငံက ကက်ရှ်မီးယားဒေသမှာ တပ်ဖွဲ့ဝင် တစ်သောင်းထက်မနည်းကို ချထားခဲ့ပြီးနောက် ပြီးခဲ့တဲ့ ၁၀ ရက်အတွင်းမှာ နှစ်နိုင်ငံ တင်းမာမှုတွေ ပြန်လည်စတင်လာခဲ့တာဖြစ်ပြီး နောက်ထပ်တပ်ဖွဲ့ဝင် ၇၀၀၀၀ ကိုထပ်မံချထားခဲ့ကြောင်း လုံခြုံရေးသတင်း ရင်းမြစ်တစ်ခုကနေ သိရပါတယ်။ ဒီအရေအတွက်ဟာဆိုရင် အရင်နဲ့မတူ များပြားလာတဲ့ တပ်ဖွဲ့ဝင်ချထားမှု ပမာဏပါပဲ။

အစိုးရဟာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားနိုင်တဲ့ အန္တရာယ်တွေအတွက် တခြားသော လုံခြုံရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတွေဖြစ်တဲ့ အစားအသောက်နဲ့ လောင်စာဆီ သိုလှောင်မှုတွေကိုပါ ဆောင်ရွက်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။ အစိုးရရဲ့ဆောင်ရွက်မှုက ဓာတ်ဆီဖြည့်တဲ့နေရာတွေ၊ စားသောက်ကုန်အရောင်းဆိုင်တွေနဲ့ ငွေရှင်းကောင်တာတွေမှာ ရှည်လျားကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေကြရတဲ့ ပြည်သူတွေကို စိတ်ပျက်ညစ်ညူးမှုတွေ ပိုဆိုးလာစေခဲ့ပါတယ်။

### ဂြိုဟ်တုဖုန်းတွေသုံးဖို့ညွှန်ကြား

ဆရီနာဂါမြို့ရဲ့ လမ်းတွေအားလုံး လူသွားလူလာကင်းမဲ့နေလင့်ကစား မြို့ရဲ့နေရာအများအပြားမှာ တပ်ဖွဲ့ဝင်တွေ ထူထပ်စွာ ချထားတာကို တွေ့မြင်နေရပြီး သေနတ်ပစ်ခတ်သံတွေကိုလည်း ကြားနေရပါတယ်။ မြို့စွန်မှာဆိုရင် အစိုးရတပ်ဖွဲ့ဝင်တွေဟာ အသက်ရှူကျပ်စေတဲ့ ဓာတ်ငွေ့ဗုံးတွေကို လမ်းတွေပေါ် ပစ်နေကြတယ်လို့ ဒေသခံပြည်သူတစ်ဦးက ဆိုပါတယ်။ ပြီးတော့ လုံခြုံရေးဆိုင်ရာ ထိပ်တန်းအာဏာပိုင်တွေနဲ့ အုပ်ချုပ်ရေးဆိုင်ရာအာဏာပိုင် ၃၀၀ နီးပါး ဂြိုဟ်တုဖုန်းတွေကို အသုံးပြုဖို့ ညွှန်ကြားထားတယ်လို့ သိရပါတယ်။

### လမ်းပေါ်ထွက်ဆန္ဒပြ

ကက်ရှ်မီးယားဒေသအတွင်း အလားတူ ပိတ်ဆို့မှုနဲ့ စည်းကမ်းထုတ်ပြန်မှုတွေ နောက်ဆုံးပြုလုပ်ခဲ့တဲ့အချိန်ဟာ ၂၀၁၆ ခုနှစ်ကဖြစ်ပြီး လူသိများတဲ့ သူပုန်ခေါင်းဆောင်တစ်ဦး အသတ်ခံခဲ့ရမှုကြောင့် လမ်းပေါ်ထွက်ဆန္ဒပြမှုတွေ ပေါ်ပေါက်ခဲ့ပြီး လူ ၁၀၀၀ နီးပါးသေဆုံးရပြီးနောက်မှာ အဲဒီလိုလုပ်ဆောင်ခဲ့တာပါ။ အိန္ဒိယနဲ့ ပါကစ္စတန်တို့ဟာ ကက်ရှ်မီးယားဒေသကို ပိုင်းခြားထားတဲ့ နယ်စပ်ထိန်းချုပ်မျဉ်းကို ဖြတ်ကျော်တိုက်ခိုက်မှုတွေပြုလုပ်တယ်လို့ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် စွပ်စွဲခဲ့ပြီးတဲ့နောက် စည်းကမ်းထုတ်ပြန်ချက်တွေ ဝင်ရောက်လာတာဖြစ်ပါတယ်။

### အပြန်အလှန်စွပ်စွဲ

အိန္ဒိယတပ်မတော်က ၎င်းတို့ဟာ ပါကစ္စတန်တပ်ဖွဲ့ဝင်တွေနဲ့ စစ်သွေးကြွတွေ နယ်စပ်ထိန်းချုပ်မျဉ်းကို ဖြတ်ကျော်ဖို့ ကြိုးပမ်းခဲ့တာကို ဟန့်တားခဲ့ရပြီး တိုက်ခိုက်ရေးအဖွဲ့သား ငါးဦးကနေ ခုနစ်ဦးအထိ အသေပစ်ခတ်ခံခဲ့ရတယ်လို့ ဩဂုတ် ၄ ရက်က ပြောကြားခဲ့ပါတယ်။

နယ်စပ်ထိန်းချုပ်မျဉ်းကိုဖြတ်ကျော်တယ်ဆိုတဲ့ အိန္ဒိယရဲ့ စွပ်စွဲချက်ကို ပါကစ္စတန်က လက်မခံပါဘူး။ အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်ဖြစ်ရုံမက အိန္ဒိယဟာ အရပ်သားတွေထိခိုက်စေမယ့် ဆင့်ကဲပေါက်ကွဲစေတဲ့ ကလပ်စတာဗုံးတွေကိုသုံးပြီး တိုက်ခိုက်ခဲ့တဲ့အတွက် လူလေးဦးသေဆုံးခဲ့ပြီး ၁၁ ဦးဒဏ်ရာရခဲ့တယ်လို့ ပါကစ္စတန်ဘက်က တုံ့ပြန်လိုက်ပါတယ်။

### အရေးပေါ်အစည်းအဝေးခေါ်

သေဆုံးသူတစ်ဦးရဲ့ဖခင်ဖြစ်တဲ့ မူဟာမက်ဆာဒစ်က ၎င်းရဲ့သား အာဟန်အာမက်ဟာ တခြားကစားဖော်တွေနဲ့ အတူဆော့ကစားနေချိန် ကလပ်စတာဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရကြောင်း သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။ အိန္ဒိယဘက်ကတော့ အဲဒီလက်နက်တွေကို မသုံးခဲ့ဘူးလို့ ငြင်းဆန်ထားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပါကစ္စတန် ဝန်ကြီးချုပ် အင်မရန်ခမ်းက အိန္ဒိယဘက်က ကျူးကျော်ရန်စမှုတွေကို လုပ်ဆောင်လိုက်တာပဲ၊ ဒီကိစ္စက ဒေသတွင်းပဋိပက္ခတစ်ခုဖြစ်အောင် မီးမွှေးလိုက်ပြီလို့ ယမန်နေ့က ပြောကြားလိုက်ပြီး ကက်ရှ်မီးယားဒေသအခြေအနေတွေနဲ့ ပတ်သက်ပြီး စဉ်းစားသုံးသပ်ဖို့ ပါကစ္စတန် အမျိုးသားလုံခြုံရေးကော်မတီ အရေးပေါ်အစည်းအဝေးတစ်ရပ် ခေါ်ယူခဲ့ပါတယ်။

### တပ်ဖွဲ့ဝင်တွေထပ်မံချထားမလား

အဆိုပါဒေသမှာရှိတဲ့ ဟိန္ဒူဘာသာဝင်တွေရဲ့ ဘုရားဖူးနယ်မြေအတွင်းမှာ အကြမ်းဖက်မှုတွေ ဖြစ်ပွားနိုင်တယ်ဆိုတဲ့ လျှို့ဝှက်ထောက်လှမ်းမှုသတင်းတွေအရ ကမ္ဘာလှည့်ခရီးသွားတွေနဲ့ ကျောင်းသားတွေကို အစိုးရက ၎င်းတို့အလည်အပတ်ရောက်ရှိနေတဲ့ နေရာတွေကနေ အမြန်ဆုံးထွက်ခွာကြဖို့ တိုက်တွန်းထားပါတယ်။

အိန္ဒိယတပ်မတော်နဲ့ ဒေသအစိုးရအဖွဲ့က လုံခြုံရေးဆိုင်ရာအန္တရာယ်တွေနဲ့ပတ်သက်ပြီး ဦးစားပေးအာရုံစိုက်နေချိန် နယူးဒေလီမြို့မှာရှိနေကြတဲ့ ကက်ရှ်မီးယားပြည်သူတွေနဲ့ အတိုက်အခံနိုင်ငံရေးသမားတွေက တခြားသောအကြောင်းပြချက်တွေနဲ့ နောက်ထပ်တပ်ဖွဲ့ဝင်တွေ ချထားမယ့်အရေးကို စိုးရိမ်ပူပန်ရလျက်ရှိပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

# နိုင်ငံတကာသတင်းတိုများ

## ထိုင်းနိုင်ငံတောင်ပိုင်းရှိ အေတီအမ် ငွေထုတ်စက်တစ်ခုတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား

**ဗန်ကောက် ဩဂုတ် ၅**

ထိုင်းနိုင်ငံတောင်ပိုင်း ပတာနီပြည်နယ် ဖာတိုနီတက္ကသိုလ်ရှေ့ရှိ ဘဏ်တစ်ခု၏ အေတီအမ်ငွေထုတ်စက်တစ်ခုတွင် ယမန်နေ့အစောပိုင်းက ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုတွင် ထိခိုက်သေဆုံးသူမရှိကြောင်းနှင့် အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ဒေသခံပြည်သူများက အခြားပေါက်ကွဲသံများကိုလည်းကြားခဲ့ရပြီး ပြည်နယ်အတွင်းရှိ နေရာအချို့တွင် မီးရှို့ထားသော ကားတာယာများကို တွေ့ရကြောင်း ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ တောင်ဘက်အစွန်အဖျားရှိ ပတာနီပြည်နယ် နာရာသီဝပ်နှင့် ယာလာပြည်နယ်တို့တွင် ပဋိပက္ခများဖြစ်ပွားလျက်ရှိပြီး သေနတ်ပစ်ခတ်မှုများနှင့် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံက တရုတ်နိုင်ငံခရီးသွားများအတွက် အွန်လိုင်းဗီဇာများထုတ်ပေးမည်

**တိုကျို ဩဂုတ် ၅**

တရုတ်နိုင်ငံမှ ခရီးသွားများ၏ အွန်လိုင်းဗီဇာ လျှောက်ထားမှုကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက လာမည့်နှစ် ဧပြီလမှ စတင်လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ဂျပန်နိုင်ငံသို့ တရုတ်ခရီးသွား လာရောက်မှုအရေအတွက် ၈ ဒသမ ၃၈ သန်းအထိရှိခဲ့ပြီး ဗီဇာထုတ်ပေးခဲ့ရသူများထဲတွင် ၈၀ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံသားများဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ဗီဇာလျှောက်ထားမှုများ လွယ်ကူချောမွေ့စေရန် ဂျပန်သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးများတွင် လတ်တလောဆောင်ရွက်နေသည့် ဗီဇာလျှောက်ထားမှုများကို လာမည့်နှစ် တိုကျို၌ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများ မတိုင်မီ အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်စေရန် ပြောင်းလဲဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် ဗီဇာအတုပြုလုပ်မှုကို ကာကွယ်ရန်အတွက် နိုင်ငံကူးလက်မှတ်များတွင် တံဆိပ်ကပ်ထုတ်ပေးနေသည့် ဗီဇာစနစ်ကို အီလက်ထရွန်နစ်ဗီဇာများဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# စစ်ကိုင်းမြို့ ဆဋ္ဌမအကြိမ်မြောက် ပဲအလှူတော်လှူဒါန်းပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၅**

စစ်ကိုင်းမြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ပညာရေးစင်တာကျောင်း၌ IBEC ပဓာနနာယက ဆရာတော် ဦးဆောင်ကာ ဆဋ္ဌမအကြိမ်မြောက် ပဲအလှူတော် လှူဒါန်းပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပရာ စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ရိုးရှိ သုဓမ္မာသာသနာပိုင် သံဃာတော်များထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီး ဒေါ်တင့်တင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များတက်ရောက်ခဲ့ကာ ပဲများ လှူဒါန်းခဲ့ကြသည်။



သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်ဇနီး ပဲလောင်းလှူကြစဉ်။

တိုင်းဒေသကြီး သံဃနာယက အဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ဆရာတော်များထံမှ ငါးပါးသီလကို အလှူရှင်များက ခံယူဆောက်တည်ကာ မေတ္တသုတ်တရားတော်များ၊ ဩဝါဒ စကားများမိန့်ကြားမှုကို နာယူကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းတို့က အလှူရှင်များထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

**ခြောက်ကြိမ်မြောက်အထိ ပဲလှူဒါန်းနိုင်ခဲ့**

အဆိုပါလှူဒါန်းပွဲကို လေးရက်တိုင်တိုင် လှူဒါန်းသွားမည်ဖြစ်ပြီး ယနေ့ လှူဒါန်းမှုသည် တတိယနေ့ဖြစ်ကာ စစ်ကိုင်းတောင်၊ မင်းဝံတောင်ရိုးရှိ သုဓမ္မာ သာသနာပိုင်ကျောင်းပေါင်း ၆၅၈ ကျောင်း၊ သံဃာအပါး ၆၈၁၇ ပါး၊ ပဲပြည်ပေါင်း ၁၃၆၃၄ ပြည်၊ ရွှေကျင်သာသနာပိုင် ကျောင်းပေါင်း ၂၁၀၊ သံဃာအပါး ၃၉၆၁ ပါး၊ ပဲပြည်ပေါင်း ၇၉၂၂ ပြည်၊ သီလရှင် ကျောင်းပေါင်း ၄၃၀၊ အပါး ၇၉၆၅ ပါး၊ ပဲပြည်ပေါင်း ၁၅၉၃၀ အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလှူငွေကျပ် ၁၀ သိန်းတို့ကို လှူဒါန်းနိုင်ခဲ့သည်။ ဩဂုတ် ၇ ရက်တွင်လည်း မင်းကွန်းဒေသရှိ ကျောင်းပေါင်း ၁၄၇ ကျောင်း၊ သံဃာအပါး ၁၄၅၅ ပါး၊ ပဲပြည်ပေါင်း ၂၉၁၀၊ သံဃာ၊ သီလရှင်အပါး ၂၀၁၄၈ ပါး၊ ပဲပြည်ပေါင်း ၄၀၃၉၆ ပြည် လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် သံဃာတော်အရှင်သူမြတ် ၂၁၀၀၀ တို့ထံသို့ ပဲပြည်ပေါင်း ၄၂၀၀၀ နှင့် လှူဖွယ်ဝတ္ထုပစ္စည်း စုစုပေါင်းငွေကျပ်သိန်းပေါင်း ၁၂၀၀ ကျော်ကို စုပေါင်းလှူဒါန်းခဲ့ကြသည်။ ယခု စစ်ကိုင်းတောင်၊ မင်းဝံတောင်ရိုးရှိ သံဃာတော်နှင့် သီလရှင် အပါး ၁၃၀၀၀၀ ကျော်အတွက် ပဲပြည်ပေါင်း သုံးသိန်းကျော် လှူဒါန်းပြီး ငွေကျပ်သိန်းပေါင်း ၇၀၀၀ ကျော်ကို တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များပူးပေါင်းကာ ခြောက်ကြိမ်မြောက်အထိ ပဲလှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ပဲခူး၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးကျင်းပ

**ပဲခူး ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာခန်းမ၌ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေး ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက နှစ်စဉ်ရေကြီးခြင်း၊ လေပြင်းတိုက်ခြင်း၊ စိုက်ပျိုးဧကများ ပျက်စီးခြင်းဖြစ်ပွားလေ့ရှိသည့် မြို့ ကျေးရွာများတွင် ပြန်လည်တုံ့ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများအပြင် နောက်ဆက်တွဲပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများ တင်ပြရာတွင် နေရာနှင့် စာရင်းဇယားအချက်အလက်များ မှန်ကန်မှုရှိရန်နှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ရာတွင်လည်း မှန်မှန်ကန်ကန် စနစ်တကျဖြစ်ရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ခွင့်ပြုချက်တောင်းခံစရာမလိုဘဲ ကော်မတီအလိုက် ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆည်/တမံများ မိုးရေဝင်ရောက်မှုနှင့် ဆည်/တမံများ ကြံ့ခိုင်မှုတို့ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်သွားရန် မှာကြားသည်။

တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ရေပြင်ကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့် ဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ်ရေးစခန်းများ ကြိုတင်ရွေးချယ် သတ်မှတ်ထားရန်နှင့် ကယ်ဆယ်ရေးစခန်းတွင် ပြည်သူများ မိုး/လေ လုံခြုံမှုရှိစေရန်ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက စိုက်ပျိုးဧကများ ပျက်စီးမှု၊ ထိခိုက်မှု၊ နစ်မြုပ်မှုစာရင်းဇယားများနှင့် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ထိခိုက်မှုစာရင်းများအား ကော်မတီအလိုက် စာရင်းပြုစုတင်ပြပေးရန်ကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက ရန်ကုန်-ပြည်လမ်းရှိ လမ်းဘေးဝဲယာ သစ်ပင်ကြီးများသည် လေပြင်းတိုက်ရာတွင် ကျိုးကျခြင်း၊ လဲပြိုခြင်း၊ မြင်ကွင်းကွယ်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သဖြင့် လမ်းဦးစီးဌာနနှင့် BOT ကုမ္ပဏီတို့က လိုအပ်သလို ညှိနှိုင်းရှင်းလင်းဆောင်ရွက်ရန်ကို လည်းကောင်း၊ ကရင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးက ထောက်ပံ့ရေးပစ္စည်းများအတွက် မြို့နယ်/ရပ်ကွက်ကျေးရွာအုပ်စုများသို့ပေးပို့ရာတွင် သယ်ယူစရိတ်များကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေး ကြိုတင်စဉ်းစားဆောင်ရွက်ရန်လည်းကောင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူးက သဘာဝဘေးနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှု အားကောင်းမှသာ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်နိုင်မည်ဖြစ်၍ ဖွဲ့စည်းထားသည့် ကော်မတီများမှဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကို လည်းကောင်း တင်ပြဆွေးနွေးကြသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

ထို့နောက် တက်ရောက်လာသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆပ်ကော်မတီ ၁၂ ခုမှ အတွင်းရေးမှူးတို့က ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို တင်ပြခဲ့ရာ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ စုစုပေါင်း ထောက်ပံ့ပေးနိုင်ခဲ့မှုမှာ ၄ ဒသမ ၂၂၄ ဘီလီယံဖြစ်ကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**

# ပုသိမ်မြို့၌ သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်လှစ်

**ပုသိမ် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက လူထုအခြေပြုဇာတ်ရုံဌာန၌ ကျင်းပသည်။

တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဦးကျော်မြင့်က တိုင်းဒေသကြီးအတွင်းမှာရှိသည့် ဝန်ထမ်းများကို မိမိတို့ကျရာဒေသအသီးသီးက နယ်မြေများတွင် ဖြစ်ပေါ်နေသည့် သတင်းအချက်အလက်များ လျင်လျင်မြန်မြန် ပေးပို့ဖော်ပြနိုင်ရန် ယခုလို သင်တန်းမျိုးဖွင့်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း၊ တိုင်းဒေသကြီးအတွင်း နေ့စဉ်နှင့်အမျှ တွေ့ကြုံနေရသည့် အရာများအားလုံးသည် သတင်းများဖြစ်ကြောင်း၊ ဒီသတင်းများထဲကမှ ပြည်သူများသိသင့်သိထိုက်သည့် အချက်အလက်များကို ရေးသားဖော်ပြ မျှဝေခြင်းသည် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်းမှာ လုပ်ဆောင်နေသည့် ပြည်သူအကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော်နေမှုများနှင့် ပတ်သက်၍ လည်းကောင်း၊ အဓိကမဏ္ဍိုင်ကြီး ၃ ရပ် ဖြစ်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့နှင့် ပတ်သက်၍လည်း မှန်မှန်ကန်ကန်သိရှိနိုင်ရေးကို ရေးသားဖော်ပြသော စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာသမားများဖြစ်ကြရန် သင်တန်းတွင် နည်းပြများပို့ချသည့် သင်ခန်းစာများကို ကြိုးစားသင်ယူလေ့လာမှတ်သားကြရန်နှင့် မိမိတို့ဒေသသို့ ရောက်ရှိပါက ပြည်သူများသတင်းအမှန်ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး ကြိုးစားဆောင်ရွက် သွားကြရန်နှင့် စတုတ္ထမဏ္ဍိုင်အပေါ် ပြည်သူလူထု အားကိုးယုံကြည်လာအောင် မိမိတို့ ပြန်/ဆက်ဝန်ထမ်းများက ကြိုးစားလုပ်ဆောင်ကြစေလိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြန်/ဆက်ဦးစီးဌာနရုံးချုပ်မှ နည်းပြများ၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမျိုးအောင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ ခတ်ပုံ (ကျွမ်းကျင် -၂)၊ ရုပ်သံ (ကျွမ်းကျင် - ၃) ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာဩဂုတ် ၅ရက်မှ ၁၀ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# လှိုင်ကော်၌ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးငယ်များ၊ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်

**လှိုင်ကော် ဩဂုတ် ၅**

ကယားပြည်နယ်အစိုးရအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် MCCT တို့ပူးပေါင်း၍ လှိုင်ကော်မြို့နယ် အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်၂နှစ် အောက်ကလေးသူငယ်များ၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် လှိုင်ကော်မြို့ နောင်ယား(ခ) ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အနာဂတ်တွင် ဦးဆောင်မည့် ရင်သွေးငယ်၊ သားငယ်၊ သမီးငယ်များ ဖြစ်သည့် ၎င်းတို့အရွယ်အတွက် အမှန်တကယ်လိုအပ်သည့် အစာအာဟာရများ ဖြည့်ဆည်းနိုင်ရန် ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ မသန်စွမ်းသူ ၆၄ ဦးအတွက် တစ်လလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ငွေကျပ် သုံးသောင်းကိုလည်းကောင်း၊ လှိုင်ကော်မြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင် ၁၅၄၀ နှင့် ၎င်းတို့ မှ မွေးဖွားလာသော အသက် ၂နှစ် အောက်ကလေးငယ် ၁၄၅၂ ဦးတို့အား ထောက်ပံ့ပေးအပ်သွားမှာဖြစ်ကြောင်း၊ ထို့အပြင် အသက် (၈၅) နှစ်နှင့်အထက် ဘိုးဘွားများကိုလည်း ထောက်ပံ့ပေးလျက်ရှိပြီး တစ်လလျှင် တစ်သောင်း ငါးထောင်ဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးလျက်ရှိကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်ကန်းကျေးရွာအုပ်စုရှိ ရွာတန်းရှည်ကျေးရွာနှင့် ပန်ကန်းကျေးရွာတို့မှ ကျန်းမာရေး အခက်အခဲကြောင့် မလာရောက်နိုင်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးငယ်များအတွက် အိမ်တိုင်ရာရောက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို လှိုင်ကော်မြို့နယ်အတွင်း ၂နှစ်အောက်ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်စဉ်။

# ကျပ်သန်း ၄၀၀၀ ခန့် အသုံးပြု၍ အဆင့်မြင့်သုတေသနအဆောက်အအုံများကို လာမည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်မည်

**ရန်ကုန်  ဩဂုတ် ၅**

စိုက်ပျိုးရေးသုတေသနလုပ်ငန်းများဖြစ်သည့် Biotechnology နှင့် အဆင့်မြင့် Genetic Engineering သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် အဆင့်မြင့်သုတေသနအဆောက်အအုံများကို လျာထားဘတ်ဂျက်ငွေကျပ်သန်း ၄၀၀၀ ခန့်ဖြင့် လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ထပ်မံဆောက်လုပ်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနထံမှ သိရသည်။

၎င်းအဆောက်အအုံများကို ဒေသဖွံ့ဖြိုးရေး သုတေသနဗဟိုဌာနအဖြစ် တိုးမြှင့်တည်ထောင်မည့် ဇလုပ် (စစ်ကိုင်းတိုင်းဒေသကြီး) နှင့် အောင်ပန်း (ရှမ်းပြည်နယ်တောင်ပိုင်း) သုတေသနခြံများတွင်လည်းကောင်း၊ ယာသီးနှံ အဓိကသုတေသနပြု ဆောင်ရွက်သည့် တပ်ကုန်းသုတေသန ခြံတွင်လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ရာ လိုအပ်သည့်ဒီဇိုင်းပုံစံ၊ အနေအထားနှင့် အရွယ်အစားများ၊ သုတေသန အထောက်အကူပြုနည်းပညာ ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို Bhahu Biotech Private Limited မှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြသည်။

သုတေသနများဆောင်ရွက်ရာတွင် လိုအပ်သည့် အခြေခံအဆောက်အအုံများဆောက်လုပ်ရန် ညှိနှိုင်းဆွေးနွေးခြင်းကို ဩဂုတ်လပထမပတ်အတွင်းက ပြုလုပ်ခဲ့ပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံ Bhahu Biotech Private Limited မှ ပညာရှင်များတက်ရောက်ကြသည်။

ခေတ်မီနည်းပညာအသုံးပြု၍ သုတေသနအတွက် အမှန်တကယ်လိုအပ်သည့် Removable Rain-out Shelter နှင့် Control Green House များကို နိုင်ငံတော်၏ရန်ပုံငွေဖြင့် ထပ်မံဆောက်လုပ်သွားမည်ဖြစ်ပြီး ရေငတ်ဒဏ်ခံနိုင်သည့်သီးနှံမျိုးများဖော်ထုတ်ရန်အတွက် လိုအပ်သည့် ရွှေ့လျားနိုင်သောခေတ်မီမိုးကာ အဆောက်အအုံများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် တည်ဆောက်သွားမည်ဖြစ်သည်။

"ခေတ်မီမိုးကာအဆောက်အအုံဆိုတာ မိုးရွာရင် အပေါ်ကနေ ထီးလိုမိုးပေးလိုက်တော့ စပ်ထားတဲ့သားစပ်လိုင်းတွေက မိုးမမိတော့ဘူးပေါ့။ ဆောက်ဖို့အတွက် လွှတ်တော်ကတော့ အတည်ပြုထားတယ်။ တင်ဒါခေါ်ရင် ပြည်ပကုမ္ပဏီတွေဝင်ပြိုင်လို့ရအောင် လုပ်သွားမယ်။ နည်းပညာပိုင်းတွေကတော့ ဦးစီးဌာနကနေ ခေါ်မှာ။ ဒီအဆောက်အအုံတွေဆောက်တာဟာ ပိုတိကျခိုင်မာတဲ့ သုတေသနရလဒ်တွေရလာမှာပါ"ဟု စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ပြောသည်။

အဆိုပါ အဆောက်အအုံများဆောက်လုပ်ရန် စက်တင်ဘာလတွင် တင်ဒါခေါ်ရန် စီစဉ်ထားပြီး ခေတ်မီမိုးကာအဆောက်အအုံများ ဆောက်လုပ်ခြင်းဖြင့် ရာသီဥတုဒဏ်ခံနိုင်သည့် မျိုးအသစ်များရှာဖွေရာတွင် မျိုးစပ်ထားသည့် သားစပ်လိုင်းများကို မိုးဒဏ်မှကာကွယ်နိုင်မည်ဖြစ်သောကြောင့် ပိုမိုတိကျသည့် မျိုးကောင်းမျိုးသန့်များ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ထပ်မံဆောက်လုပ်မည့် အဆင့်မြင့်သုတေသနအဆောက်အအုံများဆောက်လုပ်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တင်ဒါခေါ်ယူခြင်းကို တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကာ နိုင်ငံတကာ ကုမ္ပဏီများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

**သူရိန်ကျော်**

# ရမည်းသင်း၌ လျှောင်ဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်

**ရမည်းသင်း  ဩဂုတ် ၅**

ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာနမှ လျှောင်ကြိုတင်ကာကွယ်ရေး လေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးဌာနရုံးဝင်းအတွင်း သရုပ်ပြလေ့ကျင့်ခဲ့သည်။

ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသူရလင်း ကြီးကြပ်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်ကြီးဖြင့် မီးငြိမ်းသတ်မှု၊ ရှာဖွေကယ်ဆယ်ရေး (ယာဉ်မတော်တဆမှု) အဆောက်အအုံအတွင်းမှ ကယ်ထုတ်ခြင်း ၊ ခေတ်မီသံတိုင်ဖြတ်စက်၊ သစ်သားဖြတ်စက်၊ ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ရန်နိုင်ထွန်း (ပြန်/ဆက်)**



လျှောင်ဘေးကျရောက်လာပါက ကူညီကယ်ဆယ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြလေ့ကျင့်နေကြစဉ်။

## မန္တလေး၌ကျင်းပမည့်ပွဲများ

**ထိုင်းနှင့်မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ**

ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ Business Matching with Thailand Board of Investment တွေ့ဆုံဆွေးနွေးပွဲ ကို မန္တလေးမြို့ ၇၈ လမ်းရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)ခန်းမ၌ ဩဂုတ် ၈ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြေသာစံမှ အိုးပုတ်ပွဲတော်**

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အိုးပုတ်ပွဲတော်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ စည်သာလမ်းတွင် ဩဂုတ် ၈ ရက် ညနေပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ငံတကာလူငယ်များနေ့ ၂၀၁၉**

International Foundation for Electoral Systems(IFES) အဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ကွန်ရက်တို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ၂၀၁၉ ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ရွှေပြည်သာဟိုတယ်၌ ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တစ်နိုင်တစ်ပိုင်ဆပ်ပြာပြုလုပ်နည်းသင်တန်း**

တစ်နိုင်တစ်ပိုင် ဆပ်ပြာပြုလုပ်နည်း သင်တန်းကို မန္တလေးမြို့ ၈၄လမ်း၊ ၄၁ လမ်း နှင့် ၄၂ လမ်းကြားရှိ လင်းသန့် ဆပ်ပြာသင်တန်းနှင့် ကုန်ကြမ်းရောင်းဝယ်ရေး၌ ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် အခမဲ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ငံတကာလူငယ်များနေ့ အခမ်းအနား**

မန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီမှ ဦးဆောင်ကျင်းပသော နိုင်ငံတကာလူငယ်များနေ့ အခမ်းအနားကို မန္တလေးမြို့ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပညာရေးတက္ကသိုလ်၌ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စီးပွားစီမံဆရာဖြစ်သင်တန်း**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဦးဆောင်ဖွင့်လှစ်သော စီးပွားစီမံဆရာဖြစ်သင်တန်းကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်း ဘုရားကြီးပြတိုက်လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၌ ဩဂုတ် ၁၂ ရက်မှ ဩဂုတ် ၁၆ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်းစုစည်းသည်**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၅-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၉၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၆၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၉၈၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၉၀၅ ကျပ် | ၉၂၀/၉၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၉၁၅ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၀၅ ကျပ် | ၈၃၅/၈၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၂ ⋅ ၃ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၅ ⋅ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၄ ⋅ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၃၅ ⋅ ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၆ ⋅ ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၂ ⋅ ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၄ ⋅ ၉၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ⋅ ၄၆၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ ⋅ ၅၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၂ ⋅ ၀၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ⋅ ၀၇၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၁၈၄၁ | ၂၀၉၇၁၀၀၀ |
| MTSH | ၃၄၀၀ | ၃၄၅၀ | ၂၅၉၀ | ၈၈၁၀၅၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၃၆၆ | ၁၀၉၂၈၀၀၀ |
| FPB | ၂၄၅၀၀ | ၂၄၅၀၀ | ၄၆၈ | ၁၁၄၆၆၀၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၅၀၂၃ | ၁၄၈၁၇၈၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာ့သမိုင်းထဲမှ အယုဒ္ဓယ

မောင်သာ(ရှေးဟောင်းသုတေသန)

ခေတ်မီတိုးတက်သော ပို့ဆောင်ရေးစနစ်များ ထွန်းကားလာခဲ့ပြီးနောက် ကမ္ဘာပေါ်ရှိ လူသားများသည် တစ်နိုင်ငံမှ တစ်နိုင်ငံ၊ တစ်နေရာမှ တစ်နေရာသို့ အချိန်နှင့်အမျှ သွားလာလျက်ရှိသည်။ မြန်မာနိုင်ငံသားများသည်လည်း ကမ္ဘာ့နိုင်ငံအသီးသီးသို့ နေ့စဉ် သွားလာလျက်ရှိရာ အများဆုံးသွားရောက်ကြသည့် နိုင်ငံများတွင် အိမ်နီးချင်း ထိုင်းနိုင်ငံသည် ထိပ်ဆုံးမှ ပါဝင်လျက်ရှိသည်။

ထိုင်းနိုင်ငံသို့ အကြောင်းကိစ္စမျိုးစုံဖြင့် သွားလာနေကြသော်လည်း မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားခဲ့သည့် အယုဒ္ဓယမြို့ဟောင်းသို့ သွားရောက်သူဦးရေမှာ ရာခိုင်နှုန်းနည်းပါးသည်ဟု ဆိုရမည်ဖြစ်သည်။ သမိုင်းနှင့် ရှေးဟောင်းသုတေသန အပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဆက်နွှယ်သည့် ပညာရပ်များကို စိတ်ဝင်စားသူများသာ ထိုင်းနိုင်ငံသို့ ရောက်ရှိပြီး အခွင့်သင့်ပါက အယုဒ္ဓယသို့ သွားရောက်လေ့ရှိကြသည်။

### သမိုင်းထဲမှ ထိုင်း မြန်မာ

အရှေ့တောင်အာရှ ကုန်းမကြီးပေါ်တွင် တည်ရှိသည့် နိုင်ငံခုနစ်နိုင်ငံတွင် ပါဝင်သည့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နိုင်ငံနယ်နိမိတ်များမရှိသေးသည့် သမိုင်းမတင်မီခေတ်များကပင် ဆက်နွှယ်မှုများရှိခဲ့ကြသည်။ နှစ်နိုင်ငံအကြား ထင်ရှားသော ဆက်ဆံမှုမှာ တောင်ငူခေတ်နှင့် ကုန်းဘောင်ခေတ်ဦးပိုင်းတွင် စစ်ပွဲများ ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ ဝဇီရဉာဏ အမျိုးသားပိဋကတ်တိုက်အုပ် ယိုးဒယားမင်းသားကြီး ဒမ်ရောင်း(H.R.H Prince Damrong)သည် ယိုးဒယားရာဇဝင်ကို ကိုးကားလျက် မြန်မာနှင့် ယိုးဒယားတို့သည် သမိုင်းတစ်လျှောက် ၄၄ ကြိမ် စစ်ဆင်နွှဲခဲ့ကြောင်း ရေးသားခဲ့သည်။ မင်းသားကြီး၏ အဆိုအရ မြန်မာနှင့် ယိုးဒယားတို့အကြား ဖြစ်ခဲ့သော စစ်ပွဲများတွင် ၂၄ ကြိမ်သည် အယုဒ္ဓယမြို့က ယိုးဒယားနိုင်ငံ၏နေပြည်တော် ဖြစ်ခဲ့ချိန်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး အကြိမ် ၂၀ မှာ ကရုန်ဓနပူရီ(KrunDghanapri)နှင့် ယခု ဘန်ကောက်မြို့တော်ဖြစ်သည့် ကရုန်ရတနကောစင် (KrunRgatanaKosin)တို့ နေပြည်တော်ဖြစ်ချိန်တွင် ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

ပထမပိုင်း စစ်ပွဲ ၂၄ ကြိမ် ဆင်နွှဲခဲ့ချိန်သည် မြန်မာနိုင်ငံတွင် တပင်ရွှေထီး၊ ဘုရင့်နောင်နှင့် နန္ဒဘုရင်တို့လက်ထက်ဖြစ်ကာ ယိုးဒယားတွင် ဘုရင် ဖရမဟာချကရပက်(Phra Maha Chakrapat)လက်ထက်မှ ဘုရင် ဖရနရစွပ် မဟာရက်(Phra Naresuan Maharat) လက်ထက်အထိ ဖြစ်သည်။

ယိုးဒယားဘုရင် ဖရအကတက်(Phra Akatat)လက်ထက်မှ ဖရ ဖုတ ယောသ ချူလာလောကေ(Phra Phuta Yotha Chulaloke)စိုးစံခဲ့သည့် အချိန်အထိ နှစ် ၅၀ အတွင်း မြန်မာနိုင်ငံမှ ကုန်းဘောင် ဘုရင်များဖြစ်သည့် အလောင်းမင်းတရား၊ ဆင်ဖြူရှင်နှင့် ဗဒုံမင်းတို့လက်ထက်တွင် စစ်ပွဲ အကြိမ် ၂၀ ဖြစ်ပွားခဲ့သည်။

### တပင်ရွှေထီးနှင့် ထိုင်း မြန်မာ

ပထမမြန်မာနိုင်ငံတော် ပုဂံသည် ၁၃ ရာစုတွင် ပြိုကွဲခဲ့ပြီးနောက် တပင်ရွှေထီးသည် အစိတ်စိတ်အမြွာမြွာကွဲနေသည့် မြန်မာနိုင်ငံကို ပြန်လည်စုစည်း၍ ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည်။ တွင်းသင်းမဟာရာဇဝင်သစ်အရ သက္ကရာဇ် ၁၂၇၉ ဧပြီလ ၂၀ ရက်တွင် တောင်ငူကို သဝန်ကြီးက စတင်တည်ထောင်ခဲ့ကာ မင်းအဆက်ဆက်စိုးစံခဲ့ပြီး ၁၅၃၀ ပြည့်နှစ် နိုဝင်ဘာလ ၂၅ ရက်တွင် လက်ရုံးရည် နှလုံးရည်ကောင်းမွန်သော တပင်ရွှေထီးသည် တောင်ငူဘုရင်ဖြစ်လာ၍ ပြည်၊ ဟံသာဝတီနှင့် မုတ္တမတို့ကို သိမ်းယူနိုင်ခဲ့သည်။

သက္ကရာဇ် ၁၅၄၆ ခုနှစ်တွင် ရခိုင်ဘုရင် နတ်ရွာစံသဖြင့် သားတော် အိမ်ရှေ့မင်း နန်းတက်ခဲ့ချိန်တွင် ဘထွေးတော် သံတွဲစားနှင့် စစ်ဖြစ်ခဲ့ပြီး သံတွဲစားက တပင်ရွှေထီးထံ အကူအညီ တောင်းခဲ့သဖြင့် တပင်ရွှေထီးသည် ရခိုင်သို့ ချီခဲ့သည်။ တောင်ငူနန်း၌ တပင်ရွှေထီးမရှိသည့်အချိန်တွင် ယိုးဒယားဘုရင်သည် မြန်မာပိုင် ထားဝယ်နှင့် ရေးကို ထိပါးကျူးကျော်လာသဖြင့် တပင်ရွှေထီးသည် မုတ္တမမြို့စား စောလကွန်းအိမ်အား ရေတပ်ကိုဦးစီးစေပြီး မော်လမြိုင်မြို့စား ဗညားဦးအား ကြည်းတပ်ကို ဦးစီးစေကာ ယိုးဒယားတို့ကို တိုက်ထုတ်ခဲ့သည်။ ယင်းစစ်ပွဲသည် မြန်မာနှင့် ယိုးဒယားတို့ကြား ဖြစ်ပွားခဲ့သည့် ပထမဆုံးစစ်ပွဲ ဖြစ်ခဲ့သည်။

တပင်ရွှေထီးသည် ယိုးဒယားတို့ကိုမတိုက်မီ သက္ကရာဇ် ၁၅၄၀ ပြည့်နှစ်တွင် မြန်မာ-ယိုးဒယား နယ်စပ်ရှိ ချန်ကရန်သို့ ချီခဲ့သည်။ ချန်ကရန်သည် ယိုးဒယားဘုရင် နရစွမ် (Naresuan) လက်ထက်တွင် ကရင်(Kreng)ဟု ခေါ်ခဲ့သည့် မြို့ဖြစ်ပြီး ယခု ထိုင်းနိုင်ငံ တာ့က်ခရိုင် မဲဆောက်မြို့သို့သွားသည့် လမ်းပေါ်၌ တည်ရှိခဲ့သည်။ (သမိုင်းပညာရှင် ဗိုလ်မှူး ဘရှင်က ချန်ကရန်ကို ဂျိုင်းမြို့ဖြစ်ဟန်တူကြောင်း အောက်ခြေမှတ်စု ပေးခဲ့သည်။)

ချန်ကရန်သို့ တပင်ရွှေထီး ချီလာချိန်တွင် ယိုးဒယားဘုရင် ဖရချိုင်ရာဇဓိရတ် (Phra Chai Razadhirat)သည် အယုဒ္ဓယ၌ နန်းစံနေခဲ့သည်။ ပေါ်တူဂီလူမျိုး ပင်တို(Pinto) က ယိုးဒယားဘုရင်သည် အယုဒ္ဓယရှိ ပေါ်တူဂီလူမျိုး ၁၂၀ ကို မင်းမိန့်နှင့် စစ်မှုထမ်းစေခဲ့ကာ ချန်ကရန်သို့ရောက်ရှိလာသည့် မြန်မာတို့ကို တွန်းလှန်တိုက်ခိုက်စေကြောင်း ရေးသားခဲ့သည်။ ဖရချိုင်ရာဇဓိရတ်သည် ချန်ကရန်ကို ယိုးဒယားပိုင်မြေအဖြစ် သွတ်သွင်းခဲ့ကာ မြန်မာတို့ကိုတိုက်ခဲ့သည့် ပေါ်တူဂီများကို ချီးကျူးဂုဏ်ပြုလျက် ခရစ်ယာန်ဘုရားကျောင်းတစ်ခုကို ဆောက်ခွင့်ပေးခဲ့ရာမှ ထိုင်းနိုင်ငံတွင် ခရစ်ယာန်ဘုန်းကြီးများနှင့် ခရစ်ယာန် ဘာသာရေးကျောင်းများ ပေါ်ထွန်းခဲ့သည်ဟု ဆိုသည်။ ယိုးဒယားတို့သည် မြန်မာတို့ကိုတိုက်ခိုက်၍ ချန်ကရန်ကို သိမ်းယူခဲ့ပြီး ရှစ်နှစ်အကြာတွင် မြန်မာနှင့် ယိုးဒယားတို့ စစ်ပွဲ ထပ်မံဖြစ်ပွားခဲ့သည်။

### ၁၁ နှစ်သား အယုဒ္ဓယ ဘုရင်

သက္ကရာဇ် ၁၅၄၆ ခုနှစ်တွင် အယုဒ္ဓယ၌ ဘုရင် ဖရချိုင်ရာဇဓိရတ် ကွယ်လွန်ခဲ့သဖြင့် အသက် ၁၁ နှစ်သာရှိသေးသည့် သားတော် ဖရကေအိုဖ(Phra Keofa)က ထီးနန်းကို ဆက်ခံခဲ့သည်။ သို့သော် ဖရကေအိုဖသည် အသက်အရွယ် ငယ်လွန်းသဖြင့် သားဖြစ်သူကိုယ်စား အုပ်ချုပ်ခဲ့သည့် မိခင်ဖြစ်သူ စရီစုဒချန် (Sri Sudachan)သည် ဘုရားရှိခိုးဆောင် အဆောင်မှူး ဖန်ဘုစရိထက်(Phan Butsriteb)နှင့် ကိုယ်ဝန်ရှိခဲ့ပြီးနောက် ဖန်ဘုစရိထက်အား ခွန်ဝရဝေါင် စဓိရတ် (Khun Warawongsadhirat) ဘွဲ့မည်ဖြင့် ယိုးဒယားနိုင်ငံ အုပ်ချုပ်မှုအဝဝကို ဆောင်ရွက်စေခဲ့သည်။



မြို့တော်ဟောင်း အယုဒ္ဓယမှ အဆောက်အအုံများနှင့် လေ့လာကြည့်ရှုနေသည့် ကမ္ဘာလှည့်ခရီးသွားများ

စရီစုဒချန်နှင့် ဖန်ဘုစရိထက်တို့သည် ၁၁ နှစ်အရွယ် ယိုးဒယားဘုရင် ဖရကေအိုဖကို ၁၅၄၈ ခုနှစ်တွင် ပူးပေါင်းလုပ်ကြံခဲ့ပြီး ခွန်ဝရဝေါင်စဓိရတ်ကို ယိုးဒယားဘုရင်အဖြစ် ရာဇဘိသေက ခံယူစေခဲ့သည်။ သို့သော် ခွန်ဝရဝေါင်စဓိရတ်သည် ၄၂ ရက်သာ ဘုရင်ဖြစ်ခဲ့ပြီးနောက် မှူးမတ်များက ၎င်းတို့နှစ်ဦးကို ထီးနန်းမှ ဖယ်ရှားကာ အဆုံးစီရင်ခဲ့သည်။ ထို့နောက် ကွယ်လွန်ခဲ့သူ ယိုးဒယားဘုရင် ဖရချိုင်ရာဇဓိရတ်၏ အခြားမိဖုရားတစ်ပါးမှ ဖွားမြင်သည့် သားတော် ဖရထိန်ရာဇ (Phra Thienracha)ကို ဖရ မဟာချကရာဖက် (Phra Maha Chakkraphat)ဘွဲ့မည်ဖြင့် ၁၅၄၈ ခုနှစ်တွင် ယိုးဒယားဘုရင်အဖြစ် တင်မြှောက်ခဲ့သည်။

### တပင်ရွှေထီးနှင့် စုရီယိုထိုင်

ဖရ မဟာချကရာဖက် နန်းတက်ပြီး ခြောက်လအကြာတွင် တပင်ရွှေထီးသည် အခြေအနေ မတည်မငြိမ်ဖြစ်နေသည့် အယုဒ္ဓယသို့ စစ်သည်အင်အားများပြားစွာဖြင့် ဘုရားသုံးဆူလမ်းမှတစ်ဆင့် စစ်ချီခဲ့သည်။ တပင်ရွှေထီး၏တပ်များ နယ်စပ်သို့ ရောက်လာချိန်တွင် နယ်စပ်စောင့်စစ်သည်များသည် အယုဒ္ဓယသို့ထွက်ပြေး၍ မြန်မာတပ်များရောက်ရှိလာကြောင်း သတင်းပို့ခဲ့သည်။

တပင်ရွှေထီးနှင့် တပ်များ အယုဒ္ဓယအနီးသို့ ရောက်ရှိခဲ့ချိန်တွင် ယိုးဒယားဘုရင် ဖရမဟာချကရပက်သည် အယုဒ္ဓယမှ ထွက်ကာ ခုခံခဲ့သည်။ ဘုရင်ကိုယ်တိုင် ဆင်စီးထွက်လာခဲ့ပြီး ဘုရင့်မိဖုရားခေါင် စုရီယိုထိုင်(Phra Suriyothai)သည် အိမ်ရှေ့ဥပရာဇာအသွင်ဆောင်လျက် မင်းညီမင်းသား ဝတ်စုံကို ဝတ်ဆင်ကာ ဘုရင့်နောက်မှ ဆင်စီး၍ လိုက်ပါခဲ့သည်။ သားတော်များဖြစ်ကြသည့် ဖရရမေစအွန် (Pra Ramesaon)နှင့် ဖရမဟိန်(Pra Mahin)တို့လည်း စစ်မြေပြင်သို့ လိုက်ပါခဲ့သည်။

ယိုးဒယားဘုရင်သည် တပင်ရွှေထီးတပ်များ၏ရှေ့မှ လာခဲ့သည့် ပြည်ဘုရင်တပ်ဦးနှင့် ရင်ဆိုင်ခဲ့ရကာ ပြည်ဘုရင်နှင့် ဆင်စီးချင်းထိုးစဉ် ယိုးဒယားဘုရင်၏ စီးတော်ဆင်သည် ထိန်းကွပ်မရဘဲ ထွက်ပြေးခဲ့သဖြင့် ပြည်ဘုရင်က ထက်ကြပ်မကွာ လိုက်ခဲ့သည်။ ထိုအချိန်တွင် မိဖုရားခေါင် စုရီယိုထိုင်သည် ပြည်ဘုရင်ကို ကြားဖြတ် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ပြည်ဘုရင်၏ လက်ချက်ဖြင့် ဆင်ပေါ်မှာပင် သေဆုံးခဲ့သည်။

မိဖုရားခေါင် စုရီယိုထိုင်သည် ထိုအချိန်မှစ၍ ယိုးဒယားရာဇဝင်တွင် အမျိုးသမီးသူရဲကောင်းအဖြစ် ထင်ရှားခဲ့သည်။ သားတော်နှစ်ပါးသည် မိခင် စုရီယိုထိုင်၏အလောင်းကို မြို့တွင်းသို့ သယ်ယူခဲ့ကြပြီး ရုပ်အလောင်းကို မီးသင်္ဂြိုဟ်ခဲ့သည့် နေရာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းဆောက်၍ အထိမ်းအမှတ်စေတီ ဝက်စွန်လွန်စော(Wat Suan Luang Sopawong)ကို တည်ထားခဲ့သည်။ ယင်းအချိန်မှစ၍ တပင်ရွှေထီးလက်ထက်တွင် မြန်မာနှင့် ယိုးဒယားတို့ ဆက်ဆံခြင်း မရှိခဲ့တော့ချေ။

### ဘုရင့်နောင်နှင့် ယိုးဒယားများ

တပင်ရွှေထီးနတ်ရွာစံပြီးနောက် ဘုရင့်နောင်လက်ထက် ခရစ်နှစ် ၁၅၆၄ ခုနှစ်တွင် ယိုးဒယားကို အနိုင်ယူ၍ ဆင်ဖြူတော်များ ရရှိခဲ့ပြီး လေးနှစ်ကျော်ကြာသည်အထိ စစ်မက်ထပ်မံဖြစ်ပွားခြင်း မရှိခဲ့ချေ။ သို့သော် ဘုရင့်နောင်သည် ယိုးဒယားနိုင်ငံမြောက်ပိုင်းတွင် ဖရမဟာဓမ္မရာဇာကို မြှောက်စားကာ ယိုးဒယားနိုင်ငံ အုပ်ချုပ်ရေးတွင် ဝင်ရောက်နှောင့်ယှက်ခဲ့ကြောင်းနှင့် ဖရမဟာဓမ္မရာဇာသည် ဘုရင့်နောင်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိသဖြင့် ယိုးဒယားတို့နှင့် အဆင်မပြေဖြစ်ခဲ့ကြောင်း၊ ယင်းအချိန်တွင် ယိုးဒယားများ အချင်းချင်းစိတ်ဝမ်းကွဲကာ ပဋိပက္ခဖြစ်လာခြင်းသည် ဘုရင့်နောင်အား ယိုးဒယားသို့ ဝင်ရောက်တိုက်ခိုက်စေသည့် အခြေအနေများ ဖြစ်ပေါ်စေခဲ့ကြောင်း မင်းသားကြီးဒမ်ရောင်းက ဝေဖန်ရေးသားခဲ့သည်။

ဘုရင့်နောင်သည် ယိုးဒယားတို့အပေါ် အောင်နိုင်ခဲ့ကာ ၁၅၆၄ ခုနှစ် မေ ၁၈ ရက်တွင် ဟံသာဝတီ နေပြည်တော်သို့ ပြန်လည်ရောက်ခဲ့ပြီးနောက် ဇင်းမယ်ဘုရင် မေကုတ်သည် ဘုရင့်နောင်ကိုပုန်ကန်ရန် ကြံစည်ခဲ့သဖြင့် ဇင်းမယ်သို့ စစ်ချီခဲ့သည်။ ဇင်းမယ်ဘုရင်ခံ လေးပါးအနက် ချိယန်စေန်ကို ဖမ်းဆီးရမိခဲ့ပြီး ကျန်သုံးပါးမှာ ထွက်ပြေးလွတ်မြောက်ခဲ့ကြကာ လာအိုပြည်၏ နေပြည်တော် ဝိယင်ချန်(Wieng Chan) (မြန်မာအခေါ် လင်ဇင်း)တွင် ခိုလှုံခဲ့ကြသည်။ ဘုရင့်နောင်က လာအိုဘုရင်ထံ ခိုလှုံနေသည့် ဘုရင်ခံများအား လွှဲပြောင်းပေးရန် တောင်းခံခဲ့ရာ လာအိုဘုရင်က ငြင်းဆိုခဲ့သဖြင့် လာအိုနိုင်ငံကို တိုက်ခိုက်ခဲ့သည်။

### ဘုရင့်နောင်၏ ဒုတိယစစ်

ဘုရင့်နောင်သည် အယုဒ္ဓယကို တိုက်ခိုက်ရန် ခရစ်နှစ် ၁၅၆၈ ခုနှစ် အောက်တိုဘာလ ၁၁ ရက် တနင်္ဂနွေနေ့တွင် စစ်ချီခဲ့သည်။ တပ်မ ခုနစ်ခုဖြင့် မဲလမောကင်းစခန်းမှတစ်ဆင့် အယုဒ္ဓယသို့ ချီခဲ့ကာ အယုဒ္ဓယ၏မြောက်ဘက်ရှိ လုမ်ပလီ (Loompli)တွင် တပ်စွဲလျက် ၁၅၆၉ ခုနှစ် ဇန်နဝါရီလတွင် အယုဒ္ဓယကို ဝန်းရံပိတ်ဆို့ခဲ့သည်။ သို့သော် အယုဒ္ဓယမြို့တွင်းမှ အမြောက်များဖြင့် ပစ်ခတ်သဖြင့် အမြောက်ဆန်များ မရောက်ရှိနိုင်သည့် မဟာဖရမ်(Maha Phram)ရွာသို့ တပ်ဆုတ်ခဲ့ရသည်။

ဘုရင့်နောင်သည် ကျုံးကျဉ်းသည့် အရှေ့မျက်နှာစာမှ ယိုးဒယားတို့ပစ်ခတ်နေသည့်ကြားမှပင် အယုဒ္ဓယကို တိုက်ခဲ့သည်။ ယင်းအချိန်တွင် လာအိုပြည်မှ စစ်ကူလာမည်ဟု သတင်းရရှိခဲ့သဖြင့် ဘုရင့်နောင်သည် လာအိုတပ်ကို ကြားဖြတ်တိုက်ခိုက်ရန် ယိုးဒယားဘုရင် တံဆိပ်အတုဖြင့် ယိုးဒယားသို့ စစ်ကူတိုက်ခိုက်ပါရန် လာဘုရင်ထံ စာပို့ခဲ့သည်။ လာအိုပြည်မှတပ်များ ယိုးဒယားသို့ ချီလာချိန်တွင် ကြိုတင်စီစဉ်ထားသည့်အတိုင်း ဘုရင့်နောင်၏တပ်များက စရဗူရီ ခရိုင်မှ စောင့်ဆိုင်းတိုက်ခိုက်ကြရာ လာအိုစစ်သည်အများအပြား ကျဆုံးခဲ့ရပြီး လာအိုများ တပ်ခေါက်ခဲ့ရသည်။ (ဘုရင့်နောင်၏ ပရိယာယ်ဆင်ပုံများကို ဒမ်ရောင်း၏စာအုပ်တွင် အသေးစိတ် ဖတ်ရှုနိုင်ပါသည်။)

ဘုရင့်နောင်သည် အယုဒ္ဓယကို (တွင်းသင်းမဟာရာဇဝင်သစ်အဆိုအရ) ခရစ်နှစ် ၁၅၆၉ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် အောင်မြင်စွာ သိမ်းပိုက်ခဲ့သည်။ ထို့နောက် ဘုရင့်နောင်မင်းတရားသည် မိုးတွင်းကာလတစ်လျှောက်လုံး ယိုးဒယားတွင်နေထိုင်ကာ ဖရမဟာဓမ္မရာဇာကို ယိုးဒယားဘုရင်အဖြစ် ရာဇဘိသေက သွန်းခဲ့ပြီး ဖရကရိကို ပိသနုလောက် ဘုရင်ခံအဖြစ် ချီးမြှင့်ခဲ့သည်။ ယင်းအချိန်မှစ၍ ၁၅ နှစ်ကြာသည့်တိုင် ယိုးဒယားသည် ဟံသာဝတီ၏ လက်အောက်တွင် တည်ရှိခဲ့ပေသည်။

### လက်ရှိ အယုဒ္ဓယ

'စစ်တိုက်၍မရသော'ဟု အဓိပ္ပာယ်ရှိသည့် အယုဒ္ဓယကို မြန်မာများက ယိုးဒယားဟု ခေါ်ဆိုခဲ့ကြသည်။ အယုဒ္ဓယသည် ဘုရင့်နောင် နတ်ရွာစံပြီး သုံးနှစ်အကြာ ခရစ်နှစ် ၁၅၈၄ ခုနှစ်အထိ မြန်မာတို့၏လက်အောက်ခံ ဖြစ်ခဲ့သည်။ ဘုရင့်နောင် နတ်ရွာစံပြီးနောက် နန္ဒဘုရင်လက်ထက်တွင် အယုဒ္ဓယသည် မြန်မာတို့လက်အောက်မှ လွတ်ကင်းခဲ့သည်။ ကုန်းဘောင်ခေတ် ၁၇၆၇ ခုနှစ် ဧပြီလ ၉ ရက်တွင် မြေဒူးမင်းသည် ယိုးဒယားကို ထီးနန်းမြို့ပြတိုင်းခရိုင်အလုံး သိမ်းရုံးအောင်မြင်ခဲ့ပြီးနောက် အယုဒ္ဓယမြို့ ပျက်စီးခဲ့သည်။ ယိုးဒယားတို့သည် အယုဒ္ဓယကိုစွန့်၍ မြို့တော်ကို ဘန်ကောက်သို့ ပြောင်းရွှေ့ခဲ့သည်။

ထိုင်းနိုင်ငံ၏ ရှေးဟောင်းမြို့တော် အယုဒ္ဓယသည် ဘန်ကောက်မြို့မှ မြောက်ဘက်သို့ ၇၈ ဒသမ ၈ ကီလိုမီတာ ကွာဝေးကာ ကား သို့မဟုတ် ရထားဖြင့် အလွယ်တကူ သွားနိုင်သကဲ့သို့ ရေလမ်းမှလည်း သွားရောက်နိုင်ကြသည်။ ခရစ်နှစ် ၁၃၅၀ ပြည့်နှစ်တွင် ထူထောင်၍ ၁၇၆၇ ခုနှစ်တွင် ပျက်သုဉ်းခဲ့သည့် အယုဒ္ဓယတွင် မြန်မာ့သမိုင်းနှင့် ဆက်နွှယ်သည့် အထောက်အထားများစွာ ကျန်ရှိနေသည်။

အယုဒ္ဓယသို့ ရောက်ရှိလာသည့် ကမ္ဘာလှည့် ခရီးသည်များ လေ့လာကြည့်ရှုနိုင်သည့် သမိုင်းဝင်နေရာ ၁၂ ခုရှိသည့် အနက် ဝက်ရိုင်ချိုင်မွန်ကော(Wat Rai Chai Mongkol) သည် တစ်ခုအပါအဝင်ဖြစ်သည်။ တောင်ငူဘုရင် ဘုရင့်နောင်က ဟံသာဝတီသို့ ခေါ်ဆောင်လာကာ ကျွေးမွေးပြုစုခဲ့သည့် နရစွမ်(Naresuan) သည် ဘုရင့်နောင် နတ်ရွာစံပြီး နန္ဒဘုရင်လက်ထက်တွင် အယုဒ္ဓယသို့ပြန်ကာ ပုန်ကန်ခဲ့သည်။ ဝက်ရိုင်ချိုင်မွန်ကောသည် နန္ဒဘုရင်၏သားတော် မင်းကြီးစွာကို နရစွမ်က အနိုင်ရခဲ့သည့် အထိမ်းအမှတ်အဖြစ် ဘုရားကျောင်းတစ်ခုကို တည်ခိုင်းခဲ့သည့် မင်းဆရာတော်၏ ကျောင်းပျက်ကြီးအဖြစ် ယနေ့တိုင် အယုဒ္ဓယ၌ မြင်တွေ့ကြရသည်။

ထို့အတူ ၁၃၈၀ ပြည့်နှစ်ဝန်းကျင်က တည်ဆောက်ခဲ့ပြီး ပျက်စီးနေပြီဖြစ်သည့် ဝက်မဟာသက်(Wat Maha That) ကျောင်းဝင်းအတွင်း၌ ဆင်းတုတော် အကျိုးများစွာကို မြင်တွေ့ရကာ ညောင်ပင်အမြစ်များတွင် ညပ်နေသည့် ဗုဒ္ဓဆင်းတု ဦးခေါင်းတော်ကို တွေ့ရှိကြရသည်။ ကျောင်းအဝင်အဝ၌ ခရစ်နှစ် ၁၇၆၇ ခုနှစ် မြန်မာ-ထိုင်း နောက်ဆုံးစစ်ပွဲတွင် မီးရှို့ဖျက်ဆီးခံရကြောင်း ရေးသားထားသည်။

မြန်မာဘုရင် မြေဒူးမင်းလက်ထက်တွင် ဖြစ်ပွားခဲ့သည့် မြန်မာ-ယိုးဒယားစစ် ပြီးချိန်မှစ၍ မပြုပြင်ဘဲ ထားရှိခဲ့သည့် အယုဒ္ဓယသည် ၁၉၉၁ ခုနှစ်တွင် ယူနက်စ်ကိုအဖွဲ့က သတ်မှတ်သည့် ကမ္ဘာ့အမွေအနှစ် ရှေးဟောင်းမြို့တော်တစ်ခု ဖြစ်လာခဲ့သည်။ ယင်းအချိန်မှစ၍ မြန်မာ့သမိုင်းနှင့် ဆက်နွှယ်ခဲ့သည့် အယုဒ္ဓယသည် ကမ္ဘာလှည့်ခရီးသွားများဖြင့် အမြဲစည်ကားနေလေ့ရှိကာ မြန်မာနှင့် ထိုင်းနိုင်ငံတို့၏သမိုင်းကို စိတ်ဝင်စားသူများ သွားရောက်လေ့လာသင့်သည့် သမိုင်းဝင်မြို့ဟောင်းတစ်ခု ဖြစ်လာခဲ့ပေသည်။ ။

**ကိုးကား**

**၁။ ယိုးဒယား မြန်မာစစ်(ဗိုလ်မှူးဘရှင်)**
**၂။ ယိုးဒယားရာဇဝင်(ယဉ်ကျေးမှု ဝန်ကြီးဌာန)**
**၃။ တွင်းသင်းမဟာရာဇဝင်သစ်(တောင်ငူဆက်)**
**၄။ ယိုးဒယား မြန်မာစစ်ပွဲများ (ဟိန်းဇေ)**

## သမဝါယမအသင်းများသို့ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**လယ်ဝေး ဩဂုတ် ၅**

စစ်ကိုင်းနှင့် သန်လျင်သမဝါယမတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှ Project for Human Resource Development in food Related Areas through Partnership with Universities in ASEAN Region (HRD) Phase 2 သင်တန်းတက်ရောက်နေသည့် ကျောင်းသား ကျောင်းသူ ၄၀ သည် ဩဂုတ် ၃ ရက်က လယ်ဝေးမြို့နယ်အတွင်းရှိ သမအသင်း သုံးသင်းတို့၏ ဆောင်ရွက်မှုများကို လာရောက်လေ့လာခဲ့သည်။

လာရောက်လေ့လာသူများကို နေပြည်တော် သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက လယ်ဝေးမြို့နယ်အတွင်းရှိသမဝါယမအသင်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားရာ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ၁၀ လအတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ အမေရိကန်ဒေါ်လာသန်း ၅၇၀ ကျော်ဖိုး တင်ပို့ထား

**ရန်ကုန် ဩဂုတ် ၅**

ပြည်ပသို့ဆန်နှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၉ ရက်အထိ ဆန်နှင့် ဆန်ကွဲမက်ထရစ်တန်ချိန်ပေါင်း ၁ ဒသမ ၈ သန်းကျော်တင်ပို့ထားပြီး တင်ပို့ငွေအမေရိကန်ဒေါ်လာသန်း ၅၇၀ ကျော်ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

ယင်းတင်ပို့မှုပမာဏမှာ နယ်စပ်နှင့် ပင်လယ်ရေကြောင်းနှစ်ခုလုံးမှ တင်ပို့ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ဆန်ကို တရုတ်၊ ဖိလစ်ပိုင်၊ ကင်မရွန်း၊ အိုင်ဗရီကို့စ်နှင့် မာဒါဂတ် စကာနိုင်ငံတို့ကို အများဆုံးတင်ပို့နိုင်ကာ ဆန်ကွဲကို ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ တရုတ်၊ နယ်သာလန်နှင့် UK နိုင်ငံတို့ကို အများဆုံးတင်ပို့ထားကြောင်းသိရသည်။

တရုတ်နိုင်ငံနှင့် နယ်စပ်နိုင်ငံများကို စုစုပေါင်းဆန်တင်ပို့သည့်ရာခိုင်နှုန်းအရ ၃၂ ဒသမ ၈၉ ရာခိုင်နှုန်း၊ အီးယူဈေးကွက်နိုင်ငံများသို့ ၂၁ ဒသမ ၀၃ ရာခိုင်နှုန်း၊ အာဖရိကဈေးကွက်နိုင်ငံများသို့ ၂၆ ဒသမ ၀၄ ရာခိုင်နှုန်း၊ အခြားနိုင်ငံများသို့ ၂၀ ဒသမ ၀၄ ရာခိုင်နှုန်း တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

"တင်ပို့မှုက ပုံမှန်လမ်းကြောင်းပေါ်တော့ ပြန်ရောက်လာပြီ။ အရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ၃ ဒသမ ၅၈ သန်း တင်ပို့နိုင်တာကတော့ ထူးခြားဖြစ်စဉ်နဲ့ တအားတင်နိုင်ခဲ့တာ။ အခု တရုတ်နိုင်ငံကပိတ်ထားလို့ ပြန်ပြီးလျော့သွားတာ။ အခု နည်းနည်းတော့ ပြန်ပွင့်လာပါပြီ။ အခုနှစ်က သုံးသန်းကျော်ဖို့တော့ ခဲယဉ်းတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယအမှုဆောင်အရာရှိချုပ် ဦးမြင့်လွင်က ပြောသည်။

ယခုဘဏ္ဍာနှစ်တွင်တရုတ်နိုင်ငံဘက်ကတရားမဝင်ကုန်သွယ်မှုများကို ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နေသောကြောင့် မြန်မာနိုင်ငံဘက်မှ လယ်ယာထွက်ကုန်များ တရုတ်နိုင်ငံဘက်သို့ တင်ပို့မှု လျော့နည်းသွားသော်လည်း အီးယူဈေးကွက်နှင့် အခြားဈေးကွက်များကို ပုံမှန်အတိုင်း တင်ပို့နေခြင်းဖြစ်သည်။ တရုတ်နိုင်ငံဈေးကွက်ကိုလည်း ယခင်အတိုင်း ပြန်လည်တင်ပို့နိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန်နှစ်သန်းမှ နှစ်သန်းခွဲအထိသာ တင်ပို့နိုင်မည်ဟု ဆန်ကုန်သည်များကလည်း ခန့်မှန်းသုံးသပ်ထားကြသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၈ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၄ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၇သန်းနှင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်နှင့် ဆန်ကွဲတန်ချိန် ၃ ဒသမ ၆ သန်းခန့်အထိ စံချိန်တင် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

**သူရိန်ကျော်**

## မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူများ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံ

**ဟိုပုံး ဩဂုတ် ၅**

တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စီးပွားတိုးတက်မှုအတွက် ပိုမိုဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ပအိုဝ်းတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို ယမန်နေ့က ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက်က မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ချိတ်ဆက်လုပ်ကိုင်မည့် ပအိုဝ်း တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို တတ်နိုင်သမျှ ဆောလျင်စွာ ဖွဲ့စည်းတည်ထောင်ရန် လိုအပ်ကြောင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ စီးပွားရေးလုပ်ငန်းများအား လာရောက်လေ့လာခြင်း၊ ပအိုဝ်းတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းဖွဲ့စည်းနိုင်ရေးအတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း ပြောကြားသည်။



မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ လာရောက်ဆွေးနွေးကြစဉ်။

မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာ အောင်ရဲဇော်က မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များစတင်ဖြစ်ပေါ်လာပုံ၊ အသင်း၏ လုပ်ငန်းတာဝန်များ၊ အသင်းကလိုက်နာရမည့် စည်းကမ်းချက်များ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်း ဖွဲ့စည်းထားရှိမှုအခြေအနေနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရခြင်းအတွက် ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းက ပအိုဝ်းတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ချိတ်ဆက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ ဒေသဦးစီးအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ရှေ့ဆက် စီးပွားရေးလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများသည် နောင်တောင်းပရဟိတတပ်ဦးကျောင်းတိုက်ရှိ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း၌ ပညာလေ့လာဆည်းပူးလျက်ရှိသည့် ကျောင်းသားကျောင်းသူများ၏ အခြေအနေများကို ဝင်ရောက်လေ့လာခဲ့ကာ ညောင်ရွှေမြို့ Red Mountain ဝိုင်စက်ရုံကို ဆက်လက် လေ့လာသွားမည် ဖြစ်ကြောင်း သိရသည်။

**ထက်ထက် (ဟိုပုံး)**



တောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်စဉ်။

## ဖန်းမော်ခရိုင် တောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်

**ဖန်းမော် ဩဂုတ် ၅**

ကချင်ပြည်နယ် ဖန်းမော်ခရိုင်အတွင်းရှိ တောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဖန်းမော်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းက ယခုလို တောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇) ပေးအပ်နိုင်ရန်အတွက် စီမံချက်ရေးဆွဲ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လာမည့်စက်တင်ဘာလတွင် တစ်ကြိမ်ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသိန်းလွင်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်တို့က ဖန်းမော်မြို့နယ်အတွင်း၌ ကျေးရွာ ၁၂ ရွာမှ တောင်သူ ၇၃ ဦးအတွက် လယ်ယာမြေဧရိယာပေါင်း ၅၂၃ ဒသမ ၀၂ ဧကကို လည်းကောင်း၊ မိုးမောက်မြို့နယ် အတွင်းရှိ ကျေးရွာ နှစ်ရွာမှ တောင်သူပေါင်း ၁၆၀ အတွက် လယ်ယာမြေဧရိယာပေါင်း ၆၂၈ ဒသမ ၃၄ ဧကကိုလည်းကောင်း၊ မန်စီမြို့နယ်အတွင်း၌ ကျေးရွာ နှစ်ရွာကို တောင်သူပေါင်း ၂၄၅ ဦးအတွက် လယ်ယာ မြေဧရိယာပေါင်း ၅၀၀ ဒသမ ၂၂ ဧကကို လည်းကောင်း သက်ဆိုင်ရာကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌထံသို့ ပေးအပ်ခဲ့ကြသည်။ ယင်းနောက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)လက်ခံရရှိသော တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**သျှမ်းကလေး (ဖန်းမော်)**

## မဒေါက်မြို့၌ စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

**မဒေါက် ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ ယနေ့နံနက်ပိုင်းက စစ်တောင်းမြစ်ရေ အတက်ကြမ်းမှုကြောင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စစ်တောင်းမြစ်ရေမှာ ဆက်လက်မြင့်တက်နေပြီး နံနက် ၀၀း၃၀ နာရီတွင် ၁၁၇၀ စင်တီမီတာသို့ရောက်ရှိလာကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သုံးပေကျော်လွန်နေ၍ မင်းလမ်းမကြီးပေါ် ရေကျော်ကာ ရပ်ကွက်အနိမ့်ပိုင်းနေရာများ၊ စည်ပင်သာယာဈေး အနိမ့်ဘက်ခြမ်းနေရာများ ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရသည်။ ယခင်နှစ်က စစ်တောင်းမြစ်ရေမှာ မဒေါက်မြို့၌ ၁၂၈၂ စင်တီမီတာအထိ မြင့်တက်ခဲ့ပြီး ယခုနှစ်တွင် ၁၁၈၀ စင်တီမီတာသို့ ရောက်ရှိပါက ကယ်ဆယ်ရေးစခန်း ငါးခုနှင့် ကွပ်ကဲရေးရုံးတစ်ရုံး ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်း မဒေါက်မြို့ အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။ မဒေါက်မြို့ရှိ စစ်တောင်းတာကြံ့ခိုင်မှုအခြေအနေနှင့် ပတ်သက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာ၏ စိုးရိမ်ရေအမှတ် အဆင့် ၁ သတ်မှတ်ကာ အုပ်ချုပ်ရေးရုံးများ၌ အလံအစိမ်းများ လွှင့်ထူထားရှိပြီး ရေကင်းလှည့်ခြင်း၊ သဲအိတ်များ ကြိုတင်ပြင်ဆင်ထားခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မဒေါက်မြို့၌ စစ်တောင်းမြစ်ရေမြင့်တက်လာမှုကို တွေ့ရစဉ်။

**သန်းလွင်**

**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့**

# အရေးပေါ်အခြေအနေများဖြစ်တဲ့ သဘာဝဘေးအန္တရာယ် ပေါ်ပေါက်ချိန်များမှာလည်း သယ်ယူပို့ဆောင်ရေး လိုအပ်ချက်များကို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိပါတယ်

ရဲရဲ (ပျဉ်းမနား)

**နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းရှင်များအတွက် မူဝါဒအသစ်ဖြင့် ၂၀၁၉ နှစ်ဆန်းပိုင်းမှစကာ လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်းလုပ်ငန်းများနှင့် လက်ရှိပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းများကို လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ဆောင်ရွက်မှုအခြေအနေများနှင့် ဆောင်ရွက်ပေးမှုပုံစံများကို ပြည်သူအများရှင်းလင်းသိမြင်စေရေးအတွက် နေပြည်တော်တိုင်းဦးစီးမှူး ဦးစိန်ဝင်းလှိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။**

**မေး ။ ။ လုပ်ငန်းလိုင်စင်နဲ့ သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနအနေနဲ့ လက်ရှိတာဝန်ယူ ဆောင်ရွက်ပေးနေရတဲ့ အပိုင်းကို သိပါရစေ ဆရာ။**

ဖြေ ။ ။ ကျွန်တော်တို့ဌာနအနေနဲ့ ကျင့်သုံးခဲ့တဲ့ဥပဒေ၊ နည်းဥပဒေ စည်းကမ်း ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေကတော့ အရင်က ၁၉၆၃ ခုနှစ် ကရဖ ဥပဒေ၊ ၁၉၆၄ ခုနှစ် ကရဖ နည်းဥပဒေ၊ ၁၉၆၅ ခုနှစ် ကရဖစည်းကမ်းဥပဒေနဲ့ ပို့ဆောင်ရေးညှိနှိုင်းမှုကော်မတီ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တွေ ဖြစ်ပါတယ်။ အခုအခါမှာတော့ ၂၀၁၆ ခုနှစ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေနဲ့ ၂၀၁၈ ခုနှစ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေတွေနဲ့ ဆက်လက်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ငန်းဆောင်ရွက်တဲ့ စက်တပ်ယာဉ်တွေကို လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်ပါစည်းကမ်းတွေအတိုင်း လိုက်နာပြေးဆွဲမှု ရှိ/မရှိ စစ်ဆေးခြင်း၊ အရေးယူခြင်းတို့ကို ဆောင်ရွက်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အဆင့် ပွဲတော်အခမ်းအနားတွေနဲ့ နိုင်ငံတော်အတွင်း ဒေသအလိုက် ကျင်းပတဲ့ ပွဲတော်အခမ်းအနားတွေမှာ သယ်ယူပို့ဆောင်ရေးလိုအပ်ချက်တွေကို ဒေသအသီးသီးရှိ ကျွန်တော်တို့ရုံးတွေက စီမံဆောင်ရွက်ပေးတဲ့အပြင် အရေးပေါ်အခြေအနေတွေဖြစ်တဲ့ သဘာဝဘေးအန္တရာယ် ပေါ်ပေါက်ချိန်တွေမှာလည်း သယ်ယူပို့ဆောင်ရေး လိုအပ်ချက်တွေကို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကုန်းလမ်းသယ်ယူပို့ဆောင် ရေးကဏ္ဍ တန်းတူဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်တဲ့ နေရာဒေသတွေမှာ ကျွန်တော်တို့ဌာနတွေက ပုဂ္ဂလိက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေပါတယ်။

**မေး ။ ။ ဌာနအနေနဲ့ လက်ရှိထုတ်ပေးနေတဲ့ လုပ်ငန်းလိုင်စင်အမျိုးအစားတွေကို ရှင်းလင်းပေးစေချင်ပါတယ်။**

ဖြေ ။ ။ ပြည်တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေအတွက် လက်ရှိထုတ်ပေးနေတဲ့ လုပ်ငန်းလိုင်စင်အမျိုးအစားကတော့ ခရီးစဉ်ဒေသ ကုန်စည်ပို့ဆောင်ခွင့် "က"လုပ်ငန်းလိုင်စင်၊ ခရီးစဉ်အလိုက် ခရီးသည်ပို့ဆောင်ခွင့် "ခ" လုပ်ငန်းလိုင်စင်၊ စင်းလုံးငှားခရီးသည်ပို့ဆောင်ခွင့် "ဂ"လုပ်ငန်းလိုင်စင်၊ ပဋိညာဉ်အရ ပို့ဆောင်ခွင့်"ဃ"လုပ်ငန်းလိုင်စင်၊ ကိုယ်ပိုင်စီးပွားရေးအတွက် ပို့ဆောင်ခွင့် "င"လုပ်ငန်းလိုင်စင်တို့ ဖြစ်ပါတယ်။

ပဋိညာဉ်အရ ပို့ဆောင်ခွင့် "ဃ"လုပ်ငန်းလိုင်စင်ဆိုတာက ကြို/ပို့ယာဉ်ကို ဆိုလိုတာပါ။ ကျောင်းကြို/ပို့၊ ဝန်ထမ်းကြို/ပို့စတဲ့ ကြို/ပို့ယာဉ်တွေကို ထုတ်ပေးတဲ့ လုပ်ငန်းလိုင်စင်အမျိုးအစားပါ။ အဲဒီ"ဃ"လုပ်ငန်း လိုင်စင်အပြင် "ဃ"(ခြား) ဆိုတဲ့ လုပ်ငန်းလိုင်စင် ရှိပါသေးတယ်။ နိုင်ငံခြားဧည့်သည်တွေကို ကြို/ပို့ ဆောင်ရွက်ပေးတဲ့ ယာဉ်တွေကို ထုတ်ပေးတဲ့ လုပ်ငန်းလိုင်စင်အမျိုးအစားပါ။ ကိုယ်ပိုင် (အနက်) လိုင်စင်နဲ့ တက္ကစီအဖြစ် ခရီးသည်ပို့ဆောင်နေတာက ဥပဒေနဲ့ အကျုံးမဝင်ပါဘူး။ တက္ကစီပြေးဆွဲမယ်ဆိုရင် တရားဝင် လုပ်ငန်းလိုင်စင်ဆောင်ရွက်ပြီးမှ ပြေးဆွဲခွင့်ရရှိမှာပါ။ ကျွန်တော်တို့ဌာနအနေနဲ့ တက္ကစီပြေးဆွဲနေတဲ့ လေဆိပ်နေရာမျိုးတွေကို သွားရောက်ပြီး တက္ကစီပြေးဆွဲသူတွေနဲ့တွေ့ဆုံပြီး "ဃ" (ခြား) လုပ်ငန်းလိုင်စင်လုပ်ဆောင်ဖို့ ဆွေးနွေးခဲ့လို့ အခုဆိုရင်တက္ကစီပြေးဆွဲနေသူတချို့ ဌာနကိုလာရောက်ပြီး "ဃ"(ခြား) လုပ်ငန်းလိုင်စင် လုပ်ဆောင်လာကြပါတယ်။ "ဃ" (ခြား) လုပ်ငန်းလိုင်စင်ရရှိထားတဲ့ ယာဉ်တွေမှာ ယာဉ်နံပါတ်ပြား (အပြာရောင်) တပ်ဆင်ထားမှာပါ။ အပြာရောင်နံပါတ်ပြားတပ်ဆင်ပြီး ပြေးဆွဲနေတဲ့ယာဉ်တွေသာ တရားဝင်ပြေးဆွဲခွင့်ရတဲ့ ယာဉ်တွေဖြစ်တယ်ဆိုတာ တက္ကစီပြေးဆွဲနေသူ အတော်များများ သိရှိနေပါပြီ။ ဆက်လက်ပြီး နေပြည်တော်မှာ တက္ကစီပြေးဆွဲနေတဲ့ ယာဉ်တွေရှိရာ နေရာဒေသ အသီးသီးကို ကျွန်တော်တို့ဌာနကနေ သွားရောက်ပြီး ယာဉ်မောင်းသူတွေထံ တရားဝင်လုပ်ငန်းလိုင်စင်ပြုလုပ်ဖို့ အသိပေးစည်းရုံး ပြောဆိုနေပါတယ်။ လက်ရှိ လုပ်ငန်းလိုင်စင်ထုတ်ပေးတဲ့ အခါ ယာဉ်တစ်စီးချင်းအပေါ် အခြေခံပြီး လုပ်ကိုင်တဲ့ လုပ်ငန်းအမျိုးအစားအလိုက် ယာဉ်တစ်စီးကို လုပ်ငန်းလိုင်စင်တစ်ခု ထုတ်ပေးတာဖြစ်ပါတယ်။ လုပ်ငန်းလိုင်စင်သက်တမ်းကို က.ည.န ယာဉ်မှတ်ပုံတင်စာအုပ် သက်တမ်းအတိုင်း ဆောင်ရွက်ပေးနေပါတယ်။

**မေး ။ ။ မူဝါဒအသစ်ပြင်ဆင်ခဲ့ပုံနဲ့ ဘယ်နေ့မှာ စတင်ဆောင်ရွက်ခဲ့သလဲဆိုတာ သိပါရစေဆရာ။**

ဖြေ ။ ။ မူဝါဒအသစ်ကို ပြင်ဆင်ရတာက အိမ်နီးနားချင်းနိုင်ငံတွေနဲ့ နိုင်ငံချင်း သဘောတူညီချက် စာချုပ်ငယ်တွေအရ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး၊ နိုင်ငံဖြတ်ကျော်ပို့ဆောင်ရေးလုပ်ငန်းတွေ တိုးတက်လာမှာဖြစ်လို့ စာချုပ်ဝင်နိုင်ငံတွေနဲ့ သဘောတူညီချက်အတိုင်းဖြစ်စေရေး၊ ပြည်တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်မှုနဲ့ပတ်သက်ပြီး တည်ဆဲဥပဒေပါ မူလအခြေခံသဘောသဘာဝအတိုင်း ဆောင်ရွက်နိုင်ရေး၊ ခေတ်မီတဲ့သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်ပေါ်လာစေရေးအတွက် ဥပဒေနဲ့အညီ ပြောင်းလဲဆောင်ရွက်လာရတာဖြစ်ပြီး လုပ်ငန်းတွေကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့က စတင်ဆောင်ရွက်နေပါတယ်။

**မေး ။ ။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင် အမျိုးအစားတွေအတွက် ပြောင်းလဲပြင်ဆင်သတ်မှတ်ထားတာတွေကို ရှင်းလင်းပေးစေလိုပါတယ် ဆရာ။**

ဖြေ ။ ။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေအနေနဲ့ မဟာမဲခေါင်ဒေသခွဲအတွင်း လူနှင့် ကုန်စည်တွေ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး၊ မူဘောင်သဘောတူစာချုပ်ရဲ့နောက်ဆက်တွဲနဲ့ အခြေပြစာချုပ်ငယ် (၂၀) အနက် ကျွန်တော်တို့ဌာနမှ တာဝန်ယူဆောင်ရွက်တဲ့ နောက်ဆက်တွဲစာချုပ်ငယ် (၉) နဲ့ (၁၀) မှ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်သူတွေအတွက် လိုင်စင်ထုတ်ပေးဖို့နဲ့ ပို့ဆောင်ရေးဆိုင်ရာ သတ်မှတ်ချက်တွေကို ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ လုပ်ငန်းလိုင်စင် အမျိုးအစားကတော့

- ကုန်စည်ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင်
- ခရီးသည်ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင် (ခရီးစဉ်ရှိ)
- ခရီးသည်ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင် (ခရီးစဉ်မရှိ) တို့ ဖြစ်ပါတယ်။

**မေး ။ ။ အခြားစာချုပ်ဝင် နိုင်ငံတွေမှ ပြည်တွင်းသို့ ဝင်ရောက်မယ့် နယ်စပ်ဖြတ်ကျော်ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်မယ့်ယာဉ်တွေကို စိစစ်ခြင်းနဲ့ ခွင့်ပြုခြင်းအပိုင်းကို သိပါရစေဆရာ။**

ဖြေ ။ ။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကိစ္စတွေနဲ့ပတ်သက်ပြီး ဦးစွာလုပ်ငန်းကော်မတီကို ဖွဲ့စည်းရပါတယ်။ လုပ်ငန်းကော်မတီအနေနဲ့ အမျိုးသားကော်မတီက ချမှတ်ထားတဲ့ မူဝါဒနဲ့ စီမံချက်တွေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ ညှိနှိုင်းခြင်း၊ လမ်းညွှန်ခြင်းနဲ့ ကြီးကြပ်ကွပ်ကဲခြင်း အခြားစာချုပ်ဝင် နိုင်ငံမှပြည်တွင်းသို့ မော်တော်ယာဉ်ဖြင့်ခရီးသည်နဲ့ ကုန်စည်တွေ ယာယီဝင်ရောက် ပို့ဆောင်ခြင်း၊ တစ်ဆင့်ဖြတ်သန်း ပို့ဆောင်ခြင်းတွေအတွက် လျှောက်ထားမှုကို စိစစ်ခြင်းနဲ့ ခွင့်ပြုခြင်း၊ စာချုပ်ဝင်နိုင်ငံတစ်ခုအတွက် ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်နိုင်ဖို့ ခွဲတမ်းခေါက်ရေကို ကာလသတ်မှတ်ချက်ဖြင့် ခွင့်ပြုခြင်း၊ အခြားစာချုပ်ဝင် နိုင်ငံတစ်ခုခုမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအား တရားဝင်ထုတ်ပေးထားတဲ့ လုပ်ငန်းလိုင်စင်ကို အသိအမှတ်ပြုပြီး ခွင့်ပြုထားတဲ့ သတ်မှတ်လမ်းကြောင်းအတိုင်း ပြည်တွင်းသို့ ဝင်ရောက်ခွင့်ပြုခြင်း၊ နိုင်ငံတော်မှ တစ်ဆင့် ဖြတ်သန်း၍ အခြားစာချုပ်ဝင်နိုင်ငံသို့ သယ်ယူပို့ဆောင်တဲ့ ကုန်စည်တွေအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ဆိုင်ရာ ကိစ္စရပ်တွေ ဆုံးဖြတ်ခြင်း၊ အခြားစာချုပ်ဝင်နိုင်ငံတစ်ခုမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ဝင်ရောက်တဲ့ ကုန်စည်တွေအတွက် အကောက်ခွန်နဲ့ အခြားအခွန်အခတွေကို သတ်မှတ်ခြင်းတွေနဲ့အညီ ကောက်ခံခြင်း၊ နယ်စပ်ဖြတ်ကျော်ဖို့ ပြည်တွင်းသို့ဝင်ရောက်တဲ့ ယာဉ်မောင်းနဲ့ ယာဉ်အကူတွေကို ယာယီအသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း၊ စာချုပ်ဝင်နိုင်ငံတွေရဲ့ မူဘောင်သဘောတူညီချက်အရ အကောင်အထည်ဖော် ဆောင်ရွက်မယ့် ကိစ္စရပ်တွေအား သက်ဆိုင်ရာဌာနတွေနဲ့ ကြီးကြပ်ညှိနှိုင်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာ မဟာမဲခေါင်ဒေသခွဲအတွင်း လူနဲ့ ကုန်စည်တွေ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်အရ လုပ်ငန်းတွေဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံတွေ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ နယ်စပ်ဖြတ်ကျော်လိုင်စင်တွေ ထုတ်ပေးနေပြီဖြစ်လို့ မကြာခင်မှာ ဒီဘက် ဟိုဘက်နိုင်ငံတွေမှ ယာဉ်တွေ အပြန်အလှန် ကူးလူးဆက်သွယ်ကြမှာဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်ရေးမှာ ဖွံ့ဖြိုးတိုးတက်လာတော့မယ်ဆိုတာ သတင်းကောင်းပါးချင်ပါတယ်။

**မေး ။ ။ ဒီလို လုပ်ငန်းလိုင်စင်တွေ လာရောက်လျှောက်ထားသူထဲမှာ ဦးစားပေးဆိုပြီး သတ်မှတ်ထားတာ ရှိပါသလားခင်ဗျာ။**

ဖြေ ။ ။ ကျွန်တော်တို့ဌာနက မည်သူကို ဦးစားပေး ဆောင်ရွက်ရမယ်လို့ ခွဲခြားသတ်မှတ်ထားတာ မရှိပါဘူး။ လုပ်ငန်းလာရောက်ဆောင်ရွက်သူတွေကို အချိန်တိုအတွင်း လုပ်ငန်းပြီးစီးရေးနဲ့ စိတ်ချမ်းမြေ့စွာ လုပ်ငန်းဆောင်ရွက်နိုင်စေရေးကိုပဲ ဦးစားပေးဆောင်ရွက်လျက် ရှိပါတယ်။

**မေး ။ ။ မူဝါဒအသစ်နဲ့ ပြောင်းလဲလုပ်ဆောင်မှုတွေကို သက်ဆိုင်ရာယာဉ်လုပ်ငန်းရှင်တွေ သိရှိစေရန် ဘယ်လိုအစီအစဉ်တွေ လုပ်ဆောင်နေပါသလဲ ဆရာ။**

ဖြေ ။ ။ မူဝါဒအသစ်နဲ့ ၂-၁-၂၀၁၉ ရက်နေ့မှ စတင်ပြောင်းလဲဆောင်ရွက်နေတဲ့ လုပ်ငန်းတွေနဲ့ပတ်သက်လို့ အများပြည်သူနဲ့ ဒေသအတွင်းရှိ ဆက်စပ်ဌာနတွေ၊ သယ်ယူပို့ဆောင်ရေးအဖွဲ့အစည်းတွေကို အသိပေးရှင်းလင်းခြင်း၊ လုပ်ငန်းဆောင်ရွက်လာသူတွေ သိရှိနိုင်ဖို့ ရုံးမှာ ဗီနိုင်းကြော်ငြာကပ်ပေးထားခြင်း၊ လက်ကမ်းစာစောင်တွေ ဝေငှခြင်း၊ တစ်ဦးချင်းဆီကိုလည်း ရှင်းလင်းပြောကြားခြင်း၊ သက်ဆိုင်ရာ အစိုးရအဖွဲ့ထံ တင်ပြခြင်းတွေကို ရုံးအသီးသီးမှ ဆောင်ရွက်ပေးနေပါတယ်။



လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန နေပြည်တော် တိုင်းဦးစီးမှူး ဦးစိန်ဝင်းလှိုင်။

ဒါ့အပြင် နေပြည်တော်ရှိ ဘောဂသီရိယာဉ်ရပ်နား စခန်းအတွင်းရှိ မ-ထ-သ (အဝေးပြေး) ရုံးရှေ့ ရှင်းလင်းဆောင်မှာ အပတ်စဉ်ဆောင်ရွက်နေတဲ့ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲမှာလည်း ယာဉ်လိုင်းပိုင်ရှင်တွေ၊ ယာဉ်ပိုင်ရှင်တွေ၊ ယာဉ်လိုင်းတာဝန်ခံတွေ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေနဲ့ အခြားသက်ဆိုင်ရာအဖွဲ့အစည်းတွေ သိရှိနိုင်ဖို့ ထည့်သွင်းရှင်းလင်းပြောကြားနေပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြီး ဆရာအနေနဲ့ ပြောကြားလိုတာရှိရင် ပြောကြားစေချင်ပါတယ်ဆရာ။**

ဖြေ ။ ။ ဖြည့်စွက်ပြီးပြောရရင် ကျွန်တော်တို့ဌာနကနေပြီး လုပ်ငန်းလိုင်စင်တွေထုတ်ပေးနေတာနဲ့ပတ်သက်ပြီး "ဃ" ခြား လုပ်ငန်းလိုင်စင်အကြောင်း ရှင်းပြခဲ့သလိုမျိုး "င"လုပ်ငန်းလိုင်စင်အမျိုးအစားကို ထပ်မံရှင်းပြစေချင်ပါတယ်။ "င"လုပ်ငန်းလိုင်စင်က ကိုယ်ပိုင်စီးပွားရေးအတွက် ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင်အမျိုးအစားပါ။ တချို့စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ကုန်စုံဆိုင်တွေ၊ အထည်အလိပ်ဆိုင်တွေ ဖွင့်လှစ်ထားကြပါတယ်။ မိမိတို့ ကုန်စုံပစ္စည်းတွေ၊ အထည်အလိပ်ပစ္စည်းတွေကို ကိုယ်ပိုင်ယာဉ်ဖြင့် သယ်/ပို့ ဆောင်ရွက်တဲ့အခါ မိမိကိုယ်ပိုင် ယာဉ်ကို "င" ကိုယ်ပိုင် စီးပွားရေးအတွက် ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင်လုပ်ဆောင်ထားရမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်ယာဉ်နံပါတ်ပြားအနက်အတိုင်း ပြောင်းလဲမှုမရှိဘဲ "င"လုပ်ငန်းလိုင်စင် ထုတ်ပေးနေပါတယ်။

ခရီးသည်တင်ယာဉ်တစ်စီးမှာ ယာဉ်လိုင်းအသင်း တစ်သင်းမှ အခြားယာဉ်လိုင်းအသင်းသို့ ပြောင်းရွှေ့ပြေးဆွဲမယ်ဆိုပါက မူလယာဉ်လိုင်းအသင်း တံဆိပ်တပ်ပြီး ပြေးဆွဲလို့မရပါဘူး။ ဒါကြောင့် နောက်ယာဉ်လိုင်း အသင်းတစ်သင်းသို့ ပြောင်းလဲပြေးဆွဲဖို့ ပြင်ဆင်နေစဉ်ကြားကာလမှာ ခရီးစဉ်မပျက် ပြေးဆွဲခွင့်ရရှိဖို့ ကျွန်တော်တို့ ဌာနမှနေပြီး ရက်ပေါင်း ၃၀ ပြေးဆွဲခွင့် "စ"ယာယီခွင့်ပြုလက်မှတ် ထုတ်ပေးပါတယ်။ အဲဒီ "စ"ယာယီလက်မှတ်ဖြင့် အခြားယာဉ်လိုင်းအသင်းသို့ မပြောင်းလဲခင်စပ်ကြား တရားဝင်ပြေးဆွဲခွင့် ရရှိတဲ့အတွက် ရက်ပေါင်း ၃၀ အတွင်း အခြားယာဉ်လိုင်း အသစ်သို့ ပြောင်းရွှေ့ပြေးဆွဲဖို့ စီစဉ်နိုင်ရန် အချိန်ရရှိစေမှာ ဖြစ်ပါတယ်။

"ဃ" (ခြား) ကြို/ပို့ လုပ်ငန်းလိုင်စင်တွေကို ယာဉ်ပိုင်ရှင်တွေ လွယ်ကူချောမွေ့စွာ လုပ်ကိုင်နိုင်ဖို့ ကျွန်တော်တို့ ဌာနအနေနဲ့ ဆောင်ရွက်ပေးနေပါတယ်။ ဟိုတယ်/ခရီးမှ ကိုယ်ပိုင်သော်လည်းကောင်း၊ ကုမ္ပဏီသော်လည်းကောင်း၊ တက္ကစီလုပ်ငန်းလုပ်ဆောင်နေတာဟာ မှန်ကန်ကြောင်း ထောက်ခံစာပါလာရင် ယာဉ်လက်ဝယ်ရှိသူ အော်ပရေတာကို "ဃ" (ခြား) လုပ်ငန်း လိုင်စင်ထုတ်ပေးမှာ ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်ချင်းလည်း လုပ်ဆောင်ပေးသလို ကုမ္ပဏီက တာဝန်ခံလုပ်ဆောင်မယ်ဆိုရင်လည်း လုပ်ဆောင်ပေးမှာပါလို့ ဖြည့်စွက် ပြောကြားလိုပါတယ်။ ။

## စခန်းနှင့် ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ် ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဆင်းပွဲ ကျင်းပ

**ကျိုင်းတုံ ဩဂုတ် ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် ဝမ်မိုင်ရွာရှိပြန်လည်ထူထောင်ရေးစခန်း၌ စခန်းနှင့် ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေး သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ကုသမှုနှင့် ပြန်လည်ထူထောင်မှုများ ခံယူပြီးဆုံးသည်ဖြစ်၍ မိမိ ပတ်ဝန်းကျင် ရပ်ရွာသို့ ပြန်ရောက်ပါက မူးယစ်ဆေးဝါး ပြန်လည်မသုံးစွဲမိစေရန်၊ သင်တန်းမှ သင်ကြားတတ်မြောက်ထားသော ပညာရပ်များကို အကျိုးရှိစွာ ပြန်လည်အသုံးချကာ မိသားစုနှင့် ရပ်ရွာအတွင်း ယုံကြည်မှုများပြန်လည်ရရှိလာစေရန် ကြိုးစားနေထိုင်သွားကြစေလိုကြောင်း ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်က ပြောသည်။



မူးယစ်ဆေးဖြတ်ကုသမှုခံယူထားသူများ လက်တွေ့လုပ်ဆောင်ထားသော လူသုံးကုန်ပစ္စည်းများကို ပြသထားစဉ်။

ပြန်လည် ထူထောင်ရေးစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်တိတ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး "သင်တန်းမှာ ကျွန်တော်တို့ရဲ့ စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာတွေကို ပြုပြင်ပေးတဲ့အပြင် မိမိကိုယ်ကို ယုံကြည်မှုရှိရှိ လုပ်ကိုင်စားသောက်တတ်စေဖို့ အသက်မွေးဝမ်းကျောင်း ပညာရပ်တွေနဲ့ မိသားစု၊ ပတ်ဝန်းကျင်က အားကိုးရသူတစ်ယောက်ဖြစ်လာဖို့ သင်တန်းကာလတစ်လျှောက် ပညာရပ်အမျိုးမျိုးကို သင်ကြားပို့ချပေးတဲ့ ဆရာ ဆရာမတွေနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု သင်တန်းသားတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းတွင် ဆပ်ပြာအမျိုးမျိုးနှင့် လူသုံးအလှကုန်ပစ္စည်းများ ပြုလုပ်နည်း၊ အလှလက်ဆွဲခြင်းအမျိုးမျိုး ပြုလုပ်နည်းတို့ကို ဇူလိုင် ၄ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး ကျိုင်းတုံခရိုင်အတွင်းရှိ မူးယစ်ဆေးဖြတ် ကုသမှုခံယူထားသူ ၃၁ ဦး တက်ရောက်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

---

## ရှင်မတောင်တွင် နေထိုင်ကျက်စားသော မျောက်ကောင်ရေ တိုးပွားလာသဖြင့် အစာရေစာလိုအပ်လာ

**ရေစကြို ဩဂုတ် ၅**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ရှိ ရှင်မတောင် တောင်ပေါ်နှင့် ရှင်မတောင် တောင်ခါးပန်းတွင် နေထိုင်ကျက်စားလျက်ရှိသော မျောက်ကောင်ရေမှာ နှစ်စဉ်တိုးပွားလာကာ ရာသီဥတုမမှန်သောကြောင့် မျောက်များအတွက် အစားအစာရှားပါးလာလျက်ရှိသည်။

"အရင်ကတော့ မျောက်တွေက သူတို့ဘာသာ ရှာစားတာ။ အခုနောက်ပိုင်း အကောင်ရေက တိုးလာတယ်။ ရာသီဥတုကလည်း မမှန်တော့ အစာရေစာလည်း သူတို့အတွက် ရှားလာတယ်။ အလှူရှင်တချို့ကလည်း လာကျွေးကြတယ်၊ အလှူရှင် လာမကျွေးတဲ့ရက်ဆိုရင် ဆရာလေး (သီလရှင်) တို့က နေ့လယ်တစ်ကြိမ် ညနေတစ်ကြိမ် ကျွေးရတယ်။ ပြောင်းဖူးစေ့နဲ့ ဆန်ကို ကျွေးရတယ်" ဟု ရှင်မတောင်တောင်ပေါ်၌ နေထိုင်လျက်ရှိသော ဆရာလေးတစ်ပါးက မိန့်ကြားသည်။



အလှူရှင်အချို့က မျောက်များအား အစာလာကျွေးနေသည်ကို တွေ့ရစဉ်။

မျောက်ကောင်ရေမှာ လွန်ခဲ့သော ရှစ်နှစ်ခန့်က အကောင်ရေ ၃၀၀ ခန့်သာ ရှိခဲ့ရာမှ ယခုအခါ ၄၀၀ ကျော်ခန့်ရှိနေပြီဖြစ်ကြောင်း သိရသည်။ အများဆုံးမှာ ရှင်မတောင်ပေါ်ရှိ ဘုရားအနီးတွင် နေထိုင်ကြပြီး တောင်ခါးပန်းနှင့် တောင်ခြေအနီးရှိ ဇရပ်တို့တွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်များအတွင်း ရှင်မတောင်တစ်ဝိုက်တွင် မိုးရွာသွန်းမှုနည်းပါးပြီး ဒေသပေါက် သီးပင်စားပင်များလည်း သီးပွင့်မှုလျော့နည်းခဲ့သဖြင့် ရှင်မတောင်တွင် နေထိုင်ကျက်စားသော တိရစ္ဆာန်များအတွက် အစာရေစာရှားပါးလာလျက်ရှိနေကြောင်း သိရသည်။

ရှင်မတောင်မှ မျောက်များအတွက် အလှူရှင် အချို့က ကုလားပဲဆန်၊ မြေပဲ၊ ပြောင်းဖူးစေ့ စသည်တို့ကို လာရောက်ကျွေးပြီး မြန်မာနိုင်ငံအတွင်း ဒေသအချို့မှ အလှူရှင်များကလည်း ရှင်မတောင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝတောရိုင်း တိရစ္ဆာန်များ ထိန်းသိမ်းရေးအသင်း (ရေစကြို) သို့ ဆက်သွယ်ကာ မျောက်စာ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

---

## သက်ငယ်မုဒိမ်းမဖြစ်ပွားစေရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး

**မင်းတုန်း**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် မီးပေါက်ကျေးရွာဓမ္မာရုံ၌ ဩဂုတ် ၅ ရက်က ကျေးရွာနေပြည်သူများအား မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် အလယ်ချောင်း နယ်မြေရဲစခန်းမှူး ရဲအုပ် မောင်ဝင်းက သက်ငယ်မုဒိမ်းမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်း၊ မိဘ အုပ်ထိန်းသူများ သိရှိလိုက်နာဆောင်ရွက်သင့်သည့် ဆောင်ရန်/ရှောင်ရန်နှင့် ပြစ်မှု ပြစ်ဒဏ်များအကြောင်း၊ လူကုန်ကူးမှုမခံရစေရေးအတွက် သိသင့်သည့် အကြောင်းအရာများအကြောင်း အသိပညာပေးဟောပြောခဲ့ရာ ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူး အပါအဝင် ရွာသူရွာသားများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

**မြောင်းမြ**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပြင်ရွာရဲစခန်းအပိုင် ငှက်ပျောတောကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း ဓမ္မဝိဟာရဓမ္မာရုံ၌ ဩဂုတ် ၁ ရက်က မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းဌေး၊ ပြင်ရွာရဲကင်းစခန်းမှူး ဒုရဲအုပ် မြတ်ကိုကိုတို့က ရဲတပ်ဖွဲ့၏ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အကြောင်းနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုအကြောင်းနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက ကြိုတင်စီမံဆောင်ရွက်ထားရှိရေးတို့ကို ကျေးရွာပြည်သူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့နှင့် စည်ပင်သန့်ရှင်းရေးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၅ ရက်က အုံကြီးအနောက်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) အလက(၃)၌ မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ငြိမ်းအောင်က မီးဘေးကြိုတင်ကာကွယ်စေရေး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း နယ်ထိန်းအရာရှိ ရဲအုပ် အောင်ကျော်က သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းများ လျော့နည်းပပျောက်စေရေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာများ၊ မြို့နယ်စည်ပင်သာယာသန့်ရှင်းရေး တာဝန်ခံရုံးမှ တာဝန်ခံ ဦးဇာနည်ထွန်းက စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အကြောင်းအရာများ၊ အမှတ် (၅၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ကြပ် ထက်အောင်ခိုင်က ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများကို ဟောပြောခဲ့ကြသည်။

**နိုင်လင်းကျော်(ဒလ)**

---

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်း ဖွင့်လှစ်

**လေရှီး ဩဂုတ် ၅**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်၌ အသက် ငါးနှစ်အောက် ကလေးများ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ မူလတန်းကျောင်းများသို့ မဝင်ရောက်မီ အသက် သုံးနှစ်မှ ငါးနှစ်အတွင်း ကလေးသူငယ်များကို ကြိုတင်ပြုစုပျိုးထောင်နိုင်ရန် ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်သည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(အခပေး) ECCD သင်တန်းကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းကာလကို ဩဂုတ် ၅ ရက်မှ ၂၅ ရက်အထိ လေရှီးမြို့နယ်အတွင်းမှ သင်တန်းသား သင်တန်းသူ ၅၀ ကျော် တက်ရောက်ကာ သင်တန်းကြေးမှာ တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းခွဲပေးသွင်းရမည်ဖြစ်ပြီး စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စနေမောင်(ခန္တီး)**

---

## ဆရာဝန်အသင်း သင်တန်းပို့ချမည်

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံဆရာဝန်အသင်း၊ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်မှ အထွေထွေရောဂါကုဆရာဝန်များအတွက် သင်တန်းကို ဩဂုတ် ၁၇ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ စနေ/တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။

သင်တန်းတွင် ပါဝင်ကူညီမည့် ဆေးကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးလိုပါသဖြင့် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (ဘီ) သို့ ကြွရောက်ကြပါရန်နှင့် သင်တန်းတက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း တက်ရောက်မည့်သူကိုယ်တိုင် အသင်းဝင်ကဒ်၊ လိုင်စင်ဓာတ်ပုံ (၃)ပုံဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဗထူး**

---

## လယ်ဝေးမြို့နယ်၌ ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

**လယ်ဝေး ဩဂုတ် ၅**

လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် Four Pows International တို့ပူးပေါင်း၍ အဖွဲ့ ၅ ဖွဲ့ခွဲကာ အင်အား ၃၅ ဦးဖြင့် ဇူလိုင် ၂၃ ရက်မှ စက်တင်ဘာ ၅ ရက်အထိ အခမဲ့ထိုးနှံပေးလျက်ရှိသည်။



ခွေးရူးပြန်ရောဂါသည် ရောဂါလက္ခဏာဖြစ်သည်နှင့်တစ်ပြိုင်နက် သေစေနိုင်သော ရောဂါဖြစ်ပြီး ခွေးရူးပြန်ခြင်းကို ကာကွယ်ဆေးထိုးခြင်းဖြင့် ၁၀၀ ရာခိုင်နှုန်း ကာကွယ်နိုင်ကြောင်းနှင့် ခွေးမှလူသို့ ကူးစက်ခြင်းကို ကာကွယ်တားဆီး နိုင်မည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မကွေးမြို့ပေါ်ရှိ ဈေးကြီးသုံးဈေး၌ ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေး အသိပညာပေး

**မကွေး ဩဂုတ် ၅**
မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ ကြွပ်ကြွပ်အိတ် သုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးအသုံးပြုရေး ညွှန်ကြားချက်နှင့်အညီ တစ်ပတ်လျှင်တစ်ရက် ကြွပ်ကြွပ်အိတ်မသုံးသော Sunday Stop လှုပ်ရှားမှုကို မကွေးမြို့၌ အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၄ ရက်က မကွေးမြို့ပေါ်ရှိ ဈေးကြီး သုံးဈေး၌ ဌာနပေါင်းစုံ ပူးပေါင်းပါဝင်သော အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီတစ်ပတ် တနင်္ဂနွေနေ့မှာ ဌာနတွေရဲ့ပူးပေါင်းပါဝင်ဆောင်ရွက်မှုက ပိုမို များပြားလာပါတယ်၊ ဒါ့ကြောင့် မကွေးမြို့ရဲ့ ဈေးကြီးတွေဖြစ်တဲ့ မြို့မဈေး၊ ကန်သာဈေးနဲ့ ရန်ပယ်ဈေးစတဲ့ ဈေးကြီး သုံးဈေးမှာ ကြွပ်ကြွပ်အိတ်သုံးစွဲမှု လျှော့ချရေးနဲ့ အစားထိုးအသုံးပြုရေးကို အသိပညာပေး ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ပယ်ဈေးကော်မတီ ဥက္ကဋ္ဌ ဦးအေးကိုကလည်း "၁၉၅၁ ခုနှစ် ရှေ့ပိုင်းတုန်းကတော့ မြန်မာနိုင်ငံမှာ အင်ဖက်တို့၊ ငှက်ပျောဖက်တို့လို သစ်တောထွက်ပစ္စည်းတွေနဲ့ အဆင်ပြေအောင် သုံးစွဲကြတယ်၊ အင်ဖက်နဲ့ ငှက်ပျောဖက်က ဆွေးလွယ်တယ်လေ၊ မြေသြဇာလည်း ဖြစ်တယ်၊ ပလတ်စတစ်ဆိုတာကတော့ နှစ်ပေါင်းများစွာ ရာချီပြီးတော့ မပျက်စီးဘဲ ကမ္ဘာမြေကို ပျက်စီးစေတယ်၊ မြေသားထဲမှာရှိတဲ့ သယံဇာတတွေ၊ မြေဆီလွှာတွေကို ထိခိုက်စေတယ်၊ အဲဒီရဲ့ နောက်ဆက်တွဲက သတ္တဝါတွေပေ့ါ၊ လူနဲ့ တိရစ္ဆာန်တွေရဲ့သက်တမ်းတွေ မတိုသင့်ဘဲ တိုရတယ်၊ ဒါကို ပြည်သူတွေက ထဲထဲဝင်ဝင်သိရှိပြီး နားလည်သဘောပေါက်ပြီး ဒီပလတ်စတစ်သုံးစွဲမှုကို လျှော့ချမယ်၊ ပယ်ဖျက်မယ်၊ စွန့်ပစ်တာကအစ စနစ်တကျ စွန့်ပစ်မယ်ဆိုရင် ပြန်ပြီးတော့ အရင်ကလိုသက်တမ်းရှည်ရှည်နေရမယ်၊ သီးပင်စားပင်တွေ၊ စိုက်ပျိုးပင်တွေ ဖြစ်ထွန်းမယ်"ဟု ဈေးသည်များအား အသိပညာပေး ပြောကြားသည်။


ဈေးသည်များ အစားထိုးသုံးရန် စက္ကူအိတ်များ ဖြန့်ဝေပေးနေသော ဌာနဆိုင်ရာဝန်ထမ်းများ

မကွေးတိုင်းဒေသကြီးအတွင်း အပတ်စဉ် တနင်္ဂနွေနေ့တိုင်းကို ဈေးများတွင် ကြွပ်ကြွပ်အိတ်မသုံးရဟု သတ်မှတ်ထားရှိပြီး ကြွပ်ကြွပ်အိတ်အသုံးပြုခြင်း၏ ဆိုးကျိုးများကို အသိပညာပေး ဟောပြောခြင်း၊ ကြွပ်ကြွပ်အိတ်အစားထိုး အသုံးပြုရန် စက္ကူအိတ်နှင့် အင်ဖက်၊ ငှက်ပျောဖက်များ ဖြန့်ဝေပေးခြင်း၊ ဈေးရောင်းဈေးဝယ်သူများအား ကြွပ်ကြွပ်အိတ်သုံးစွဲမှု လျှော့ချရေးနှင့် အစားထိုးအသုံးပြုရေး ညွှန်ကြားချက် ပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းတို့ကို Sunday Stop လှုပ်ရှားမှုအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး (ငဖဲ)**

# ပန်ဆိုင်းမြို့ စာသင်ကျောင်းများ၌ သန့်ရှင်းရေးဆိုင်ရာ နယ်လှည့်ကွင်းဆင်းအသိပညာပေးမှုများ ဆောင်ရွက်

**ပန်ဆိုင်း ဩဂုတ် ၅**
မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့တွင် ရပ်ကွက်၊ အိမ်၊ လမ်းနှင့် ကျောင်းများ သန့်ရှင်းရေးနှင့်ပတ်သက်၍ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကျောင်းများသို့ ကွင်းဆင်းပြီး အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၅ ရက်က ပန်ဆိုင်းမြို့အမကကျောင်း၌ အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် ပန်ဆိုင်းမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သန်းမိုးခိုင်က ကျောင်းသား ကျောင်းသူလေးများအား အမှိုက်များကို လမ်းဘေး အမှိုက်ပုံးများနှင့် ကျောင်းအမှိုက်ကျင်းများထဲတွင် စနစ်တကျစွန့်ပစ်ကြရန်၊ လက်ကို စင်ကြယ်အောင်ဆေးကြောပြီး သန့်ရှင်းသပ်ရပ်စွာ နေထိုင်သွားလာရန်၊ ညအိပ်ရာဝင်ချိန်တွင် ခြင်ထောင်များထောင်၍ အိပ်စက်ကြရန်၊ ခြင်ဆေးခွေများကို စနစ်တကျ အသုံးပြုရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကို ရွေးချယ်စားသုံးရန် စသည်တို့ကို ဟောပြောခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်တီဒိုင်စိုင်းက ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုဟောပြောပွဲမှ ဗဟုသုတများကို မိဘများအား တစ်ဆင့် ပြန်ပြောပြရန် မှာကြားသည်။ ထို့နောက် လူကုန်ကူးမှုဆိုင်ရာနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး နံရံကပ်ပိုစတာများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသခဲ့ပြီး ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**


ပညာပေးပိုစတာများကို ကြည့်ရှုနေသော ကျောင်းသားလေးများကို တွေ့ရစဉ်။

# တက္ကသိုလ်ပေါင်းစုံ အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲ မိတ္ထီလာမြို့နယ်၌ ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၅**
တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၄ ရက်က မိတ္ထီလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။



အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေသော ကျောင်းသားများ

ပြိုင်ပွဲကျင်းပရေးအဖွဲ့ဝင် မိတ္ထီလာနည်းပညာတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသား မောင်အာကာမင်းမြတ်က လူငယ်အချင်းအချင်း ရင်းနှီးချစ်ခင်မှု ရရှိသည့်အပြင် တစ်ဦးနှင့်တစ်ဦး နည်းပညာများနှင့် ကျောင်းများ၏ သဘာဝအခြေအနေများကို ဖလှယ်နိုင်ရန်နှင့် ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စကားပြောစွမ်းရည် ပိုမိုတိုးတက်လာစေရန် တက္ကသိုလ်ပေါင်းစုံပါဝင်သည့် အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ မိတ္ထီလာမြို့နယ်ရှိ တက္ကသိုလ် ငါးခုမှ လူငယ်များ စုပေါင်း၍ တက္ကသိုလ်ပေါင်းစုံ အင်္ဂလိပ်စကားပြော စွမ်းရည်ပြိုင်ပွဲကို ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် ငါးနှစ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ တက္ကသိုလ်ပေါင်းစုံ အင်္ဂလိပ်စကားပြော စွမ်းရည်ပြိုင်ပွဲတွင် မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေး တက္ကသိုလ်၊ မိတ္ထီလာနည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသတက္ကသိုလ်၊ မိတ္ထီလာ ကွန်ပျူတာတက္ကသိုလ်၊ လားရှိုးနည်းပညာတက္ကသိုလ်၊ ရမည်းသင်း နည်းပညာတက္ကသိုလ်၊ ကျောက်ဆည်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြား ဘာသာတက္ကသိုလ်၊ မကွေး နည်းပညာတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တွံတေးမြို့နယ်၌ ဌာနဆိုင်ရာများပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြော

**တွံတေး ဩဂုတ် ၅**
ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရရှိစေရန် အတွက် မြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ ပူးပေါင်းပြီး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးသက်ဦး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဦး၊ ပျော်ဘွယ်လေးတိုက်နယ် ကျန်းမာရေးမှူး ဒေါ်အေးဝင်းနိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ အတွင်းရေးမှူး ဒေါ်သန်းသန်းအေးတို့က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း၊ လူကုန်ကူးခံရမှုဖြစ်ပွားပုံများ၊ လူကုန်ကူးခံရခြင်းကြောင့် ရရှိသော ဆိုးကျိုးများနှင့် လူကုန်ကူးမှု အမျိုးအစားများအကြောင်း၊ ရာသီတုပ်ကွေးရောဂါအကြောင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လက်ဆေးနည်းများအကြောင်း စသည်တို့ကို ဟောပြောကြပြီး ပျော်ဘွယ်လေးတိုက်နယ် ကျန်းမာရေးမှူးက ကျောင်းသား ကျောင်းသူများအား စနစ်တကျ လက်ဆေးနည်းကို သင်ကြားပြသခဲ့သည်။ အဆိုပါဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၁၀၅ ဦးတက်ရောက်ခဲ့ပြီး ဟောပြောပွဲအပြီးတွင် မြို့နယ် ပြန်/ဆက် ဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က အသိပညာပေး နံရံကပ်စာစောင်နှင့် ပိုစတာများကို ခင်းကျင်းပြသခဲ့သည်။

**မျိုးလှိုင်(တွံတေး)**

# ဝက်လက်မြို့နယ်မှ တောင်သူများအတွက် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးပေး

**ဝက်လက် ဩဂုတ် ၅**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ တောင်သူများ စိုက်ပျိုးရေးကုန်ကျစရိတ် သက်သာစေရန်၊ လုပ်သားရှားပါးမှုပြဿနာ ကင်းဝေးစေရန်နှင့် အချိန်မီ စိုက်ပျိုးနိုင်ရန် ရည်ရွယ်ကာ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို ဝက်လက်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၄ ရက်က ဘိုတဲကျေးရွာမှ တောင်သူများအတွက် စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးငွေဇော်စိုး၏ ကြီးကြပ်မှုဖြင့် ဝက်လက်မြေ လယ်ယာဝန်ဆောင်မှုအသင်းနှင့် ပူးပေါင်းကာ ဒေသခံတောင်သူများ၏ မိုးစပါး ၃၃ ဧကကို စိုက်ပျိုးပေးခဲ့ခြင်းဖြစ်သည်။ ဝက်လက်မြို့နယ်အတွင်း ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို ပထမဦးဆုံးအကြိမ်အဖြစ် ဘင်တဲကုန်းကျေးရွာ၌ ခုနှစ် ဧက စိုက်ပျိုးပေးခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် ဘိုတဲကျေးရွာ၌ ၃၃ ဧက စိုက်ပျိုးပေးခြင်းဖြစ်ကာ တစ်မြို့နယ်လုံးအနေဖြင့် ဧက ၄၀၀ စိုက်ပျိုးပေးရန် လျာထားကြောင်း မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။


ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးပေးနေစဉ်။

**ဥမ္မာဝင်း(ဝက်လက်)**

# မင်းဘူးမြို့နယ်၌ ကျန်းမာရေးဆိုင်ရာနှင့် မူခင်းကျဆင်းရေးဆိုင်ရာများ ပညာပေးဟောပြော

**မင်းဘူး ဩဂုတ် ၅**
မင်းဘူး(စကု)မြို့နယ် ကြီးပင်ကန်ကျေးရွာမှ ပြည်သူများ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများနှင့် မှုခင်းနှင့်ပတ်သက်သည့် ဆောင်ရန် ရှောင်ရန်များကို သိရှိနိုင်စေရန် ရည်ရွယ်၍ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဌာနဆိုင်ရာများ ပူးပေါင်းပြီး ဩဂုတ် ၄ ရက်က ကျေးရွာဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မင်းဘူး(စကု)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေနွယ်က အမှာစကားပြောကြားပြီး စကုနယ်မြေရဲစခန်းမှူး ရဲအုပ် သိန်းဟန်မိုးက လူကုန်ကူးမှုဖြစ်ပွားရခြင်း အကြောင်းရင်းများ၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သိကောင်းစရာများနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအတွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးသန်းက ကြွပ်ကြွပ်အိတ်သုံးစွဲခြင်း၏ ဆိုးကျိုးများနှင့် ကြွပ်ကြွပ်အိတ်လျှော့ချရေးအတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မင်းဘူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်သီသီဦးက ရာသီတုပ်ကွေးရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရမည့် အချက်များကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။ ဟောပြောပွဲသို့ အလက(ခွဲ)ကြီးပင်ကန်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကြီးပင်ကန်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။

**မျိုးမြတ်(မင်းဘူး)**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **ဇီဝဗေဒ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းခန်းမ။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။

(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။

(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။

(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံကျောင်း။

(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။

(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**



ဘားအံမြို့ အမှတ်(၄)ရပ်ကွက်၌ မိုးသည်းထန် လေပြင်းတိုက်မှုကြောင့် ဓာတ်တိုင်များ လဲပြိုနေသည်ကို တွေ့ရစဉ်။

# မိုးအဆက်မပြတ်ရွာသွန်းပြီး လေပြင်းတိုက်မှုကြောင့် ဘားအံမြို့ အနိမ့်ပိုင်းရပ်ကွက်အချို့ ရေဝင်၊ ဓာတ်တိုင်နှင့် သစ်ပင်များပြိုလဲ

**ဘားအံ ဩဂုတ် ၅**

ကရင်ပြည်နယ် ဘားအံမြို့တွင် မိုးအဆက်မပြတ်ရွာမှုကြောင့် ဩဂုတ် ၅ ရက် နံနက်ပိုင်းကစတင်၍ သံလွင်မြစ်ရေတိုးလာသဖြင့် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ကာ ဘားအံမြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်များတွင် ရေများစတင်ဝင်လျက်ရှိကြောင်း သိရသည်။

ဘားအံမြို့တွင် ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် စိုးရိမ်ရေအမှတ် ၇၅၀ စင်တီမီတာအထက်သို့ ကျော်လွန်ကာ ၇၆၀ စင်တီမီတာသို့ ရောက်ရှိနေသည့်အတွက် ဘားအံမြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော အမှတ်(၁) ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ် (၅)ရပ်ကွက်များရှိ အနိမ့်ပိုင်းနေရာများတွင် မြစ်ရေနှင့် မိုးရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၄ ▲

# မြန်မာ့လက်ရွေးစင်အသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲ အိမ်ကွင်းလက်ခံကျင်းပမည့်ကွင်းများ ထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၅**

မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲတွင် အိမ်ကွင်းလက်ခံကျင်းပမည့် ကွင်းများ အတည်ပြုထုတ်ပြန်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု(စ)၌ အာရှထိပ်သီး ဂျပန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ မွန်ဂိုလီးယားတို့နှင့် ကျရောက်နေပြီး အိမ်ကွင်းလေးပွဲ၊ အဝေးကွင်းလေးပွဲ ကစားရမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အိမ်ကွင်း လေးပွဲအနက် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ နှစ်ပွဲ၊ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ နှစ်ပွဲ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း၏ အိမ်ကွင်း လေးပွဲအနက် စက်တင်ဘာ ၁၀ ရက်တွင် ကစားမည့် ဂျပန်အသင်းနှင့်ပွဲ၊ ၂၀၂၀ ပြည့်နှစ် မတ် ၃၁ ရက်တွင် ကစားမည့် ကာဂျစ္စတန်အသင်းနှင့် ပွဲတို့ကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ နိုဝင်ဘာ ၁၄ ရက်တွင် ကစားမည့် တာဂျစ်ကစ္စတန်အသင်းနှင့်ပွဲ၊ နိုဝင်ဘာ ၁၉ ရက်တွင် ကစားမည့် မွန်ဂိုလီးယားအသင်းနှင့်ပွဲတို့ကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည်

စာမျက်နှာ ၁၂ ကော်လံ ၄ ✪



မန္တလာသီရိကွင်း၌ မြန်မာနှင့် အင်ဒိုနီးရှားအသင်း ခြေစမ်းပွဲ ကစားစဉ်။ ဓာတ်ပုံ-စိုးညွန့်

# သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၅**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ စင်တီမီတာ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ဝေါန်မြစ်ရေ သာပေါင်းမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၅**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ စင်တီမီတာတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# တရုတ်-အာဆီယံ ယူ-၁၂ ပြိုင်ပွဲ မြန်မာအသင်း ဆီမီးဖိုင်နယ်တက်

**ရန်ကုန် ဩဂုတ် ၅**

တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၉ တရုတ်-အာဆီယံ ယူ-၁၂ ဖိတ်ခေါ်ပြိုင်ပွဲ Soong Ching Ling Cup 2019 အုပ်စုနောက်ဆုံးနေ့ကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းက တရုတ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၂ အသင်း ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

မြန်မာ ယူ-၁၂ အသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၂ အသင်းသည် အုပ်စုပွဲများတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ခုနစ်မှတ်ဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၂ အသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု (ခ) ၌ ပါဝင်ခဲ့ပြီး ကမ္ဘောဒီးယားအသင်းကို သုံးဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဗီယက်နမ်အသင်းနှင့် သုံးဂိုးစီသရေကျကာ၊ ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၂ အသင်းသည် ဆီမီးဖိုင်နယ်ပွဲအဖြစ် အိမ်ရှင်တရုတ်အသင်းနှင့် တွေ့ဆုံနေပြီး ဩဂုတ် ၆ ရက် **(ယနေ့)** မြန်မာစံတော်ချိန် နံနက် ၈ နာရီတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းနေ့ နံနက်ပိုင်းတွင် ဆီမီးဖိုင်နယ်၊ ညနေပိုင်းတွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲတို့ ကျင်းပမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

## ရသေ့တောင်မြို့နယ် ခြေရာတော်ကျေးရွာအနီး၌ AA အဖွဲ့၏ လေ့ကျင့်ရေးစခန်းတစ်ခု သိမ်းဆည်းရမိ

စာမျက်နှာ » ၁၃

## အမေရိကန်ပြည်ထောင်စု ချီကာဂို၌ သေနတ်ပစ်ခတ်မှု နှစ်ခုဖြစ်ပွား ကိုးဦးဒဏ်ရာရ

စာမျက်နှာ » ၁၄

## ကက်ရှ်မီးယားဒေသ အရှုပ်တော်ပုံ

စာမျက်နှာ » ၁၅

စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော် ရန်ကုန်-ဗုဒ္ဓဂယာ တိုက်ရိုက် အမှန်အကန် စရိတ်ငြိမ်း ခရီးစဉ်များ
၈ ရက် ဒေါ်လာ ၆၂၅
၁၀ ရက် ဒေါ်လာ ၆၇၅
၁၂ ရက် စရံ (၂) + သိန်း ဒေါ်လာ ၇၂၅
၁၅ ရက် ဒေါ်လာ ၇၇၅
၁၅ ရက် (ကိုလ်ကတ္တားပါ) ဒေါ်လာ ၈၂၅
ယခင်နှစ်အတိုင်း ဈေးနှုန်းမတက်ဘဲ နီပေါနိုင်ငံရှိ ဘုရားရှင်၏ ခါတ်တော်များ ကိန်းဝပ်တော်မူရာ ရာမဂါမ်စေတီ ကုန်းတော်ရာ နှင့် ရောဟီဏီမြစ် စသည့်ဘုရားဌာနများအား ထပ်မံပို့ဆောင်ပေးပါမည်။ ဝါရင့်ဝန်ထမ်းများနှင့်အတူ ဝန်ဆောင်မှုများထပ်မံတိုး၍ ထားပါသည်။ သီတင်းကျွတ်/တန်ဆောင်တိုင်များအတွက် ကြိုတင်နေရာယူနိုင်ပါပြီ။
ရက်တို၊ ဟိုတယ် နှင့် သီးသန့်ခရီးစဉ်များ စီစဉ်ပေးပါသည်။ စရံငွေချေ/ဦးရာလူစနစ်
ရန်ကုန်-ဂယာ-ရန်ကုန် လေယာဉ်လက်မှတ်များလည်း ဝယ်ယူရရှိနိုင်ပါသည်။
ရုံးချုပ် - ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃
ရုံးခွဲ - အမှတ်(၁၁၀)၊ မြေညီထပ်၊ (၃၉)လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။ ၀၁-၂၄၀၀၄၇၊ ၀၉-၅၃၂၁၀၀၂ ရန်ကုန်မြို့တွင်း Home Service
Website : www.khinnandartravel.com Facebook Page - ခင်နန္ဒာ ဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ Email : khinandartravels@gmail.com